# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၀၇)


# ယခုနှစ် မိုးသည်းထန်စွာရွာသွန်းသော်လည်း မော်လမြိုင်ခရိုင်နှင့် မြို့နယ်များအတွင်းရှိ ရေလှောင်တမံများ၊ ကန်များ စိုးရိမ်ဖွယ်မရှိ



ရွှေနတ်တောင် ရေလှောင်တမံအတွင်း ရေများဝင်ရောက်နေမှုကို တွေ့ရစဉ်။

**မော်လမြိုင် ဩဂုတ် ၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ်နှင့် မုဒုံမြို့နယ်များအတွင်း ယခုနှစ် မိုးရေချိန်မှာ ၁၁၀ ဒသမ ၀၀ လက်မကျော်အထိ မိုးရေချိန်များပြားစွာ ရွာသွန်းခဲ့ပြီး ခရိုင်အတွင်းရှိ ရေလှောင်တမံများ၊ ကန်များသို့ ရေဝင်ရောက်မှုရှိခဲ့သော်လည်း ရေလှောင်တမံနှင့် ကန်များအားလုံး ကြံ့ခိုင်မှုကောင်းမွန်ခြင်းတို့ကြောင့် စိုးရိမ်စရာမရှိကြောင်း သိရသည်။

မော်လမြိုင်ခရိုင်အတွင်းရှိ ရေလှောင်တမံ သုံးခုဖြစ်သည့် ရွှေနတ်တောင် ရေလှောင်တမံ၊ အဇင်းရေလှောင်တမံ၊ ဝင်းဖနုံရေလှောင်တမံတို့တွင် ရေဝင်ရောက်မှုများပြားသော်လည်း ရေပြည့်မှတ်သို့မရောက်ရှိသေးကြောင်းနှင့် ဩဂုတ် ၂ ရက် နံနက်ပိုင်း ရေမှတ်များအရ မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ရေလှောင်တမံအတွင်း ရေပြည့်မှတ်ရောက်ရန် ၀ ဒသမ ၃၀ ပေ လိုသေးကြောင်း၊ မုဒုံမြို့ရှိအဇင်းရေလှောင်တမံတွင် ရေပြည့်မှတ်ရောက်ရန် ၃ ဒသမ ၈၀ ပေ၊ ဝင်းဖနုံရေလှောင်တမံတွင် ရေပြည့်မှတ်ရောက်ရန် ၁၆ ဒသမ ၂၀ ပေ လိုသေးကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❑



## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေကျင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

စာမျက်နှာ » ၃

## ကျေးလက်ပြည်သူ ဝင်ငွေတိုးစေမည့် ပေတောကျေးရွာရှိ ခေတ်မီဥစား ကြက်ခြံစီမံကိန်း

စာမျက်နှာ » ၈

## မြောက်ကိုရီးယား နျူကလီးယား အစီအစဉ်နှင့် ဆက်နွှယ်သူများကို အမေရိကန်အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်

စာမျက်နှာ » ၁၄

# စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသွားပြပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၄

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)က ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသွားပြပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Melia Hotel တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။**

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက အသီးသီးအမှာစကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသွားပြပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**ပြခန်းပေါင်း ၈၀ ခန့်ပြသ**

အဆိုပါပြပွဲတွင် Outbound လိုင်စင်ရခရီးသွားကုမ္ပဏီများ၊ ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ပြည်ပဆေးရုံများ၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ကုမ္ပဏီများ၊ ဘဏ်များ၊ Telecom များနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက အမှာစကားများအသီးသီးပြောကြားပြီး အခမ်းအနားတွင် ပြခန်းပေါင်း ၈၀ ခန့်ဖြင့် ပြသခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၃* ❍



မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသွားပြပွဲတွင် ပြခန်းများ ခင်းကျင်းပြသထားစဉ်။





ကမ္ဘာကျော်ဆေးကုမ္ပဏီ Roche မှ ထုတ်လုပ်သော
အရည်အသွေးမြင့်သွေးချိုတိုင်းစက်
Accu-Chek Performa နှင့် Accu-Chek Active အား
AA Medical Products Ltd. မှ
တင်သွင်းဖြန့်ချိနေပြီဖြစ်ပါသည်။
Customer Hotline:
01-9000674 (Ext: 100-400)
Roche
ACCU-CHEK

မြန်မာ့အလင်း

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၁၈) အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ ၎င်းကော်မတီကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နှစ်စဉ် ပုံမှန်အစည်းအဝေး ကျင်းပခဲ့ရာ ယခု လေးကြိမ်မြောက်ဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျင်းပကြောင်း သိရသည်။ ၎င်းအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကမ္ဘာလှည့်ခရီးသည်များကို မိမိနိုင်ငံအတွက် ဆွဲဆောင်ချင်ရင် ကိုယ့်ကိုယ်ကိုယ် အိမ်ရှင်အနေနဲ့ စဉ်းစားရန်လိုကြောင်း၊ သက်သက်စီးပွားရေးလုပ်ဖို့ဆိုတဲ့ စိတ်ဓာတ်နှင့်ဆိုလျှင်တော့ အောင်မြင်ချင်သလို အောင်မြင်မည်မဟုတ်ဟု ထင်ကြောင်း၊ အိမ်ရှင်သည် ပထမဦးဆုံး ဧည့်သည်များရဲ့ လိုအပ်ချက်ကို စဉ်းစားရမှာဖြစ်ကြောင်း" ပြောကြားခဲ့သည်။ မီးခိုးမထွက်သောစက်ရုံဟု တင်စားခေါ်ဝေါ်သော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာ မြန်မာသာမက တစ်ကမ္ဘာလုံးမှာပင် အရေးကြီးသော လုပ်ငန်းတစ်ရပ် ဖြစ်နေပါသည်။ ပြီးခဲ့သောနှစ်များအတွင်း တရုတ်နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည် သန်း ၆၀ ခန့်ဝင်ရောက်ခဲ့ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည် ၃၅ ဒသမ ၃ သန်း လာရောက်ခဲ့သည်ကို တွေ့ရသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ရရှိငွေတွင် တရုတ်နိုင်ငံသည် GDP ၏ ကိုးရာခိုင်နှုန်းရှိပြီး ထိုင်းနိုင်ငံက GDP ၏ ၁၂ ရာခိုင်နှုန်းခန့်ရှိနေသည်။

ယခုကမ္ဘာ့စီးပွားရေးမှာ အတက်ဘက်တွင် ရှိနေသည့်အတွက် လာမည့်ကာလအတွင်း ခရီးသွားလုပ်ငန်း တိုးတက်ကောင်းမွန်မည့် အလားအလာ ရှိနေပါသည်။ ကမ္ဘာ့ခရီးသွားအဖွဲ့ချုပ်၏ ခန့်မှန်းမှုအရ ၂၀၂၀ ပြည့်တွင် တစ်ကမ္ဘာလုံးခရီးသွားသူပေါင်း ၁ ဒသမ ၆ ဘီလီယံခန့် ရှိမည်ဖြစ်ပြီး ၎င်းတို့အနက် အရှေ့တောင်အာရှနိုင်ငံများသို့ ၁၂၃ သန်းခန့် လာရောက်မည်ဟု ခန့်မှန်းကြောင်း သိရသည်။ မြန်မာနိုင်ငံအဖို့ဆိုလျှင် ထိုခရီးသွားများမှ အစိတ်အပိုင်းကလေးတစ်ခုကို ဆွဲဆောင်နိုင်လျှင်ပင် အကျိုးရှိမည် ဖြစ်သည်။ ၎င်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ မိန့်ခွန်းပါ အချက်အလက်အရ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသည် ၃ ဒသမ ၄၄ သန်း လာရောက်ခဲ့သည်။ ၎င်းစာရင်းမှာ ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၈ ရာခိုင်နှုန်းမျှ တိုးတက်လာခြင်းဖြစ်ရာ မြန်မာ့ခရီးသွားလုပ်ငန်း ထင်သလောက်မဆိုးဟုလည်း ဆိုနိုင်ပါသည်။

ထိုင်းနိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသွားအများဆုံး ၁၀ နိုင်ငံတွင် အာရှနိုင်ငံများက အများစုဖြစ်သည်ကို တွေ့ရသည်။ အများဆုံးမှာ တရုတ်၊ ထိုင်ဝမ်၊ ဟောင်ကောင်နှင့် ဂျပန်တို့မှ ဖြစ်သည်။ တရုတ်နိုင်ငံမှ ၉ ဒသမ ၈ သန်း လာရောက်ခဲ့ရာ ၎င်းတို့သည် အနားယူအပန်းဖြေခြင်း၊ စားသောက်ဆိုင်များတွင် စားသောက်ခြင်း၊ အထူးသဖြင့် ခရီးသွား ၈၀ ရာခိုင်နှုန်းလောက်သည် ဈေးသက်သာပြီး သန့်ရှင်းသပ်ရပ်သော လမ်းဘေးဆိုင်များတွင် စားသောက်ခြင်း၊ အခွန်လွတ်ဆိုင်များ၊ ကုန်တိုက်များတွင် ဈေးဝယ်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေမှုများ ကြည့်ရှုကြခြင်း စသည်တို့အတွက် အားသန်ကြသည်ကို တွေ့ရသည်။

ယခုမြန်မာ့ခရီးသွားလာရေး အဆင်ပြေစေရန်အတွက် ဂျပန်၊ ကိုရီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ခရီးသွားဧည့်သည်များအတွက် ဗီဇာဖြေလျှော့ပေးသည့် အစီအစဉ်များ ဆောင်ရွက်နေခြင်း၊ ဧည့်သည်များ တည်းခိုရာတွင် ဝန်ဆောင်မှုကောင်းမွန်ရန်၊ ဟိုတယ်အခန်းခများ သင့်တင့်မျှတရန်၊ ပေးရသည့်ငွေကြေးနှင့် ရသည့်ဝန်ဆောင်မှု ထိုက်တန်ရန်၊ စားသောက်ဆိုင်များ သန့်ရှင်းကောင်းမွန်ရန်၊ ရောင်းချသည့် အစားအစာများ ကျန်းမာရေးနှင့် ညီညွတ်ရန်၊ ခရီးသွားဧည့်သည်များကို အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းကူညီရန်လိုကြောင်း ဒုတိယသမ္မတက မှာကြားပါသည်။

မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းများ၊ ရေခဲဖုံးတောင်တန်းများ၊ အဖိုးတန် သယံဇာတများ၊ သာယာလှပသော မြစ်ချောင်းများနှင့် ကြွယ်ဝသော ယဉ်ကျေးမှုများရှိသည့်အတွက် ခရီးသွားလုပ်ငန်းသာမက ဘက်စုံတွင် အလားအလာကောင်းများ ရှိနေသည်ဖြစ်ရာ အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အမြန်ဆုံးဦးမော့လာမည်ဖြစ်ကြောင်း တင်ပြရပါသည်။ ။

## အင်းလေးဒေသ ဆေးလိပ်ငွေ့ကင်းစင်ရေး မီနီမာရသွန်ပြိုင်ပွဲ ပြုလုပ်မည်

**ညောင်ရွှေ ဩဂုတ် ၄**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဆေးလိပ်ငွေ့ကင်းစင်ရေး လှုပ်ရှားမှုအဖြစ် မီနီမာရသွန်ပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပြုလုပ်သည့် မီနီမာရသွန်ပြိုင်ပွဲဖြစ်မြောက်ရေး အစည်းအဝေး၌ သိရသည်။ အဆိုပါပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့
ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( သာယာဝတီမြို့ )
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၄/၅)ရက် စနေ၊ တနင်္ဂနွေ နေ့များတွင် နံနက်(၉)နာရီ မှ ညနေ(၅)နာရီ အထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အ.ထ.က (၁) ၊ သာယာဝတီမြို့

# လူတန်းစားမရွေး လက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်ခြင်းဖြင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှု ရရှိစေနိုင်မည်

နေပြည်တော် ဩဂုတ် ၄

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs. Tone Tinnes ဦးဆောင်သော UNOPS အဖွဲ့အပါအဝင် စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးအတွက် ရေရှည်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့အား ယမန်နေ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။** (အောက်ပုံ)

### အားလုံးလက်လှမ်းမီကျန်းမာရေး

ထိုသို့တွေ့ဆုံစဉ် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးအတွက် ရေရှည်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ မြေပြင်ကွင်းဆင်း၍ လေ့လာသုံးသပ်ပြီး ကျွမ်းကျင်ပညာရှင်များက ရေးဆွဲထားသော စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ရေး ရေရှည်စီမံကိန်းနှင့် ပတ်သက်သည့် အချက် အလက်များကို UNOPS အဖွဲ့မှ အခြေခံအဆောက်အအုံအင်ဂျင်နီယာ ဦးကျော်ဝင်းမော်က တင်ပြရာတွင် စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးကို အဆင့်မြှင့်တင်ခြင်းမှတစ်ဆင့် တန်းတူညီမျှမှုရှိသော၊ လူတန်းစားမရွေး အားလုံးလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်ခြင်းဖြင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှု ရရှိစေနိုင်မည်ဖြစ်ကြောင်း။

### လုံခြုံဘေးကင်းရေရှည်တည်တံ့ရန်

ဆေးရုံကြီးအတွက် ရေရှည်စီမံကိန်းကို ဆေးရုံကြီး၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများကို ထိခိုက်ခြင်းမရှိစေရန်၊ သဘာဝဘေးအန္တရာယ်များဒဏ်ကို ခံနိုင်ရည်ရှိ၍ လုံခြုံဘေးကင်းပြီး ရေရှည်တည်တံ့စေရန်၊ ပြည်သူလူထုအတွက် ကျန်းမာရေးဝန်ဆောင်မှု အမျိုးအစားအစုံအလင်ကို အဆင်ပြေချောမွေ့စွာပေးအပ်နိုင်မည့် ခေတ်မီအခြေခံအဆောက်အအုံဖြစ်စေရန် စသည့် အချက်များကို ထည့်သွင်းစဉ်းစားကာ ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း။

### ကန်ဒေါ်လာ ၅၆ သန်းခန့်ကုန်ကျမည်

ဆေးရုံကြီး အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို လုပ်ဆောင်ရာတွင် ပြင်ပလူနာဌာန၊ လူနာဆောင်များ၊ ခွဲစိတ်ခန်းများ၊ ဓာတ်ခွဲခန်းများ၊ အထောက်အကူပြုဌာနများ၊ လူနာစောင့်များ နားနေရန်နေရာများ၊ ဝန်ထမ်းအိမ်ရာများ စသည်တို့ကို အဆင့်လိုက်၊ အပိုင်းလိုက်အနေဖြင့် အဆင့် သုံးဆင့်ဖြင့် တည်ဆောက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၆ သန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs. Tone Tinnes က စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီး ရေရှည်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး အဖွဲ့သည် ကနဦးမွမ်းမံ ပြင်ဆင်တည်ဆောက်ရေး လုပ်ငန်းများအတွက် 3MDG ရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းကို ရရှိထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍ အလှူရှင်များထံမှ ရန်ပုံငွေများ တိုးတက်ရရှိရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### အဆင့်မြှင့်တင်တည်ဆောက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အနာဂတ်တွင် စစ်တွေဆေးရုံကြီးကို သင်ကြားရေးဆေးရုံကြီးအဖြစ် သတ်မှတ်အသုံးပြုနိုင်ရန်အတွက် အဆင့်မြှင့်တင်တည်ဆောက်ရာတွင် စာသင်ခန်းများ၊ အစည်းအဝေးခန်းများ ထည့်သွင်းတည်ဆောက်သွားစေလိုကြောင်း။

ယခုတင်ပြလာသော Master plan ကို ယေဘုယျအားဖြင့် သဘောတူပြီး ဝန်ကြီးဌာနမှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဆန်းစစ်သုံးသပ်ကာ အမြန်ဆုံးအတည်ပြုဆုံးဖြတ်ပေးမည်ဖြစ်ကြောင်း၊ Master plan အား အတည်ပြုပြီးပါက ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ရန်ပုံငွေမှလည်း သင့်တင့်သော အချိုးအစား ထည့်ဝင်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီးအား စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ရေး ရေရှည်စီမံကိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းရေးဆွဲခြင်း ကလေးဝမြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်

**ကလေးဝ ဩဂုတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် LIFT Fund ၏ နည်းပညာအကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်ဂျက်တွင် ကျေးလက်နေပြည်သူများ၏ အခြေခံလူမှုစီးပွား အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း ကလေးဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါနည်းလမ်းကို ကလေးဝမြို့နယ်အတွင်းရှိ ချင်းချောင်းကျေးရွာ၌ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်း၊ ကျွဲကူးကျေးရွာ၌ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းနှင့် မထုကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင်လ နောက်ဆုံးပတ်က ပြုလုပ်ခဲ့ရာ ကျေးရွာထည့်ဝင်ငွေများဖြင့်လည်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုင်နီလာထွေးက ပြောသည်။

အဆိုပါ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရန်ပုံငွေများကို ကျေးရွာလူထုကိုယ်တိုင် စနစ်တကျ မှန်ကန်စွာခွဲဝေသုံးစွဲနိုင်ခြင်း၊ ကျေးရွာရှိ ပြည်သူလူထုများ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စများအတွက် ညှိနှိုင်းဆောင်ရွက်တတ်မှုစွမ်းရည် မြင့်မားလာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အမျိုးသားအမျိုးသမီးပါဝင်မှု တန်းတူညီမျှစွာ ပါဝင်ဆောင်ရွက်တတ်ခြင်း၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စာရင်းဇယား များ ပြုစုရေးသားနည်းပုံစံများ သိမြင်တတ်ကျွမ်းလာခြင်း အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ရေပြန်လည်ကျဆင်းခြင်းကြောင့် မော်တော်ကားများ ပုံမှန်သွားလာလျက်ရှိ

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇမိမြစ်ရေလျှံကာ ကြာအင်းဆိပ်ကြီးမြို့နှင့် ဘုရားသုံးဆူမြို့ မော်တော်ကားလမ်းပေါ်ရှိ ချောင်းဝကျေးရွာအထွက် တံတားတစ်စင်းနှင့် ကားလမ်း နှစ်ဖာလုံခန့် ရေနစ်မြုပ်လျက်ရှိရာ ခရီးသွားပြည်သူများ ခရီးကြန့်ကြာကာ အခက်အခဲများကြုံတွေ့ခဲ့ရပြီး ယခုအခါ ရေများပြန်လည်ကျဆင်းခြင်းကြောင့် ပုံမှန်ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။

အလားတူ ကြာအင်းဆိပ်ကြီး မုဒုံကားလမ်းပေါ်ရှိ သံပုရာကျေးရွာအဝင် အောက်သက်န်းချောင်း၊ ကော့ကမာကျေးရွာနှင့် မရိကလကျေးရွာတို့တွင် ကားလမ်းပေါ်ရှိ ရေများ ပြန်လည်ကျဆင်းခြင်းကြောင့် ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေကျင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် ဩဂုတ် ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ရွှေကျင်မြို့ပေါ်တွင် ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးသည်။ **(ယာပုံ)**

ရွှေကျင်မြို့ ဂနိုင်ဝိုင်းရပ်ကွက် ရွှေတောင်ဦးစေတီတော်၌ ရေဘေးရှောင်စခန်း၊ အခြေခံပညာအထက်တန်းကျောင်း၊ ရွှေကျင်မြို့ရှိ ရေဘေးရှောင်စခန်းနှင့် သမိုင်းဝင်ဘုရားကြီး စေတီတော်အတွင်းရှိ ရေဘေးရှောင်စခန်းတို့၌ ရေဘေးရှောင်ပြည်သူများ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက ရေဘေးရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ရေဘေးရှောင်စခန်းများတွင် ဖွင့်လှစ်ထားသည့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ရွှေကျင်မြို့ သမိုင်းဝင်ဘုရားကြီးစေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ရွှေကျင်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ဇူလိုင် ၃၀ ရက်အထိ ရွှေကျင်မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာပေါင်း ၄၂ ရွာရှိ အိမ်ခြေ ၅၇၆၈ အိမ် ရေလွှမ်းမိုးခဲ့ပြီး လူဦးရေစုစုပေါင်း ၂၇၂၆၆ ဦး ဘေးလွတ်ရာ ကုန်းမြင့်များသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။



ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စုများအား ရွှေကျင်မြို့ပေါ်၌ ငါးနေရာနှင့် ကျေးရွာများ၌ ၄၂ နေရာ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ပြောင်းရွှေ့နေရာချထားပေးခဲ့ရကြောင်း၊ ရွှေကျင်မြို့နယ်အတွင်း ရေဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ပျိုးဧက ၃၄၈၆၇ရှိသည့်အနက် စိုက်ပျိုးဧကပေါင်း ၂၅၅၀၀ ခန့် ရေဝင်နစ်မြုပ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်ရုံရှင်းလင်းခန်းမဆောင်၌ စက်ရုံရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ခေတ္တစက်ရုံမှူးက စက်ရုံသမိုင်းကြောင်း၊ ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံ၏ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားရေး၊ စက်ရုံသုံးစက်ပစ္စည်းများ ကြံ့ခိုင်မှုရှိစေရေး၊ ထုတ်ကုန်များ အရည်အသွေးပြည့်မီစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စက်ရုံ၏လုံခြုံရေးတို့ကို စနစ်တကျ စီမံချက်ချမှတ်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး စက်ရုံအတွင်းရှိ Central Control Room တွင် Distributed Control System (DCS) စနစ်ဖြင့် စက်ရုံထိန်းချုပ်လည်ပတ်နေမှု၊ ယူရီးယားဖြန့်ဖြူးရေးဌာနတွင် ယူရီးယားဓာတ်မြေသြဇာများ ထုတ်လုပ်ဖြန့်ဖြူးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ထုတ်လုပ်ဖြန့်ဖြူးပေး**

အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)သည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် တည်ရှိပြီး နိုင်ငံတော်၏လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၀၇ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Huanqiu Contracting & Engineering Corporation (HQCEC) နှင့် စာချုပ်ချုပ်ဆို၍ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ပြီး ယူရီးယားဓာတ်မြေသြဇာများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ စက်ထိန်းချုပ်သည့်စနစ်မှာ Distributed Control System (DCS) ဖြစ်ပြီး တစ်ရက်သတ်မှတ်ထုတ်လုပ်နိုင်မှုစွမ်းအားမှာ ယူရီးယားဓာတ်မြေသြဇာတန် ၅၀၀ ဖြစ်ပြီး လက်ရှိထုတ်လုပ်နိုင်မှုမှာ တစ်ရက်လျှင် ယူရီးယားဓာတ်မြေသြဇာတန် ၄၂၀ ကျော် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသများအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်းနှင့် ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၄

**မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသရှိပြည်သူများအတွက် အလှူငွေ၊ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။**




အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လာရောက်လှူဒါန်းပေးကြသူများအား ရေဘေးသင့်ပြည်သူများ ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် စေတနာရှင်အသင်းအဖွဲ့၊ ဖောင်ဒေးရှင်း၊ မိသားစု ၃၁ စုတို့မှ လှူဒါန်းငွေကျပ် ၁၉၉၆၃၁၀၀၀ အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တော်ဝင်ဟံသာခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သောဒေသများတွင် အခြေခံအဆောက်အအုံများ၊ လမ်းတံတားများ၊ လယ်ယာစိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ ယခုအခါ ရေများကျဆင်းနေပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သော သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေး၊ စိုက်ပျိုးမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ လမ်းတံတားများ ပြန်လည်ကောင်းမွန်လာစေရန် အမြန်ပြုပြင်ရေး၊ ပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စတင်နေပြီဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာတာဝန်ခံများအနေဖြင့် သတင်းအချက်အလက်ရရှိရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စုပေါင်းအားဖြင့် ဆောင်ရွက်ရန်ဖြစ်ပြီး အကောင်အထည်ဖော်ရာတွင် လိုအပ်သောအချက်အလက်များ အမြန်ရရှိရေး၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများက တိုင်းဒေသကြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီများသို့ ဆက်သွယ်ပူးပေါင်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အမြန်တင်ပြစေလိုကြောင်း၊ ပြည်ထောင်စုအစိုးရ အနေဖြင့် ပြန်လည်ထူထောင်ရေးညှိနှိုင်းမှုကော်မတီ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရေကြီးရေလျှံမှု စတင်ဖြစ်ပွားခဲ့သောအချိန်မှ ယနေ့အထိ အခြေအနေများဖြစ်သော မြစ်ရေများ စိုးရိမ်ရေအမှတ်အထက်သို့ အသီးသီးရောက်ရှိခဲ့မှုအခြေအနေများ၊ ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်မှုအခြေအနေ၊ လတ်တလောစားသုံးရန် စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးနိုင်မှု၊ လမ်းတံတားနှင့် တာများ၏ကြံ့ခိုင်မှုနှင့် ကျိုးပေါက်မှု အခြေအနေများ၊ စိုက်ပျိုးမြေနှင့် သီနှံပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်လိုသည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်စတင်ဆောင်ရွက်ခြင်းသည် ပြည်သူများအတွက် အကျိုးရှိစေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်တည်ဆောက်ရာတွင် ဘတ်ဂျက်နှင့် ငွေကြေးသုံးစွဲမှု ကိစ္စရပ်များတွင် အခက်အခဲရှိပါက ပြန်လည်ထူထောင်ရေးညှိနှိုင်းမှုကော်မတီနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့က ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ပြည်သူများ၏ လိုအပ်ချက်များကို အစိုးရ၊ လွှတ်တော်၊ စေတနာရှင်ပြည်သူများ စုပေါင်းအားဖြင့် အမြန်ဖြည့်ဆည်းနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၃ ရက်ကလည်း မွန်ပြည်နယ် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိကြပြီး စခန်းရှိပြည်သူများ၏ စားသောက်နေထိုင်မှုအခြေအနေများ၊ ကူညီထောက်ပံ့ပစ္စည်းများရရှိမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများနှင့် လိုအပ်ချက် များကို ကြည့်ရှုပြီး လတ်တလောစားသုံးရန် ဆန်ရိက္ခာဖိုးနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ရင်ခွင်ပိုက်ကလေးနှင့် မိခင်များကို ထောက်ပံ့ငွေများပေးအပ်ပြီး ကလေးငယ်များအတွက် အာဟာရမုန့်နှင့် ပဲနို့တို့ကို ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ အဆက်မပြတ်လှူဒါန်း

**ပဲခူး ဩဂုတ် ၄**
ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တွင် ဖွင့်လှစ်ထားသော ပဲခူးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံးတွင် တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် KNU KNLA-PC မှ စောစိုးမင်း(ခ)နွတ်ခမ်းမွေး ဦးဆောင်သော အဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟို (ပညာရေးကွန်ရက်) အဖွဲ့တို့က အလှူငွေနှင့်အသုံးအဆောင်၊ အစားအသောက်ပစ္စည်းများ လာရောက်ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ထိုးကော်ကိုး KNU KNLA-PC မှ စောစိုးမင်း(ခ)နွတ်ခမ်းမွေး ဦးဆောင်သောအဖွဲ့က ဆန်အိတ် ၁၅၀ နှင့်ဘတ်ရွှေ(နှစ်ကျပ်သား) စုစုပေါင်းတန်ဖိုးငွေ ၅၄ သိန်းကိုလည်းကောင်း၊ ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟို(ပညာရေးကွန်ရက်)မှ တစ်ဆင့် အလှူရှင်များက ငွေကျပ် ၄၃၃၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများကို လာရောက်လှူဒါန်းကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ရန်ကုန်ဇုန်ကို အသစ်ပြန်လည်ဖွဲ့စည်း

**ရန်ကုန် ဩဂုတ် ၄**
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ရန်ကုန်ဇုန်ကို ဩဂုတ် ၄ ရက်တွင် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

စားသောက်ဆိုင်လုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စားသောက်ဆိုင်များဝန်ဆောင်မှု အရည်အသွေးမြင့်မားလာစေရန်၊ မြန်မာ့အစားအစာများကို ကမ္ဘာသိဖော်ဆောင်သွားနိုင်ရန်၊ စားသောက်ဆိုင်များအကြား အပြုသဘောဆောင်သော အကြံဉာဏ်များဖလှယ်၍ အတွေ့အကြုံမျှဝေရန်နှင့် စားသောက်ဆိုင်များ ကြုံတွေ့နေရသည့် အခက်အခဲများကို ညှိနှိုင်းဖလှယ်ခြင်းများ ပိုမိုဆောင်ရွက်ရန်အတွက် ယခုကဲ့သို့ ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတွင်း စားသောက်ဆိုင်လုပ်ငန်းများ ကျဆင်းနေခြင်း အကြောင်းကို မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးနေလင်းက ပြောကြားရာ၌ “နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနောက်ခံရှိတဲ့ဆိုင်တွေလည်း အများကြီးဝင်လာတယ်။ အချို့လည်း စားသောက်ဆိုင်ဖွင့်တာလွယ်တယ်ဆိုပြီး ပိုက်ဆံရှိတာနဲ့ စားသောက်ဆိုင်ဖွင့်ကြတယ်။ ဒါပေမယ့် စားသောက်ဆိုင်တစ်ဆိုင် တကယ် အောင်မြင်ဖို့က စီမံခန့်ခွဲမှုတွေ အခြားလိုအပ်ချက်တွေ ရှိတယ်ဆိုတာ တချို့က နားမလည်ပါဘူး။ တကယ်တမ်း နိုင်ငံတကာနဲ့ ယှဉ်လိုက်တဲ့အချိန်မှာ ဒီလောက်နဲ့မရတော့ပါဘူး။ ဈေးကွက်ရှာဖွေရေးတွေ၊ စီမံခန့်ခွဲမှုတွေ၊ ရှေ့ဆက်ပြီး ဆိုင်တွေဘယ်လိုချဲ့မလဲဆိုတဲ့ အစီအစဉ်တွေကအစ အများကြီးလိုအပ်တယ်ဆိုတာကို ကျွန်တော်တို့ လေ့လာပြီး သိခဲ့ပါပြီ” ဟုပြောကြားသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း စတင်ဖွဲ့စည်းခဲ့သည်မှာ ခြောက်နှစ်ကျော်ခန့်ရှိပြီး နိုင်ငံအနှံ့တွင် အသင်းခွဲပေါင်း ၁၂ သင်းကျော်နှင့် အသင်းဝင် ၅၇၀ ကျော်ရှိကြောင်း သိရသည်။

ယခုအသစ် ဖွဲ့စည်းလိုက်သော ရန်ကုန်ဇုန်တွင် အလုပ်အမှုဆောင် ၃၀ ဖြင့် ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အသင်းအနေဖြင့် သင်တန်းများဖွင့်လှစ်နိုင်ရန်နှင့် ဂျပန်နိုင်ငံရှိ စားသောက်ဆိုင်များအား သွားရောက်လေ့လာနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာလအတွင်း ဂျပန်နိုင်ငံ၌ကျင်းပမည့် နိုင်ငံတကာစားသောက်ကုန်ပြပွဲတွင် မြန်မာနိုင်ငံစားသောက်ဆိုင်များ လုပ်ငန်းရှင်များအသင်းမှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကူညီမှုဖြင့်သွားရောက်၍ မြန်မာ့အစားအစာများဖြစ်သော မုန့်ဟင်းခါး၊



**မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ရန်ကုန်ဇုန်အသစ်ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပစဉ်။**

ရှမ်းခေါက်ဆွဲနှင့် မြန်မာ့လက်ဖက်အစရှိသော မြန်မာ့အစားအသောက်များကို သွားရောက်မိတ်ဆက်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံ၌ ဖွင့်လှစ်ထားသောစားသောက်ဆိုင်များတွင် အစားအစာသန့်ရှင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိုအသင်းအနေဖြင့် ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ -တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၄**
မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သည်အဖွဲ့ဝင်များ၏ ကျန်းမာရေးနှင့်နာရေးကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ကူညီပေးလျက်ရှိသည်။

အဖွဲ့၏ဂုဏ်ထူးဆောင်နာယက အငြိမ်းစား စာတည်းမှူးချုပ်နှင့် အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်ရုံးခွဲ)၌ ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်များအနေဖြင့် ယင်းနေ့တွင်အဖွဲ့ဝင်အသိအမှတ်ပြုကတ်ပြားနှင့် လိပ်စာမှတ်တမ်းစာအုပ်များ ထုတ်ပေးမည်ဖြစ်၍ ကြွရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက အဖွဲ့အတွင်းရေးမှူး ဦးတင်ဝင်း ဖုန်း ၀၉ - ၇၇၇၆၄၂၆၉၉၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း(တညင်လေး)ဖုန်း ၀၉-၇၇၆၂၇၃၂၃၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

### ❍ *ရှေ့ဖုံးမှ*

စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသွားပြပွဲကြီးတွင် ပြည်ပနိုင်ငံများသို့သွားရောက်ပါက ခရီးသွားပြည်သူတို့အနေဖြင့် Outbound လိုင်စင်ရ ခရီးသွားကုမ္ပဏီများဖြင့်ဆက်သွယ်ပြီး နိုင်ငံတကာခရီးစဉ်များကိုအလည်အပတ်သွားရောက်လိုသူများ၊ အပန်းဖြေခရီးသွားရောက်လိုသူများ၊ ပြည်ပနိုင်ငံရှိကျောင်းများတွင် သွားရောက်သင်ကြားလိုသူများ၊ ဆေးကုသလိုသူများ၊ရှော့ပင်းထွက်လိုသူများအနေဖြင့် ယုံကြည်စိတ်ချရသော ခရီးသွားကုမ္ပဏီများတွင် ဈေးနှုန်းသက်သာစွာဖြင့်တိုက်ရိုက်ဆက်သွယ်ဝယ်ယူနိုင်၍ ကြိုဆိုလျက်ရှိကြောင်းလည်း သိရသည်။

**နိုင်ငံတကာခရီးစဉ်**

ဥရောပနှင့်အမေရိကန်နိုင်ငံများ၊ အာရှနိုင်ငံများသို့ မိသားစုအလည်အပတ်နှင့် အပန်းဖြေခရီးစဉ်များ၊ ဇနီးမောင်နှံဟန်းနီးမွန်းခရီးများနှင့်ကုမ္ပဏီများ၏ ခရီးစဉ်တို့ကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ဝန်ဆောင်မှုပြည့်ဝစွာရရှိစေရန် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသွားပြပွဲကြီးတွင် ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

**ပြည်တွင်းခရီးစဉ်များ**

ပြည်ပခရီးစဉ်များသာမက ပြည်တွင်းခရီးစဉ်များတွင်လည်း မိသားစုလိုက်ဖြစ်စေ၊ မိတ်ဆွေအပေါင်းအသင်းများနှင့်ဖြစ်စေ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များအနေနှင့်ဖြစ်စေ နေ့ချင်းပြန်ခရီးမှစ၍ လေးညအိပ်၊ ငါးရက်ခရီးစဉ်များတွင်လည်း ကျသင့်သောငွေ၏ကနဦး ၃၀ ရာခိုင်နှုန်းကိုပေးချေကာ ခြောက်လအရစ်ကျစနစ်ပေါ်တွင်တွက်ချက်ပြီး လစဉ်အရစ်ကျပေးငွေချေသောစနစ်ဖြင့် ပြည်တွင်း ခရီးသွားကဏ္ဍကိုလည်း အရှိန်အဟုန်မြှင့်တင်လျက်ရှိကြောင်း ယနေ့ကျင်းပသော နိုင်ငံတကာခရီးသွားပြပွဲကြီးမှ သိရသည်။

**ဆက်လက်ပြသ**

အဆိုပါ စတုတ္ထအကြိမ်မြောက်မြန်မာနိုင်ငံခရီးသွားပြပွဲကိုနံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဩဂုတ် ၅ ရက်တွင်လည်း ပြခန်းများကို ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

### ❑ *ရှေ့ဖုံးမှ*

ရွှေနတ်တောင်ရေလှောင်တမံမှာ ဩဂုတ် ၂ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရေမှတ် ၁၁၀ ဒသမ ၀၅ ပေ ရောက်ရှိပြီး ရေပိုလွှဲမှ ၀ ဒသမ ၀၅ ပေ ရေကျော်ကျနေကြောင်း သိရသည်။ ထိုကဲ့သို့ ရေကျော်ကျနေသော်လည်း ရွှေနတ်တောင်ရေလှောင်တမံသည် တောင့်တင်းကြံ့ခိုင်မှု ကောင်းမွန်ပါကြောင်းနှင့် ရေပိုလွှဲမှရေကျော်ပြီး စီးဆင်းရာတစ်လျှောက်မှာလည်း ရွှေနတ်တောင်ရေလှောင်တမံတွင် သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်ပြည့်အနီးကပ်ကြည့်ရှုစစ်ဆေးပြီး အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန် သဲအိတ်များလည်း စုဆောင်းထားပြီးဖြစ်ကြောင်း သိရသည်။

**ဖြန့်ဝေအသိပေးဆောင်ရွက်လျက်ရှိ**

ဆက်လက်ပြီး အဇင်းရေလှောင်တမံနှင့် ဝင်းဖနုံရေလှောင်တမံတို့တွင် ကန်ရေပြည့်မှတ်ထက်ကျော်လွန်လျှင်လည်း ရေပိုလွှဲမှရေကျော်ကျ၍ မူလချောင်းရိုးအတွင်းသို့ စီးဝင်သွားမည်သာဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ရေကျော်ကျနေသော်လည်း ရွှေနတ်တောင် ရေလှောင်တမံ ရေပိုလွှဲ၏ အဓိပ္ပာယ်မှာ ရေပြည့်သိုလှောင်ပမာဏထက် ကျော်လွန်ပြီးစီးဝင်လာတဲ့ရေများကို မူလချောင်းထဲသို့ စီးဝင်သွားစေရန် စနစ်တကျ ဒီဇိုင်းတွက်ချက်တည်ဆောက်ထားသော ရေအားအဆောက်အအုံ တစ်ခုဖြစ်ကြောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့်လည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကြိုတင်သတိပေးထုတ်ပြန်ချက်ကို အများပြည်သူများ သိရှိနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ထပ်ဆင့်ဖြန့်ဝေအသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းခန့်(မွန်)**

# နေပြည်တော်တွင် ရေကြီးနစ်မြုပ်မှုကြောင့်ထိခိုက်ပျက်စီးသည့် လယ်ဧကများ ပြန်လည်အစားထိုးစိုက်ပျိုး

**နေပြည်တော် ဩဂုတ် ၄**
ယခုနှစ် ၂၀၁၈- ၂၀၁၉ မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှစ်မြို့နယ်အတွင်း၌ ပြီးခဲ့သည့် ဇူလိုင်လကုန်အထိ မိုးရွာသွန်းသည့် မိုးရေချိန်ပမာဏ ၃၂ ဒသမ ၅၆ လက်မ ရှိခဲ့ရာ ယခင်နှစ်ကထက် မိုးရေချိန် ၉ ဒသမ ၃၄ လက်မ ပိုမိုများပြားခဲ့ကြောင်း သိရသည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ မိုးရာသီအတွင်း မိုးရွာသွန်းသည့် မိုးရေချိန်လက်မမှာမူ ၂၃ ဒသမ ၂၂ သာရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယခုအခါ နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးစပါးရာသီတွင် စိုက်ပျိုးထားရှိသည့် မိုးစပါးများ ရေကြီးနစ်မြုပ်မှုဖြစ်စဉ် အနည်းငယ်ရှိခဲ့ရာ ရေမြုပ်သည့် ဧက ၄၇၃၀၊ ပြန်ပေါ်သည့် ဧက ၄၆၉၀၊ ထိခိုက်မှုရှိသည့် ဧက ၃၄၀၄ နှင့် ပျက်စီးသွားသည့် ဧကမှာ ၁၂၇၇ ဧကဖြစ်ပြီး ပြန်လည်အစားထိုး စိုက်ပျိုးပြီးသည့် စိုက်ဧကအနေဖြင့် ၆၅၁ ဧက လက်ရှိစိုက်ပျိုးပြီးဖြစ်ကြောင်း နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ ထိခိုက်ပျက်စီးသွားတဲ့ လယ်ဧကတွေအပေါ်မှာ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဘက်က နည်းပညာအကူအညီပေးရေးနဲ့ သီးနှံပိုးမွှားအန္တရာယ် မကျရောက်စေရေး ကာကွယ်မှုလုပ်ငန်းအပြင် ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ ဦးစီးဌာနတွေအနေနဲ့လည်း ပေါင်းစပ်ညှိနှိုင်းထားပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားတဲ့ သီးနှံတွေကို အချိန်နဲ့တစ်ပြေးညီ စိုက်ပျိုးနိုင်ဖို့အတွက် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်လို့ ကူညီဆောင်ရွက်ပေးသွားမှာပါ” ဟု နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းဦးက ပြောသည်။



ယခုနှစ် မိုးစပါးရာသီတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးစပါးစိုက်ဧက ၁၆၃၈၁၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားပြီး ယခုထိ စိုက်ပျိုးပြီးဧကမှာ ၇၅၆၅၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဧကများကိုလည်း ယခုနှစ်မိုးစပါးရာသီအမီ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# သန့်လျင်၌ ရွှေဒါနဇီဝိတဒါနသွေးလှူအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရေဘေးသင့်ဒေသများအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဩဂုတ် ၄**
ရန်ကုန်တောင်ပိုင်းခရိုင် သန့်လျင်မြို့ ဘုရားကုန်းကျေးရွာ နေလတိုက်ကျောင်းဆရာတော် ဦးဆောင်မှုဖြင့် ရွှေဒါနသွေးလှူအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရေဘေးသင့်ဒေသများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၈နာရီက အဆိုပါကျောင်းတိုက် ရွှေဒါနကုသိုလ်ဖြစ်ဆေးခန်းနှင့် ရွှေဒါနအရေးပေါ် လူနာပို့ဆောင်ရေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရွှေဒါနဇီဝိတဒါနသွေးလှူအဖွဲ့နာယက နေလတိုက်ကျောင်းဆရာတော်မှ ရွှေဒါနဇီဝိတဒါနသွေးလှူအဖွဲ့စတင်ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းရသည့်ရည်ရွယ်ချက်တို့ကို ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ သန့်လျင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးတို့က ဇီဝိတဒါနသွေးလှူအဖွဲ့ ဖွဲ့စည်းခြင်းအတွက် ကြိုဆိုဂုဏ်ပြုစကားများပြောကြားပြီး သန့်လျင်အထွေထွေရောဂါကုဆေးရုံကြီး ရောဂါဗေဒဆရာဝန် ဒေါက်တာယဉ်မင်းချောက သွေးလှူဒါန်းရာတွင် ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း)က သွေးလှူရှင်လုပ်ငန်းဆိုင်ရာများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေဒါနဇီဝိတဒါနသွေးလှူအဖွဲ့နာယက နေလတိုက်ကျောင်းဆရာတော်မှ ရေဘေးသင့်ဒေသများအတွက် အလှူငွေကျပ် ငါးသိန်း၊ သန့်လျင်အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်အတွက် အလှူငွေကျပ် ငါးသိန်း၊ သန့်လျင်မြို့နယ် ကြက်ခြေနီအသင်းခွဲသို့ အလှူငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

အဆိုပါ ရွှေဒါနဇီဝိတဒါန သွေးလှူအဖွဲ့ထံမှ သွေးလိုအပ်ပါက ဖုန်း- ၀၉-၇၉၆၂၆၉၀၀၀၊ ၀၉- ၇၉၆၇၆၉၀၀၀ သို့ ဆက်သွယ်အလှူခံနိုင်ကြောင်း သိရသည်။ **သက်ခိုင်(သန့်လျင်)**



## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်း




**ဘားအံ**
ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ထုံးအိုင်တိုက်နယ်မှ ဝဲကြီး၊ မကြီးကျွန်း၊ ရေကျော်ကြီး၊ ရေကျော်လေး၊ ဝင်းကျန်း၊ ဖအွံ့၊ မိန်းမလှကျွန်း၊ ဖဲကတော၊ တောင်သူကုန်း၊ ကော့ဂွန်း၊ ကောလိုက်၊ နောင်ထလုံး၊ ကော့သဝါ၊ ထုံးအိုင်စသည့်ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စု ၁၂၂၀၊ လူဦးရေ ၃၀၈၈ ဦးတို့အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် အလှူရှင်များ ပူးပေါင်း၍ ဆန်နှင့် ကုန်ခြောက်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** ဆန်အိတ် ၁၂၅ အိတ်၊ ငါးသေတ္တာဘူး ၂၀၀၀၊ ဓာတ်မီးအလက် ၄၀၊ ဘီစကွတ် ၇၄၆ ထုပ်၊ ဓာတ်ဆားအထုပ် ၆၀၀၊ ယမ်းယမ်းခေါက်ဆွဲထုပ် ၂၇၀၊ စောင် ၃၃၇ ထည် စုစုပေါင်းတန်ဖိုး ၅၀၆၅၅၀၀ ကို ဩဂုတ် ၃ ရက်နှင့် ဩဂုတ် ၄ ရက်က ရွာသားများလက်ဝယ်အရောက် လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

**ကျိုက်မရော**
မွန်ပြည်နယ် ကျိုက်မရောမြို့၌ အတ္ထရံမြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်နှင့် ကျေးရွာများရှိကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်လာကြသည့် ရေဘေးသင့်ပြည်သူများအတွက် ထိရောက်သော ကူညီလှူဒါန်းမှုများကို မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်၍ စနစ်တကျလှူဒါန်းပေးလျက်ရှိသည်။

ယနေ့တွင် ကျိုက်ထိုမြို့ လူမှုကယ်ဆယ်ရေး (Rescue) အသင်းမှ ဦးစိုးသီဟ ဦးဆောင်၍ ဆန်အိတ် ၄၁ အိတ်၊ ခေါက်ဆွဲခြောက် ၁၀ ဖာနှင့် ရေသန့်ဘူး ၁၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄ သိန်းကျော်ဖိုးကို ပိန်းနဲကုန်းကျေးရွာနှင့် ခနောင်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျောက်တန်း**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်လုံးဆိုင်ရာ ပရဟိတအဖွဲ့သားများက ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ယနေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ် မြို့မဈေးနှင့် ကျောက်တန်းမြို့ အရှေ့ပိုင်း၊ အလယ်ပိုင်း ရပ်ကွက်များသို့ အလှူခံထွက်ရှိရာ စုစုပေါင်းအလှူငွေကျပ် နှစ်ဆယ့်ငါးသိန်းရှစ်သောင်းနှင့် ဆန်ရှစ်အိတ်ရရှိပြီး သက်ဆိုင်ရာဒေသတာဝန်ရှိသူများထံ သွားရောက်ပေးအပ်၍ ရေဘေးသင့်ပြည်သူများအား လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

**ရွှေပြည်သာ**
ရွှေပြည်သာမြို့နယ် ဇီးကုန်းဘုန်တော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၃ ရက်တွင် ရွှေပြည်သာစက်မှုဇုန်(၁) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသိန်းနှင့်ကော်မတီဝင်များ၊ အလှူရှင်များက ထမင်းတစ်နပ်စာအတွက် ငွေကျပ်ကိုးသိန်း၊ အချိုရည်ဘူး ၆၀၀၊ သောက်ရေသန့်ဘူး ၆၀၀၊ အာလူးကြော်အထုပ် ၁၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၄၀၈၀၀၀ တို့ကိုပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**

## ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များအား စက်တပ်လှေများဖြင့် လေ့ကျင့်ပေးမှု ဘားအံ၌ ပြုလုပ်

**ဘားအံ ဩဂုတ် ၄**
ကရင်ပြည်နယ်အတွင်း မြို့နယ်ခြောက်မြို့နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကရင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် ဖိုက်ဘာစက်တပ်လှေများဖြင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးခြင်းကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီခွဲက ဘားအံမြို့ကန်သာယာတွင် ပြုလုပ်သည်။ **(အောက်ပုံ)**

အဆိုပါ လေ့ကျင့်ရေးနှင့် ပတ်သက်၍ ကရင်ပြည်နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးကိုကိုဦးက "မီးသတ်တပ်ဖွဲ့ဝင်တွေ အနေနဲ့ မီးဘေးအပြင် လေဘေး၊ ရေဘေးတွေကိုပါ ဆောင်ရွက်ပေးရတဲ့အတွက် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ထိထိရောက်ရောက်ရှိစေဖို့ အခုလိုစက်တပ်လှေတွေနဲ့ ပြည်နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်တွေကို ကျွမ်းကျင်မြန်ဆန်စွာကိုင်တွယ်ထိန်းသိမ်းပြီး ထိရောက်မှုရှိစွာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ရန် လေ့ကျင့်ခြင်းကို ကရင်ပြည်နယ် မီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားမှုနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကရင်ပြည်နယ်အတွင်း ခြောက်မြို့နယ်မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်တဲ့နေရာမှာ ကယ်ဆယ်ရေးနဲ့ ထောက်ပံ့ကူညီမှုလုပ်ငန်းတွေကို ပူပေါင်းဆောင်ရွက်ခဲ့ပါတယ်၊ ဆောင်ရွက်နေဆဲလည်း ဖြစ်ပါတယ်" ဟုပြောသည်။

ကရင်ပြည်နယ်တွင် မြို့နယ်ခုနစ်မြို့နယ်ရှိပြီး တောင်ပေါ်ဒေသဖြစ်သော သံတောင်ကြီးမြို့နယ်မှလွဲ၍ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ဖာပွန်မြို့နယ်တို့တွင် ရေကြီးနစ်မြုပ်ခဲ့ရာ အဆိုပါ ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသား သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှဇွန်လပိုင်းက ဖိုက်ဘာစက်တပ်လှေ ၁၀ စင်း၊ ဇူလိုင်လကုန်က ငါးစင်းနှင့် ဆက်စပ်ပစ္စည်းများကို ပို့ဆောင်ပေးခဲ့ကြောင်း၊ အဆိုပါ စက်တပ်လှေများအပါအဝင် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်နယ် ဒုတိယ မီးသတ်ဦးစီးမှူး ဦးကိုကိုဦး ဦးဆောင်ကာ ကရင်ပြည်နယ်အတွင်းရှိမီးသတ်တပ်ဖွဲ့ဝင် ၂၀ ကျော်ကို လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။



**နေမျိုးလွင်(ပြန်/ဆက်)**

## ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ကလေးငယ်များ စိတ်ဓာတ်ခွန်အားဖြစ်စေရေး ဆောင်ရွက်ပေး

**ဘားအံ ဩဂုတ် ၄**
ကရင်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် သံလွင်မြစ်ရေ မြင့်တက်လာခြင်းတို့ကြောင့် ရေဘေးသင့်ပြည်သူများအတွက် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဘားအံခရိုင်ရုံးအနေဖြင့် အထက (၄) နှင့် ရွှေယာဉ်မျှော် ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ကလေးငယ်များ စိတ်ဓာတ်ခွန်အား ဖြစ်စေရန် ရည်ရွယ်၍ ပြိုင်တူကဗျာရွတ်ဆိုခြင်းနှင့် ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးမြန်းခြင်း၊ ဆုရရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ရေဘေးသင့်ပြည်သူများအား ရေဘေးအန္တရာယ် သတိပြုဖွယ်ရာများ ပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ အသိပညာပေးဟောပြောခြင်းတို့လည်း ပြုလုပ်ပေးခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**



## ညောင်လေးပင်မြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်း

**ညောင်လေးပင် ဩဂုတ် ၄**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၂၅ ရက်မှ စတင်၍ ကယ်ဆယ်ရေးစခန်း ၄၃ ခုထိ ဖွင့်လှစ်ပြီး အိမ်ထောင်စု ၃၅၇၉ စုမှ လူဦးရေ ၁၆၉၁၉ ဦးအား ကူညီစောင့်ရှောက်ပေးထားလျက်ရှိရာ ယခုအခါမြစ်ရေကျဆင်းလာသဖြင့် ဩဂုတ် ၃ ရက် ညနေ ၄ နာရီတွင် ကယ်ဆယ်ရေးစခန်းများအားလုံး ပိတ်သိမ်းလိုက်ကြောင်း သိရသည်။

"မြစ်ရေတွေတိုးတော့ စက်လှေတွေနဲ့ လာခေါ်တယ်။ ကယ်ဆယ်ရေးစခန်းတွေမှာလည်း အစားအသောက်နဲ့ကျန်းမာရေးကအစ အားလုံးဂရုစိုက်ကြတယ်။ အခုရေကျတော့လည်း ရွာအထိအဆင်ပြေအောင် လိုက်ပို့ပေးတယ်။ အခုတော့ ရွာပြန်ရလို့ပျော်နေတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မဒေါက်မြို့တွင် စစ်တောင်းမြစ်ရေ၏ စိုးရိမ်ရေမှတ်မှာ ၁၀၇၀ စင်တီမီတာဖြစ်ပြီး ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ၁၁၉၃ စင်တီမီတာဖြစ်ကာ အမြင့်ဆုံး ၁၂၈၂ စင်တီမီတာအထိ တက်ခဲ့ကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

# မဆိုင်တာကို ဆိုင်သယောင် ဆွဲထည့်သည့် အရှုပ်ထုပ်ကို ဖြေပြခြင်း

—— ဆွေညီ ——

*(ယမန်နေ့မှအဆက်)*

၂၇-၇-၂၀၁၈ ရက် (သောကြာနေ့)ထုတ် ကြေးမုံသတင်းစာမှာ ဆရာ မောင်စာဂ ရဲ့ **တရားရှင်၊ တရားသေလွှတ်ခြင်းနှင့် ဥပဒေ**ဆောင်းပါးကို အောင်ရဲထွေးအမှုနဲ့ ပတ်သက်ပြီး ရောချနေတာလည်း တကယ့်ကို အံ့သြစရာပါပဲ။

ကိုဒင် ဖတ်ပြီးပေမယ့် တစ်ပိုဒ်ချင်းပြန်ပြီး ကျွန်တော်တို့ အတူပြန်ဖတ်ကြည့်ရအောင်။

**တရားရှင်လွှတ်ခြင်း**

ထောင်ဒဏ် ခြောက်လထက်ပိုသည့် ပြစ်ဒဏ်စီရင်ထိုက်သော ဝရမ်းမှုတစ်ခုကို တရားရုံးက စစ်ဆေးရာတွင် ရှေးဦးစွာ စွပ်စွဲသူ တရားလိုကို စတင်စစ်ဆေးပါသည်။ ပြီးလျှင် တရားလိုက ပြသော တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးပါသည်။ တရားလိုနှင့် တရားလိုပြ သက်သေများ၏ အစစ်ခံထွက်ဆိုချက်များအရ စွပ်စွဲခံရသူအပေါ် ပြစ်မှုတစ်စုံတစ်ရာဖြင့် စွဲချက်တင် စစ်ဆေးထိုက်ကြောင်း မပေါ်ပေါက်လျှင် တရားခံကို လွှတ်မိန့်ချမှတ်သည်။ ထိုသို့လွှတ်ခြင်းသည် တရားရှင်လွှတ်ခြင်းဖြစ်သည်။

**တရားသေလွှတ်ခြင်း**

စွပ်စွဲခံရသူ တရားခံအပေါ် ပြစ်မှုတစ်စုံတစ်ရာဖြင့် စွဲချက်တင်၍ စစ်ဆေးထိုက်ကြောင်း ပေါ်ပေါက်လျှင် အဆိုပါပြစ်မှုပုဒ်မဖြင့် စွဲချက်တင်ကြောင်း တရားရုံးက အမိန့်ချမှတ်သည်။ ပြီးလျှင် စစ်ဆေးပြီးသော တရားလိုပြသက်သေများအနက် မည်သူ့ကို ပြန်လည်ခေါ်ယူ၍ စစ်ဆေးလိုကြောင်း တရားခံကတင်ပြလျှင် ယင်းသက်သေကို ပြန်ခေါ်သက်သေအဖြစ်နှင့် စစ်ဆေးသည်။ ထို့နောက် တရားခံကို စစ်ဆေးသည်။ တရားခံပြသက်သေများကို စစ်ဆေးသည်။ နှစ်ဖက်အမှုသည်များ ကြားနာမှုပြုသည်။ တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်လျှင် တရားရုံးက ပြစ်ဒဏ်စီရင်သည့်အမိန့် ချမှတ်သည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားမတွေ့ရှိရလျှင် တရားခံကို အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်သည်။ ထိုသို့ အပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်ခြင်းသည် တရားသေလွှတ်ခြင်း ဖြစ်သည်။

**မည်သည့်အခါ တရားရှင်လွှတ်သနည်း**

တရားလိုနှင့် တရားလိုပြသက်သေများ၏ အစစ်ခံထွက်ဆိုချက်များအရ အောက်ပါအခြေအနေများတွင် တရားခံအား စွဲချက်မတင်ဘဲ တရားရှင်လွှတ်ပါသည် -

(က) တရားခံအပေါ် စွပ်စွဲချက်များသည် လုံးဝအခြေအမြစ်မရှိသည့်အခါ၊

(ခ) တရားခံအား ထုချေဖြေရှင်းစေရန် အကြောင်းအချက် မတွေ့ရသည့်အခါ၊

(ဂ) စွဲချက်တင်နိုင်လောက်သော အချက်အလက်များ ပြည့်စုံမှုမရှိသည့်အခါ၊

(ဃ) တရားခံအား စွဲချက်တင်ခဲ့သော် ယင်းစွဲချက်နှင့်စပ်လျဉ်း၍ တရားခံက ထုချေဖြေရှင်းမပြုဘဲနေလျှင် ပြစ်ဒဏ်စီရင်နိုင်သည့် အကြောင်းအချက် မပေါ်ပေါက်သည့်အခါ။

**မည်သည့်အခါ တရားသေလွှတ်သနည်း**

တရားလိုနှင့် တရားလိုပြသက်သေများ၊ တရားခံနှင့် တရားခံပြသက်သေများ၏ ထွက်ဆိုအစစ်ခံချက်များအရ အောက်ပါအခြေအနေများတွင် တရားခံအား တရားသေလွှတ်ပါသည်-

(က) တရားခံအပေါ် ပြစ်ဒဏ်စီရင်ထိုက်ကြောင်း တထစ်ချညွှန်ပြသည့် ခိုင်မာသော သက်သေခံချက် အထောက်အထားများ မတွေ့ရှိရသည့်အခါ၊

(ခ) တရားခံသည် ပြစ်မှုကျူးလွန်သူဖြစ်သည်ဟူ၍ ထင်ကြေးဖြင့် အပြစ်ပေးရမည့် အခြေအနေမျိုး ဖြစ်နေသည့်အခါ၊

(ဂ) တရားခံသည် အမှန်တကယ်ပြစ်မှုကျူးလွန်သူ ဖြစ်သည်/မဖြစ်သည်ကို ဖြစ်တတ်သော သဘာဝနှင့် နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သော သံသယ ဖြစ်နေသည့်အခါ၊

(ဃ) တရားခံသည် အပြစ်ရှိသူဖြစ်သည် သို့မဟုတ် အပြစ်မရှိသူဖြစ်သည် ဟူ၍ ကောက်ချက်နှစ်မျိုး ထွက်ပေါ်နေသည့်အခါ၊

(င) တရားခံသည် ပြစ်မှုကျူးလွန်သူဖြစ်သော်လည်း ယင်း၏ ပြုလုပ်မှုသည် ဥပဒေတွင်ပြဋ္ဌာန်းထားသော ကင်းလွတ်ရမြဲအချက်များ သို့မဟုတ် လွတ်ငြိမ်းခွင့် ခြွင်းချက်များတွင် အကျုံးဝင် ကျရောက်နေသည့်အခါ” ......။

လို့ ရေးသားထားပါတယ်။ လွှတ်တယ်ဆိုတဲ့ စကားလုံးပါတာနဲ့ ရောကြိတ်နေကြတာလို့ ထင်ပါတယ်။ ဥပဒေစကားရပ်ကို သာမန်လူတွေ နားလည်လွယ်အောင် ရေးသားထားတဲ့ စကားလုံးတွေကိုပဲ ကိုဒင် တွေ့ရမှာဖြစ်ပါတယ်။ ဒါကို တလွဲဆံပင်ကောင်းပြီး အမှုကို မကြီးကြီးအောင်၊ ကြံ့တုန်းလေး ဆော်လိုက်ဦးမယ်ဆိုတဲ့ ပုံစံမျိုးနဲ့ လုပ်နေကြတာက စိတ်မကောင်းစရာပါပဲ။

နောက်ထပ်ပြီးတော့လည်း ဆရာမောင်စာဂက သူ့ဆောင်းပါးကို ဒီလို ဆက်ရေးထားပါတယ်။

**သမ္မန်မှုများတွင် တရားရှင်လွှတ်ခြင်း မရှိပါ**

ဝရမ်းမှုမဟုတ်သော ပြစ်ဒဏ်တစ်ရပ်နှင့် သက်ဆိုင်သည့် သမ္မန်မှုများကို တရားရုံးက စစ်ဆေးသည့်အခါ ရှေးဦးစွာ တရားခံကို အပြစ်ကျူးလွန်ခြင်း ရှိ/ မရှိ မေးမြန်းသည်။ တရားခံက အပြစ်ကျူးလွန်ခဲ့ပါသည်ဟူ၍ ဝန်ခံလျှင် ထိုက်သင့်သည့် ပြစ်ဒဏ်များ စီရင်သည့်အမိန့် ချမှတ်သည်။

တရားခံက ပြစ်မှုကျူးလွန်ရခြင်းမရှိကြောင်း ငြင်းဆိုလျှင် တရားရုံးက တရားလိုနှင့် တရားလိုပြသော သက်သေများကို စစ်ဆေးသည်။ ပြီးလျှင် တရားခံနှင့် တရားခံပြသော သက်သေများကို စစ်ဆေးသည်။ နှစ်ဖက်အမှုသည်များ ကြားနာသည်။ နှစ်ဖက်သက်သေ အစစ်ခံထွက်ဆိုချက်များအရ တရားခံ အပြစ်ကျူးလွန်ကြောင်း တွေ့ရှိလျှင် ပြစ်ဒဏ်စီရင်သည်။ အပြစ်ကျူးလွန်ကြောင်း မတွေ့ရှိက တရားသေလွှတ်မိန့်ချမှတ်သည်။ သမ္မန်မှုများကို စစ်ဆေးရာတွင် တရားခံကို တရားရှင်လွှတ်သည့် အမိန့်ချမှတ်ခြင်းမျိုး မရှိပါ။

**တရားရှင်လွှတ်ခြင်း၊ တရားသေလွှတ်ခြင်းတို့၏ အကျိုးသက်ရောက်မှု**

တရားရှင်လွှတ်သည်ဆိုရာတွင် တရားလိုဘက် ထွက်ဆိုအစစ်ခံချက်များအရ မခိုင်မာ၍ လွှတ်ခြင်းဖြစ်သည်။ သက်သေခံချက်အထောက်အထားများ ထပ်မံရှာဖွေ၍ အထောက်အထားခိုင်မာလျှင် ထပ်မံတရားစွဲဆိုခွင့်ရှိသည်။

တရားသေလွှတ်သည်ဆိုရာတွင် တရားလိုနှင့် တရားခံ နှစ်ဖက်သက်သေ ထွက်ဆိုအစစ်ခံချက်များအရ တရားခံပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်မှု မရှိသဖြင့် အမှုမှ အပြီးအပြတ်လွှတ်ခြင်း ဖြစ်သည်။ ယင်းပြစ်မှုအရ တရားခံအပေါ် နောက်ထပ် ထပ်မံ၍ တရားစွဲဆိုခွင့်မရှိတော့ပါ။

တရားရှင်လွှတ်သည့်အမိန့်ကို မကျေနပ်လျှင် အမှုသည် ကာယကံရှင်ကိုယ်တိုင် အဆင့်မြင့်တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းလျှောက်ထားခွင့်ရှိသည်။

တရားသေလွှတ်သည့်အမိန့်ကို မကျေနပ်လျှင် အမှုသည်ကာယကံရှင်ကိုယ်တိုင်က အဆင့်မြင့်တရားရုံးသို့ တိုက်ရိုက်အယူခံမှု တင်သွင်းလျှောက်ထားခွင့် မရှိပါ။ အယူခံဝင်လိုလျှင် သက်ဆိုင်ရာ ဥပဒေရုံးသို့ လျှောက်ထားရသည်။ တရားသေလွှတ်သည့်အမိန့် အယူခံကို တရားလွှတ်တော်ကသာ လက်ခံကြားနာခွင့်ရှိသည် ဖြစ်ရာ ဥပဒေရုံးများက သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြပြီး အယူခံ ဝင်ရောက်သင့်ကြောင်း တွေ့ရှိလျှင် တရားလွှတ်တော်သို့ အယူခံလျှောက်ထားပေးမည်ဖြစ်သည်။

**ဆိုရိုးစကားရှိထားသည်များ**

“ရာဇဝတ်မှုခင်းများတွင် အပြစ်ကျူးလွန်သူ ဆယ်ယောက် လွတ်ချင်လွတ်သွားပါစေ၊ အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ယောက်ကို အပြစ်မပေးမိပါစေနှင့်” ဟု ဆိုရိုးစကား ရှိသည်။ အပြစ်ကျူးလွန်ခြင်းမရှိသူ တစ်ဦးတစ်ယောက်ကို အပြစ်မပေးမိစေဖို့ လွန်စွာမှ သတိပြုဆင်ခြင်ထိုက်ကြောင်း ပမာပုံဆောင်ပြသည့် ဆိုရိုးစကားသာ ဖြစ်ပါလိမ့်မည် ထင်သည်။

အမှန်တကယ်တော့ အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ဦးကို ပြစ်ဒဏ်စီရင်ခြင်း မပြုမိကြစေဖို့ အထူးသတိပြုဆင်ခြင်ထိုက်ကြသလို အပြစ်ကျူးလွန်သူ ၁၀ ဦးကိုလည်း တရားရှင်လွှတ်ခြင်း သို့မဟုတ် တရားသေလွှတ်ခြင်း မဖြစ်ပေါ်စေသင့်ပါ။ အမှန်တကယ် အပြစ်ကျူးလွန်သူ ၁၀ ဦး အပြစ်မှ လွတ်မြောက်သွားခဲ့လျှင် နောက်ထပ်ပြစ်မှုတစ်ရာ ပေါ်လာနိုင်သည်ကိုလည်း အထူးသတိပြု ဆင်ခြင်အပ်ကြသည်။

ဥပဒေကို အသုံးချ၍ ပြစ်မှုကျူးလွန်လေ့ရှိသူများ တွေ့ရတတ်သည်။ ဥပဒေကို လက်တစ်လုံးခြားရှောင်တိမ်းကာ ပြစ်မှုကျူးလွန်တတ်ကြသူများလည်း ရှိသည်။ ဥပဒေဖောက်ဖျက်ကျူးလွန်ခြင်းကို အသက်မွေးဝမ်းကျောင်းသဖွယ် ပြုကျင့်ကာ ဆောင်ရွက်နေတတ်သူများလည်း ရှိသည်။ ထိုသို့သောသူများကို ဥပဒေဖောက်ဖျက်ကျူးလွန်နေပါလျက် ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်၊ ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်မြောက်နေပါလျှင် အများပြည်သူနှင့် နိုင်ငံတော်လုံခြုံစိတ်ချရမှုမရှိ။ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေမည်သာ၊ တရားဥပဒေစိုးမိုးရေးပျက်ပြားမှု ရှိနေမည်သာ”။

ဒါကို သေချာဖတ်ကြည့်ရင် အောင်ရဲထွေးအမှုကို ရုပ်သိမ်းခဲ့တာနဲ့ပတ်သက်ပြီး တိုက်ရိုက်ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးတော့ပဲဖြစ်ဖြစ် ထင်ယောင်ထင်မှားဖြစ်စရာ တစ်ကွက်မှ ရှာမတွေ့နိုင်ပါဘူး။ တရားဥပဒေအရ ဘာလုပ်သင့်တယ်၊ ဘာလုပ်ရင် ရတယ်ဆိုပြီး ဥပဒေနဲ့ပတ်သက်လို့ အလှမ်းဝေးတဲ့သူတွေ သိနိုင်အောင် ပညာပေး ရေးသားထားတာကိုပဲ တွေ့ရမှာဖြစ်ပါတယ်။

ဆရာကြီးက သူ့ရဲ့ရေးဟန်အတိုင်း ဥပဒေနဲ့ ပတ်သက်လို့ သူတတ်တဲ့ပညာနဲ့ တကယ်ရှင်းလင်းလွယ်ကူစွာ ဖတ်နိုင်အောင် အားထုတ်ပေးထားပါတယ်။

**လမ်းညွှန်သဖွယ်လေ့လာသင့်သော စီရင်ထုံးများ**

တရားခံပေါ် စွဲချက်တင်ထိုက်၊ မတင်ထိုက် စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက်တို့သည် တရားခံအား အပြစ်ပေးထိုက်၊ မပေးထိုက် စဉ်းစားသည့်အခါ စဉ်းစားရန်ရှိသော အချက်အလက်မျိုးနှင့် သဘောအားဖြင့် တူညီခြင်း မရှိပါ။ စွဲဆိုသည့် ပြစ်မှုကို တရားခံက ကျူးလွန်သည်ဟု ထင်မြင်ဖွယ်ရာရှိကြောင်း ညွှန်ပြသည့် သက်သေခံချက်များရှိပါက တရားခံအပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည်သာ ဖြစ်သည်။ **(၁၉၈၂ ခုနှစ်၊ မတစ၊ စာ- ၆၇)**

တရားခံတို့အား အပြစ်ပေးလောက်အောင် အခိုင်အလုံအထောက်အထား မရှိဟု ပညာရှိ အထူးတရားသူကြီးက ယူဆသော်လည်း ၎င်းတို့အား ညွှန်ပြသည့် သက်သေခံအထောက်အထားများကား ရှိနေပေသည်။ ထို့ကြောင့် ၎င်းတို့အား ထုချေဖြေရှင်းစေခြင်းမပြုဘဲ တရားရှင်လွှတ်လျှင် တစ်ဖက်က နစ်နာသူများအဖို့ ရုံး၏ စီရင်ချက်သည် တရားမျှတမှု ကင်းမဲ့ခဲ့သည်ဟု ထင်မြင်ယူဆဖွယ်ရာဖြစ်သည်။ **(၁၉၆၆ ခုနှစ်၊ မတစ၊ စာ-၆၁၆)**

တရားခံပြစ်မှုကျူးလွန်ကြောင်းကို သံသယကင်းရှင်းသည်အထိ သက်သေထင်ရှားပြရန် တရားလိုပေါ်တွင် တာဝန်ရှိသည်။ အကယ်၍ တရားလိုဘက်မှ သက်သေထင်ရှားပြရာတွင် တရားခံသည် ပြစ်မှုကျူးလွန်သူတစ်ဦးဖြစ်မှ ဖြစ်ပါ့မလားဟူ၍ သံသယပေါ်ပေါက်လာပါက ထိုသံသယ၏အကျိုးကို တရားခံအား ခံစားခွင့်ပေး၍ အမှုမှ အပြီးအပြတ်လွှတ်ရသော အခြေခံသဘောတရား တစ်ရပ်လည်း ရှိသည်။ **(အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ၊ စာ-၉၄)**

“သံသယ၏ အကျိုးကို တရားခံအား ပေးရမည်။” ဟူသည့်အစား ထင်ကြေးဖြင့် အပြစ်မပေးသင့်။ ခိုင်လုံသော အထောက်အထားပြည့်စုံမှသာ အပြစ်ပေးရမည် ဆိုလျှင် တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟူသော အခြေခံမှုတစ်ရပ်လည်း ရှိသည်။ တရားခံတစ်ဦးအပေါ် ပြစ်မှုကျူးလွန်ကြောင်း ကွင်းဆက်မပြတ် ခိုင်လုံသော သက်သေခံချက်အထောက်အထားရှိမှသာ အပြစ်ပေးရန်ဖြစ်သည်။ ထင်ကြေးဖြင့်ဖြစ်စေ၊ အစွဲအလမ်းဖြင့်ဖြစ်စေ အပြစ်ပေးခြင်းမျိုးမပြုရ။ **(အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ၊ စာ-၃၁၉)**

ယင်းကဲ့သို့ တရားရှင်လွှတ်ခြင်း၊ တရားသေလွှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ စဉ်းစားဆင်ခြင်ရန်ရှိသည့်အခါ ၁၉၇၂ ခုနှစ် မတစ၊ စာ-၃၃။ ၁၉၇၇ ခုနှစ် မတစ၊ စာ-၁၂။ ၁၉၇၉ ခုနှစ် မတစ၊ စာ-၁၅၉။ ၁၉၈၀ ခုနှစ် မတစ၊ စာ-၆၄။ ၁၉၈၂ ခုနှစ် မတစ၊ စာ-၃၅။ ၁၉၈၁ ခုနှစ် မတစ၊ စာ-၆၄ စီရင်ထုံးများနှင့် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ (၁၉၆၅-၁၉၇၀) စာ-၇၁၊ ၁၃၀၊ ၂၄၀၊ ၂၅၂၊ ၂၉၉၊ ၃၁၂၊ ၃၂၂ စီရင်ထုံးများသည် လမ်းညွှန်သဖွယ် ဖတ်ရှုလေ့လာ ကိုးကားသင့်ကြကြောင်းပါ”။

ဆရာမောင်စာဂရဲ့ဆောင်းပါးက အလွန်ရှင်းပါတယ်။ သူ့ရဲ့ဆိုလိုရင်းကို အမြဲနိဂုံးချုပ်မှာ ရေးသားလေ့ရှိပါတယ်။ ဆရာက **“အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ဦးကိုလည်း ပြစ်ဒဏ်စီရင်ခြင်း မပြုမိစေလိုပါ။ အပြစ်ကျူးလွန်သူတစ်ဦးကိုလည်း ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်မြောက်မသွားစေလိုပါ။ ဥပဒေအရာတွင် တန်းတူညီမျှရှိ၍ တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းနေပါစေ”** လို့ ရေးသားနိဂုံးချုပ်ထားပါတယ်။

ဘက်လိုက်တယ်ဆိုတဲ့ အချက်ကလေး တစ်စွန်းတစ်စတောင် ရှာမရတဲ့ ဥပဒေရေးရာဆောင်းပါး၊ ဥပဒေပညာပေးဆောင်းပါး ဖြစ်ပါတယ် ကိုဒင်။

ဒါကို အခုလို မဆီမဆိုင်နဲ့ သရုပ်ဆောင် အောင်ရဲထွေးအမှုနဲ့ သက်ဆိုင်သယောင် ရေးသားထားတာတွေနဲ့ ပတ်သက်ပြီး ကြုံဆုံခဲ့ရတာလေးလည်း ကိုဒင့် ကြုံတွေ့ခဲ့ရ သတင်းသမားဘဝ အတွေ့အကြုံရေးတဲ့အခါ ပြည့်ပြည့်စုံစုံလေး ထည့်ရေးလိုက်ပါဦးလို့ အမှာတော်ပါးရင်း ကျွန်တော့်ဆောင်းပါးကို အဆုံးသတ်လိုက်ပါတယ် ကိုဒင်။

ရှင်လန်းချမ်းမြေ့ပါစေ။ ။

❖ ဒါကို သေချာဖတ်ကြည့်ရင် အောင်ရဲထွေးအမှုကို ရုပ်သိမ်းခဲ့တာနဲ့ပတ်သက်ပြီး တိုက်ရိုက်ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးတော့ပဲဖြစ်ဖြစ် ထင်ယောင်ထင်မှားဖြစ်စရာ တစ်ကွက်မှ ရှာမတွေ့နိုင်ပါဘူး။ တရားဥပဒေအရ ဘာလုပ်သင့်တယ်၊ ဘာလုပ်ရင် ရတယ်ဆိုပြီး ဥပဒေနဲ့ပတ်သက်လို့ အလှမ်းဝေးတဲ့သူတွေ သိနိုင်အောင် ပညာပေး ရေးသားထားတာကိုပဲ တွေ့ရမှာဖြစ်ပါတယ်။

❖ ဆရာကြီးက သူ့ရဲ့ ရေးဟန်အတိုင်း ဥပဒေနဲ့ပတ်သက်လို့ သူတတ်တဲ့ပညာနဲ့ တကယ်ရှင်းလင်းလွယ်ကူစွာ ဖတ်နိုင်အောင် အားထုတ်ပေးထားပါတယ်။

# ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်းများဖွဲ့စည်းရေး ပုသိမ်တွင် တွေ့ဆုံဆွေးနွေး

ပုသိမ် ဩဂုတ် ၄

**ရင်ခွင်မဲ့ကလေးများဖြစ်ခြင်းကို လျှော့ချရန်နှင့် ရင်ခွင်မဲ့ကလေးငယ်များအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အခြေခံအခွင့်အရေးများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးရန် ဟူသော ရည်ရွယ်ချက်တို့ဖြင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ဗဟို) မှ ဧရာဝတီတိုင်းဒေသကြီးအတွင်း အသင်းများဖွဲ့စည်းရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

**အသင်း၏ဆောင်ရွက်ချက်ရှင်းလင်း**

တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်နှင်းညိုက အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းက အသင်းကြီးဖြစ်ပေါ်လာပုံကို လည်းကောင်း၊ အသင်း၏ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာက အသင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် တိုင်းဒေသကြီးအတွင်း အသင်းများဖွဲ့စည်းရန် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ အသင်းအဖွဲ့ဝင် ဒေါက်တာ ခင်သန်းအေးက အသင်း ၏ လက်ရှိလုပ်ငန်း ဆောင်ရွက်ချက်များကို လည်းကောင်း အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။



**အပြန်အလှန်ဆွေးနွေး**

ထို့နောက် အသင်း၏ဖွဲ့စည်းပုံ စာအုပ်များ၊ သီချင်းခွေများ၊ ရင်ထိုးတံဆိပ်များနှင့် အသင်းဝင်အဆိုပြုလွှာများကို အသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းက တိုင်းဒေသကြီး အမျိုးသမီး ကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးထံသို့ ပေးအပ်ပြီး မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး ဒုဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက အသင်းဝင်လျှောက်လွှာ ၅၀၀ ကျော်ကို အသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းထံသို့ ပေးအပ်သည်။ ဆက်လက်၍ တက်ရောက်လာသူများက သိလိုရှိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**မျိုးဆက်ပွား ကျန်းမာရေး**

မျိုးဆက်ပွားကျန်းမာရေး ဆွေးနွေးပွဲအစီအစဉ်အား မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကား ပြောကြားပြီး အသင်း၏အထွေထွေ အတွင်းရေးမှူးက မျိုးဆက်ပွား ကျန်းမာရေးအကြောင်း၊ မိသားစုစီမံကိန်းနှင့် သားဆက်ခြားနည်းများ အကြောင်း၊ တိုင်းဒေသကြီး သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းဝင်းမာက အရေးပေါ် သားဆက်ခြားနည်းများအကြောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များ ကို ပြန်လည်ဖြေကြားခဲ့သည်။

ဆွေးနွေးပွဲ အခမ်းအနားသို့ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာ၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ကျင်သန်းနှင့် အဖွဲ့ဝင်များဖြစ်သော ဒေါ်ခိုင်နွယ်ဦး၊ ဒေါက်တာ ခင်သန်းအေးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်နှင်းညို၊ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဂျိမိုးမြတ်မြတ်သူ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးပရဟိတအဖွဲ့များ၊ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၄

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော (၁၄) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီ မှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ပါဝင်သွေးလှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူဒါန်းမည့်သူများအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း-၀၉-၅၁၃၅၅၁၅၊ ၀၉-၄၄၉၂၅၃၇၆၇ တို့သို့ ဩဂုတ် ၁၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

## မြန်မာဘရူဝါရီလီမိတက် ကရဏာရှေးရှု မြန်မာမှုအစီအစဉ်မှ (၂၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

မန္တလေး ဩဂုတ် ၄

မြန်မာဘရူဝါရီလီမိတက် ကရဏာရှေးရှု မြန်မာမှုအစီအစဉ်အဖြစ် မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းများနှင့် စီးပွားဘက်မိတ်ဆွေများ၊ ကရဏာနှလုံးသားပိုင်ရှင် သွေးလှူရှင်များ၏ (၂၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၃ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၉×၃၀ လမ်းကြား ၇၇ လမ်း မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်းရှိ အမျိုးသားသွေးလှူဘဏ်(မန္တလေး) ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် သွေးလှူရှင် ၃၀၈ ဦးတို့က သွေးများလာရောက်လှူဒါန်းခဲ့ကြရာ သွေးလှူဘဏ်မှ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများက လိုအပ်သောကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်၍ သွေးဖောက်လက်ခံခဲ့ကြပြီးနောက် သွေးလှူရှင်များကို အာဟာရဖြည့်စွက်စာ၊ အားဆေးနှင့် အမှတ်တရလက်ဆောင်များပေးအပ်ကြပြီး ဦးခိုင်ဘွားက သွေးအလှူရှင်များကိုယ်စား သွေးအိတ်များ ပေးအပ်လှူဒါန်းရာ ဒေါက်တာခင်မြတ်မွန်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မြန်မာဘရူဝါရီလီမိတက် ကရဏာရှေးရှု မြန်မာမှုအစီအစဉ်သည် ၂၀၀၆ ခုနှစ်မှ စတင်ခဲ့ရာ တစ်နှစ်ထက်တစ်နှစ် သွေးလှူရှင်များ ပိုမိုတိုးတက်များပြားလာခဲ့ပြီး ၂၀၁၈ ခုနှစ် (၂၃)ကြိမ်မြောက် ကျောက်ဆည်မြို့တွင် ကျင်းပခဲ့သည့် စုပေါင်းသွေးလှူဒါန်းပွဲအထိ သွေးအိတ်ပေါင်း ၂၁၀၇၆ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ အရေးပေါ်ထောက်ပံ့မှု ရန်ပုံငွေဖြင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများတွင် ကူညီထောက်ပံ့မှုများဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၄

ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ (MOP) Emergency Grant ငြိမ်းချမ်းရေးသံတမန်အရေးပေါ်အသေးစား ထောက်ပံ့မှုရန်ပုံငွေဖြင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ လက်ရှိ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ရေဘေးသင့်ဒေသအသီးသီးအတွက် အဝတ်အထည်၊ အစားအသောက်နှင့် ငွေကြေးများ သွားရောက်လှူဒါန်းကူညီရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဇူလိုင် ၂၂ ရက်မှ စတင်၍ ရေဘေးအန္တရာယ် ကြုံတွေ့နေရသော ဒေသအသီးသီးတွင် အရေးပေါ် ကူညီကယ်ဆယ် ထောက်ပံ့နိုင်ရေးအတွက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ကင်းထောက်လူငယ်များ၊ ဒေသခံကင်းထောက်လူငယ်များစုစည်း၍ ထောက်ပံ့ကူညီစောင့်ရှောက်ရေး၊ အကူအညီများပေးနိုင်ရန်အတွက် လိုအပ်သော ရန်ပုံငွေများကို ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ (MOP) Emergency Grant ငြိမ်းချမ်းရေးသံတမန် အရေးပေါ်အသေးစား ထောက်ပံ့မှုရန်ပုံငွေကို (Rovers in Action) အမည်ဖြင့် အသေးစား ထောက်ပံ့ငွေများကို ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ လိုအပ်သော ရန်ပုံငွေအဖြစ် လှူဒါန်းခြင်းဖြစ်သည်။



**ကရင်ပြည်နယ် ဘားအံမြို့ရေဘေးသင့်ပြည်သူများအား ကင်းထောက်လူငယ်များက စားသောက်ကုန်များ ထောက်ပံ့မှုကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ကူညီပူးပေါင်းဆောင်ရွက်ကြစဉ်။**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့် ခံရသော အခြားဒေသအသီးသီးတွင် ယင်းလှူဒါန်းငွေများကိုလိုအပ်လျက်ရှိသည့် အရေးပေါ် အထောက်အပံ့ပစ္စည်းများ ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်အစရှိသည့် ငွေကျပ် သိန်း ၆၀ တန်ဖိုးရှိ ပစ္စည်းများ ဝယ်ယူပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ ကင်းထောက်ကြီးများ၊ တက္ကသိုလ် ကင်းထောက်လူငယ်များ၊ ဒေသခံကင်းထောက်ဆရာ၊ ဆရာမများ၊ ကင်းထောက် လူငယ်များက ဩဂုတ်လ ဒုတိယပတ်နှင့် တတိယပတ်များတွင် ဒေသဆိုင်ရာ ဌာနအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းကာ သွားရောက်ကူညီလှူဒါန်းကြမည် ဖြစ်သည်။

ထို့အပြင် ရေဘေးသင့်ခံရပြီး အကူအညီ အထူးလိုအပ်လျက်ရှိသော ကင်းထောက်လူငယ်များ အတွက် ဆက်လက်ကူညီ ပံ့ပိုးပေးနိုင်ရန် စီစဉ်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်ကောလိပ် ကျောင်းများမှ ကင်းထောက်လူငယ်များ၏ ဦးဆောင်မှုဖြင့် ယင်းကောက်ခံရရှိထားသော အလှူငွေများကို ဩဂုတ်လ ဒုတိယပတ်အတွင်း ရေဘေးသင့် ဒေသအသီးသီးသို့ သွားရောက်ကူညီ လှူဒါန်းကြမည်ဖြစ်သည်။

ယခုအခါ မော်ဘီနည်းပညာ တက္ကသိုလ်မှ ကင်းထောက်လူငယ်များသည် ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့၊ ဒေသခံကင်းထောက်များနှင့် ပူးပေါင်း၍ ပြည်သူ့အကျိုးပြု ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အစားအသောက် ပစ္စည်းများ ထောက်ပံ့ပေးပို့ ကူညီမှုများကို ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကရင်ပြည်နယ် ဘားအံ ရေဘေးသင့် ဒေသများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်အပေါ် ကင်းထောက်အဖွဲ့ဝင် အင်အားများ တိုးချဲ့ကာ ထပ်မံအားဖြည့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့**

## စလင်း၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သောလမ်းများစစ်ဆေး

**စလင်း ဩဂုတ် ၄-** မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် စလင်းမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပထမ ခြောက်လဘတ်ဂျက်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တမာချောင်ကျေးရွာ၊ ကြို့ဝန်းကျေးရွာ၊ ရှားတော(မြောက်) ကျေးရွာ များတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ထားသော ကျေးရွာတွင်းလမ်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ယမန်နေ့က မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့်အဖွဲ့ ယမန်နေ့က ကျေးရွာများအရောက် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ကျေးလက်ပြည်သူ ဝင်ငွေတိုးစေမည့် ပေတောကျေးရွာရှိ ခေတ်မီဥစားကြက်ခြံစီမံကိန်း


ဒေါက်တာအောင်ကြည်ဦး


ဒေါက်တာကိုကိုစိုး


ဒေါ်ခင်လှိုင်


ဦးအောင်ဆန်းဦး


ဦးသောင်းညွန့်

**နိုင်ငံ၏သားငါးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေးအတွက် မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးမြင့်ရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်လျက်ရှိသည်။**

ယခုအခါ နေပြည်တော် တပ်ကုန်းမြို့နယ် ပေတောကျေးရွာတွင် ခေတ်မီ ဥစားကြက်ခြံ စီမံကိန်းကို အစိုးရ၊ ပုဂ္ဂလိက၊ ကျေးရွာနှင့် ပြည်တွင်းဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပေတောကျေးရွာ အနေဖြင့် နိုင်ငံတော်က ထောက်ပံ့သည့် ကျေးရွာရန်ပုံငွေ တည်ထောင်ရေးစီမံကိန်းမှ ငွေကျပ်သိန်း ၁၀၀ ကို အသုံးပြု၍ ဝယ်ယူထားသည့် ကျေးရွာပိုင်မြေ ၅ ဒသမ ၁၉ ဧကကို အစိုးရ၏ မြေနေရာအခြားသုံးစွဲခွင့်ပြုမိန့်ရယူပြီး ကျေးရွာလူထု၏ သဘောတူညီမှုနှင့် တစ်နှစ်ကို ငွေကျပ်သိန်း ၆၀ ဖြင့် မြန်မာစီပီမွေးမြူရေးကုမ္ပဏီလီမိတက်ကို ခေတ်မီဥစားကြက်ခြံစီမံကိန်းမြေနေရာအဖြစ် ငှားရမ်းအသုံးပြုခွင့်ပေးခဲ့ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်။

**ဒေါက်တာအောင်ကြည်ဦး**

**(နေပြည်တော်ဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန)**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှာ ပြည်တွင်းအသားထုတ်လုပ်မှု တိုးတက်စေဖို့၊ လယ်ယာထုတ်လုပ်တဲ့နေရာမှာ အသုံးပြုတဲ့ ကျွဲ၊ နွားတွေ တိုးတက်ဖို့၊ မျိုးကောင်း မျိုးသန့်တွေ ထုတ်လုပ်ပေးဖို့၊ မွေးမြူထုတ်လုပ်မှု အရည်အသွေး တိုးတက်ဖို့၊ အရင်းအနှီးတတ်နိုင်သူတွေကို ဖိတ်ခေါ်ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံအောင် လုပ်ပေးဖို့၊ တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ပေးရေးလုပ်ငန်းတွေကို ဂရုတစိုက်လုပ်ပေးဖို့နဲ့ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းအားဖြင့် လူမှုအဆင့်အတန်းတွေ တိုးပွားဖို့ဆိုပြီး ရည်ရွယ်ချက် ၆ ချက်ရှိပါတယ်။

CP ကုမ္ပဏီက မြေငါးဧကပေါ်မှာ ကြက်ခြံသုံးခြံဆောက်မယ်။ တစ်ခြံကို ဥစားကြက်မ နှစ်သောင်းခွဲထည့်မယ်။ မြေနေရာကျဉ်းကျဉ်းနဲ့ ဥစားကြက်မ ခုနစ်သောင်းခွဲ မွေးနိုင်တဲ့အခါ တစ်နေ့ကို ကြက်ဥပျမ်းမျှ ခြောက်သောင်းထွက်မယ်လို့ မှန်းထားပါတယ်။ ခြောက်သောင်းက နေပြည်တော်တစ်ခွင်မှာရှိတဲ့ ပြည်သူတွေ စားသုံးမှု ဖူလုံစေဖို့အတွက် လုပ်ပေးနိုင်တဲ့ လုပ်ငန်းစဉ်ဖြစ်လို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြိုဆိုပါတယ်။ နောက်တစ်ခုက အလုံပိတ်စနစ်ဖြစ်တဲ့အတွက် ဘိုင်အိုစီလို့ခေါ်တဲ့ ဇီဝလုံခြုံရေးကို မြှင့်တင်ပေးနိုင်တဲ့အတွက် ကျွန်တော်တို့ ရည်မှန်းချက်ထဲမှာပါတဲ့ တိရစ္ဆာန်ကာကွယ်ရေးကို ထိန်းချုပ်တဲ့နေရာမှာ ကျင့်စဉ်နဲ့ညီတဲ့အတွက် အားပေးပါတယ်။

တစ်နေရာတည်းမှာပဲ စုစုစည်းစည်းနဲ့လုပ်တဲ့အခါ စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်နိုင်တဲ့အတွက် နိုင်ငံတကာဈေးကွက်ကို ယှဉ်နိုင်တဲ့ အနေအထားမျိုး ရောက်ပါတယ်။ ဒီလိုနိုင်ငံတကာဈေးကွက်ကို ယှဉ်နိုင်တာနဲ့တစ်ပြိုင်နက် မွေးမြူရေးကနေ ရရှိလာတဲ့ အကျိုးအမြတ်ကို ပြည်သူတွေ အပြည့်အဝခံစားနိုင်မှာပါ။ ကြက်ဥဈေးကျလာမယ်။ ကြက်ဥပေါပေါထုတ်လာနိုင်မယ်။ ကြက်ဥကို ပြည်သူတွေ နေရာတကာမှာ အလွယ်တကူနဲ့ ဝယ်ရနိုင်တဲ့အတွက် ပိုပြီးစားသုံးနိုင်ပါမယ်။

ဒီလိုခြံမျိုး များများလုပ်ပေးနိုင်ရင် ပြည်သူတွေအနေနဲ့လည်း ပုံမှန်မွေးတာနဲ့ ခေတ်မီတဲ့ နည်းစနစ်နဲ့မွေးမှ နိုင်ငံတကာကို ယှဉ်နိုင်မယ်ဆိုတဲ့ အသိတွေ ရနိုင်တဲ့အတွက် ဒီလိုခြံမျိုးတွေ များများဖြစ်ပေါ်ဖို့ အားပေးရပါမယ်။ ဦးစီးဌာနအနေနဲ့လည်း အားပေးပါတယ်။

**ဒေါက်တာကိုကိုစိုး**

**(လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာစီပီမွေးမြူရေးကုမ္ပဏီ)**

ပေတော ခေတ်မီဥစားကြက်ခြံစီမံကိန်းဟာ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်နေပြည်သူလူထုဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို တစ်တပ်တစ်အား ပါဝင်ကူညီတဲ့ စီမံကိန်းတစ်ရပ်ဖြစ်ပြီး ကျေးရွာရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့ စီမံကိန်းလည်းဖြစ်ပါတယ်။ ဒီစီမံကိန်းကို ၂၀၁၄ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကျေးရွာပေါင်း ၅၁ ရွာမှာ CP ကုမ္ပဏီက မတည်ငွေနဲ့ စတင်ခဲ့ပါတယ်။

ဒီစီမံကိန်းမှာ ကျေးရွာသူ ကျေးရွာသားတွေကနေပြီး ကျေးရွာရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းရပါတယ်။ ဒီကော်မတီကနေ စီမံခန့်ခွဲပြီးတော့ ရန်ပုံငွေကို ကျေးရွာသူ ကျေးရွာသားတွေကို အတိုးနှုန်း တစ်လကို ပြား ၅၀ နှုန်းနဲ့ ချေးပေးရပါတယ်။ ကျေးရွာသူ ကျေးရွာသားတွေက ဒီရန်ပုံငွေကို ချေးယူပြီး သူတို့ရဲ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို လုပ်ဆောင်ကြပါတယ်။ သူတို့လုပ်ငန်းတွေ အောင်မြင်တဲ့အခါမှာ ရန်ပုံငွေကို ကျေးရွာကော်မတီကို ပြန်ဆပ်ရပါတယ်။ ကျေးရွာကော်မတီက ဒီရန်ပုံငွေကို နောက်တစ်ကြိမ် ကျေးရွာသူ ကျေးရွာသားတွေကို ပြန်ပြီးတော့ ထုတ်ချေးပေးရတယ်။ ဒီလို လည်ပတ်သွားတဲ့ ရန်ပုံငွေဖြစ်ပါတယ်။

အထက်မြန်မာပြည်မှာ ၂၆ ရွာ၊ အောက်မြန်မာပြည်မှာ ၂၅ ရွာနဲ့ စုစုပေါင်း ၅၁ ရွာ ဒီစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းလည်ပတ်နေတာ ၁၁ ကြိမ် ရှိသွားပါပြီ။ နောက်တစ်ဆင့်အနေနဲ့ ရန်ပုံငွေဖွံ့ဖြိုးတိုးတက်အောင်လုပ်တဲ့ စီမံကိန်းတစ်ရပ်ကို ပေတောကျေးရွာမှာ စတင်ပြီးအကောင်အထည်ဖော် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ ကျေးရွာရန်ပုံငွေကော်မတီ၊ အစိုးရ၊ CP ကုမ္ပဏီနဲ့ ပြည်တွင်းဘဏ်တစ်ခုတို့ ပူးပေါင်းပြီး လုပ်ဆောင်ပါတယ်။ ကျေးရွာရန်ပုံငွေကော်မတီက မြေဝယ်ပြီး လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ရအောင် အဆင့်ဆင့် လျှောက်ပါတယ်။ နိုင်ငံတော်ကလည်း သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အသီးသီးက ကွင်းဆင်းစစ်ဆေးပြီးတဲ့အခါ ဒီမြေကို အခြားနည်းသုံးစွဲခွင့်ရအောင် အတည်ပြုပေးခဲ့ပါတယ်။ မြန်မာစီပီမွေးမြူရေးကုမ္ပဏီအနေနဲ့ မွေးမြူရေးခြံ တည်ဆောက်တဲ့အပိုင်းကို တာဝန်ယူပါတယ်။ ရောဝတီဘဏ်အနေနဲ့က ဒီစီမံကိန်းအတွက် လိုအပ်တဲ့ငွေကြေးကို ကူညီထောက်ပံ့ပါတယ်။

အကျိုးအမြတ်အနေနဲ့တော့ ကျေးရွာသူ ကျေးရွာသားတွေက စီမံကိန်းကြောင့် မြေငှားခ တစ်နှစ် တစ်ဧကကို ၁၂ သိန်းနဲ့ ၅ ဧကအတွက် သိန်း ၆၀ ရရှိမှာ ဖြစ်ပါတယ်။ ရလာတဲ့ သိန်း ၆၀ ကို ရန်ပုံငွေထဲကို ပေါင်းထည့်ခြင်းအားဖြင့် ကျေးရွာသူ ကျေးရွာသားတွေကို ပိုပြီးတော့ ချေးနိုင်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရွာသူရွာသားတွေက ဒီခြံမှာ အလုပ်တွေ ဝင်လုပ်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိလာမှာ ဖြစ်ပါတယ်။


ခေတ်မီဥစားကြက်ခြံဆောက်လုပ်နေမှုကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရအနေနဲ့ကတော့ ပြည်သူလူထုကို အလုပ်အကိုင်အခွင့်အလမ်းတွေရအောင် ဖန်တီးပေးနိုင်တယ်။ ကျေးလက်နေပြည်သူလူထုရဲ့ ဝင်ငွေတိုးတက်လာအောင် လုပ်နိုင်တဲ့၊ လုပ်ပေးနိုင်တဲ့ အခွင့်အရေးတစ်ရပ်ကို ရရှိမှာဖြစ်ပါတယ်။ CP ကုမ္ပဏီအနေနဲ့ ဘာတွေရရှိနိုင်လဲဆိုတော့ CP ကုမ္ပဏီက ပြည်သူလူထုကို သန့်ရှင်းလတ်ဆတ်တဲ့ ဘေးအန္တရာယ်ကင်းတဲ့ အသားတွေ၊ ဥတွေကို ထောက်ပံ့ပေးနိုင်မှာဖြစ်သလို ခေတ်မီတဲ့ မွေးမြူရေးနည်းစနစ်တွေကိုလည်း ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ အလားတူ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကိုလည်း လုပ်ဆောင်တဲ့ ပုံရိပ်ကောင်းတွေကိုလည်း ရရှိမှာဖြစ်ပါတယ်။ ပြည်တွင်းဘဏ်ကလည်း ထိုက်သင့်တဲ့ အတိုးနှုန်းကို ရရှိမှာဖြစ်သလို လိုအပ်တဲ့ ကူညီထောက်ပံ့မှုတွေ ပေးနိုင်မှာဖြစ်ပါတယ်။ ပြည်သူလူထုအတွက် အကျိုးပြုတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကို လုပ်ပေးတဲ့အတွက်ကြောင့် ပုံရိပ်ကောင်းတစ်ခုကို ရရှိမှာဖြစ်ပါတယ်။

ဥစားကြက်ခြံကို အအေးပေးခန်းစနစ်နဲ့ အလုံပိတ်မွေးမြူရေးခြံ ဆောက်ထားခြင်းဖြစ်ပါတယ်။ တစ်ခြံကို ကြက်အကောင်ရေ ၂၅၀၀၀ နဲ့ စုစုပေါင်း သုံးခြံမှာ ကြက်အကောင်ရေ ၇၅၀၀၀ မွေးမြူထားရှိမှာဖြစ်ပါတယ်။ *စာမျက်နှာ ၉ သို့*






*စာမျက်နှာ ၈ မှ*

ဥစားကြက်အကောင်ရေ ၇၅၀၀၀ ကို အအေးပေးစနစ်နဲ့ မွေးထားတဲ့အတွက်ကြောင့် ရောဂါဘယခံနိုင်မှုတွေရှိတယ်။ ထုတ်လုပ်မှု စွမ်းအား အမြင့်မားဆုံး ရရှိနိုင်မှာလည်းဖြစ်ပါတယ်။ တစ်နေ့ကို ကြက်ဥပျမ်းမျှ ၆၀၀၀၀ ကျော်လောက် ထွက်ရှိလာမှာဖြစ်ပါတယ်။ ကြက်ဥကိုလည်း နေပြည်တော်နဲ့အနီးတစ်ဝိုက်မှာရှိတဲ့ မြို့တွေကို ဖြန့်ဖြူးရောင်းချသွားမှာ ဖြစ်ပါတယ်။

ကြက်တွေ ခြံထဲမှာနေထိုင်နိုင်တဲ့ အပူချိန် ၂၂ ဒီဂရီ စင်တီဂရိတ်ကို ထားရှိပေးမှာဖြစ်ပါတယ်။ အစာကျွေးတဲ့အခါ၊ ရေတိုက်တဲ့အခါတွေမှာလည်း အလိုအလျောက်စနစ်တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပြီး ကြက်ဥကောက်တဲ့အခါမှာလည်း ခြံထဲကို ဝင်ကောက်စရာမလိုဘဲ အလိုအလျောက်စနစ်တွေနဲ့ ဂိုဒေါင်ကို အရောက်ပို့ပေးသွားမှာ ဖြစ်ပါတယ်။ ကြက်ခြံ လုပ်သားတွေကတော့ ဂိုဒေါင်ထဲရောက်လာတဲ့ ကြက်ဥတွေကို ပါကင်လုပ်ရုံပဲရှိပါတယ်။ ခြံထဲကို လူဝင်လူထွက်ကို ထိန်းချုပ်ထားခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် ခြံကိုလာပြီး နည်းပညာလေ့လာတဲ့သူတွေကို အလွယ်တကူခြံအပြင်ကနေ ကြည့်ရှုလေ့လာလို့ရအောင် ပထမဆုံးတစ်ခြံကို မှန်တွေနဲ့ကာပြီး ထားရှိမှာဖြစ်ပါတယ်။ အာဟာရရှိတဲ့ ကြက်ဥအမျိုးအစားရရှိဖို့က အစာအပေါ်မှာ မူတည်ပါတယ်။ CP ကုမ္ပဏီက ထုတ်လိုက်တဲ့ ဥစားကြက်စာမှာ ကြက်တစ်ကောင်အတွက် လိုအပ်တဲ့ အာဟာရတွေ အပြည့်အဝပါတဲ့အတွက်ကြောင့် စားသုံးတဲ့ ကြက်ကလည်း ကျန်းမာသန်စွမ်းပြီး ဥတဲ့ဥမှာလည်း ပါဝင်သင့်ပါဝင်ထိုက်တဲ့ အာဟာရတွေ ပါဝင်တာကြောင့် အာဟာရပြည့်ဝတဲ့ ကြက်ဥကို စားသုံးနိုင်မှာဖြစ်ပါတယ်။

ကျေးရွာသူ ကျေးရွာသားတွေအနေနဲ့ ကနဦး ကျေးရွာရန်ပုံငွေ တည်ထောင်ပေးလိုက်ကတည်းက သူတို့က အပြင်ကနေ အတိုးနှုန်းကြီးကြီးနဲ့ ငွေချေးစရာမလိုတော့ဘဲ ရန်ပုံငွေကပဲ ငွေချေးတဲ့အတွက်ကြောင့် အတိုးနှုန်းသက်သာတဲ့ အခွင့်အရေးကို ရရှိပါတယ်။ နောက်တစ်ဆင့်အနေနဲ့ ဒီစီမံကိန်းလုပ်ခြင်းအားဖြင့် ရန်ပုံငွေဟာ ပိုပြီးများလာတဲ့အတွက်ကြောင့် ကျေးရွာသူ ကျေးရွာသားတွေက ချေးငွေကို ပိုမိုချေးယူနိုင်မှာ ဖြစ်ပါတယ်။ အလားတူပဲ ဒီခြံမှာအလုပ်ဝင်လုပ်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိလာမှာ ဖြစ်ပါတယ်။

**ဒေါ်ခင်လှိုင်၊ ပေတောကျေးရွာ**

ကျွန်မတို့ ပေတောကျေးရွာမှာ အရင်က ကျေးရွာရန်ပုံငွေဆိုတာ မရှိခဲ့တာကြောင့် အရင်းအနှီးငွေလိုတဲ့အခါ အတိုးများများနဲ့ အပြင်ကနေ ချေးယူခဲ့ရတဲ့အတွက် အဆင်မပြေဖြစ်ခဲ့ပြီး ဒုက္ခတွေနဲ့ တော်တော်ရင်ဆိုင်ခဲ့ရပါတယ်။

အခုဆိုရင် နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေရဲ့ ကူညီထောက်ပံ့မှုကြောင့် ကျေးရွာရန်ပုံငွေဆိုတာရှိလာပါပြီ။ တောင်သူတွေရော၊ မွေးမြူရေးလုပ်ကိုင်သူတွေရော၊ တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူတွေရော အရင်းအနှီးငွေလိုတဲ့အခါ ကျေးရွာရန်ပုံငွေက အတိုးနှုန်းသက်သက်သာသာနဲ့ ချေးယူလုပ်ကိုင် စားသောက်လို့ရတဲ့အတွက် အရင်ကနဲ့စာရင် ကျွန်မတို့ရွာမှာ လုပ်ငန်းတွေ တိုးတက်လာတာရှိသလို ဝင်ငွေတွေလည်း တော်တော် တိုးတက်လာတာကို တွေ့ရပါတယ်။ အခုလို ကျေးရွာတိုးတက်ပြီး ရွာသူရွာသားတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့အတွက် အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**ဦးအောင်ဆန်းဦး**

**ကျေးရွာရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ**

ကျွန်တော်တို့ ကျေးရွာအနေနဲ့ ၂၀၁၄ ခုနှစ်က CP ကုမ္ပဏီရဲ့ လှူဒါန်းငွေကျပ်သိန်း ၃၀၀ ကို ရရှိခဲ့ပါတယ်။ ငွေကျပ်သိန်း ၃၀၀ ရရှိခဲ့တဲ့အချိန်မှာ



ဥစားကြက်ခြံအတွင်းရှိ တပ်ဆင်ထားသော စက်ပစ္စည်းများ တွေ့ရစဉ်။

ကော်မတီကို အမျိုးသားခြောက်ဦး၊ အမျိုးသမီးငါးဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ရရှိတဲ့ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာအနေနဲ့ ပုံမှန်အားဖြင့် ချေးချင်တယ်ဆိုရင် တစ်နှစ်မှ သိန်းတစ်ရာကို ခြောက်သိန်း၊ သိန်း ၃၀၀ ကို ၁၈ သိန်းပဲ ရရှိမှာဖြစ်ပါတယ်။ CP ကုမ္ပဏီရဲ့အကြံပေးချက်အရ ကော်မတီအားလုံးရဲ့ သဘောတူညီချက်နဲ့ ကျေးရွာကမြေကို ဝယ်လိုက်ပါတယ်။ ဝယ်ထားတဲ့မြေကလည်း သီးနှံဖြစ်ထွန်းမှုအားနည်းတဲ့ မြေဖြစ်ခဲ့ပါတယ်။

ဝယ်ထားတာ ငါးဧက ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဝယ်ခဲ့ပြီးတော့ ၂၀၁၆ ခုနှစ်မှာ ဂရန်ရရှိခဲ့ပါတယ်။ ဂရန်လျှောက်ပြီးမှ CP ကုမ္ပဏီနဲ့ ပူးပေါင်းပြီး ကြက်ခြံဆောက်ဖို့ တစ်နှစ်ကို ငွေကျပ်သိန်း ၆၀ နဲ့ မြေနေရာငှားလိုက်ပါတယ်။ ပုံမှန်ချေးနေကျ အတိုးနှုန်းထက် ၁၀ ဆ ပိုပြီး အကျိုးအမြတ်တွေ ရရှိခဲ့ပါတယ်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံကိန်းကို အကောင်အထည်ဖော်တဲ့အနေနဲ့ ရန်ပုံငွေများများရတဲ့လုပ်ငန်းကို လုပ်နိုင်ခဲ့တဲ့အတွက် ကျေးရွာအနေနဲ့ အခုလတ်တလော မဖွံ့ဖြိုးမတိုးတက်ခဲ့ပေမယ့် နောင်လာမယ့်နှစ်တွေမှာ ကျေးရွာရဲ့ ရန်ပုံငွေနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို လည်ပတ်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကျေးရွာအနေနဲ့ လက်ရှိမြေငှားရမ်းခ တစ်နှစ်ကို သိန်း ၆၀ ရပါတယ်။ CP ကုမ္ပဏီရဲ့ အကူအညီနဲ့ပံ့ပိုးမှုအရ ၁၀ နှစ်ပြည့်တဲ့အခါ ကျွန်တော်တို့ ကျေးရွာက ဒီကြက်ခြံကြီးကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ ခြံကိုပိုင်တဲ့အခါ ကော်မတီက ဦးဆောင်ပြီး ကျေးရွာပိုင်အဖြစ် မွေးမြူလုပ်ကိုင်ဆောင်ရွက်နိုင်ပါတယ်။ မမွေးမြူနိုင်ရင်လည်း CP ကုမ္ပဏီကို ဆက်လက်ငှားရမ်း ဆောင်ရွက်တဲ့အခါ ကျေးရွာအနေနဲ့ ခြံငှားခနဲ့ မြေငှားခ နှစ်မျိုးရမှာဖြစ်ပါတယ်။ ငှားရမ်းခနှစ်မျိုးရတဲ့အခါ ကျေးရွာအနေနဲ့ ဝင်ငွေဟာ တိုးတက်လာမှာ ဖြစ်သလို မိသားစုတစ်စုချင်းစီဟာလည်း အကျိုးအမြတ်တွေ ခွဲဝေသုံး စွဲပိုင်ခွင့်ရှိလာမှာ ဖြစ်ပါတယ်။

**ဦးသောင်းညွှန့်၊ တောင်သူ**

**ပေတောကျေးရွာ**

အရင်တုန်းက ကျွန်တော်တို့ရွာမှာ ကျေးရွာရန်ပုံငွေဆိုတာ မရှိခဲ့ပါဘူး။ ကျွန်တော် အပါအဝင် ကျွန်တော်တို့ ရွာသူ ရွာသားတွေဟာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတွေနဲ့ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ကြတဲ့အခါ အရင်းအနှီးလိုပါတယ်။ အဲဒီအခါ အပြင်ကနေ အတိုးနှုန်းကြီးမြင့်တဲ့ ချေးငွေတွေကို ရယူပြီးလုပ်ရပါတယ်။ ချေးငွေရယူပြီးလုပ်ရတော့ စိုက်ပျိုးရေးမှာ ဆိုရင်လည်း သွင်းအားစုတွေကို လိုသလောက် မဖြည့်တင်းနိုင်ခဲ့ပါဘူး။ သွင်းအားစုတွေ လိုသလောက်မဖြည့်တင်းနိုင်ခဲ့တဲ့အတွက် အထွက်နှုန်း မကောင်းလို့ အဆင်မပြေ ဖြစ်ခဲ့ကြရပါတယ်။

အခုဆိုရင် နိုင်ငံတော်အစိုးရ၊ မြန်မာစီပီ မွေးမြူရေးကုမ္ပဏီနဲ့ ကျွန်တော်တို့ကျေးရွာ ပူးပေါင်းဆောင်ရွက်ခဲ့တာကြောင့် ကျွန်တော်တို့ ကျေးရွာမှာ ကျေးရွာရန်ပုံငွေဆိုတာ ရှိလာပြီဖြစ်တဲ့အတွက် လိုအပ်တဲ့ အရင်းအနှီးငွေကိုလည်း ကျေးရွာရန်ပုံငွေကနေ အတိုးနှုန်းသက်သက်သာသာနဲ့ ချေးယူလို့ရပါပြီ။ စိုက်ပျိုးရေးဘက်မှာလည်း သွင်းအားစုတွေ လိုသလောက် ဖြည့်တင်းနိုင်ခဲ့လို့ အထွက်နှုန်းကောင်းလာတဲ့အတွက် အထိုက်အလျောက်တော့ အဆင်ပြေလာပါတယ်။

ကျေးရွာက တာဝန်ရှိသူတွေက ရန်ပုံငွေ တိုးပွားဖို့အတွက် မြေ ငါးဧက ဝယ်ယူပြီး လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ပိုင်ဆိုင်ခွင့်လျှောက်ထားကာ မြန်မာစီပီမွေးမြူရေးကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့ ဥစားကြက်ခြံစီမံကိန်းကို ဆောင်ရွက်လိုက်တဲ့အတွက် ကျွန်တော်တို့ရွာက တစ်နှစ်ကို မြေငှားရမ်းခ သိန်း ၆၀ နဲ့ ၁၀ နှစ်ကို သိန်း ၆၀၀ ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် ၁၀ နှစ်ပြည့်ပြီးရင်လည်း ဒီစီမံကိန်းကြီးကို ကျေးရွာပိုင်အဖြစ် ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျေးရွာရန်ပုံငွေဟာ နောင်မှာ အဆပေါင်းများစွာ တိုးပွားလာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျေးရွာရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းတွေဟာ များစွာတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**မေး၊ ရေး-မော်စီ**

**ဓာတ်ပုံ- အေးသန်း**



ဆောက်လုပ်နေဆဲ ဥစားကြက်ခြံအဆောက်အအုံများကို တွေ့ရစဉ်။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် စံပြရဲစိစစ်ရွေးချယ်ရေး ရေး၊ ဖြေစာမေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စွမ်းရည်ပြည့်ဝမှုတို့၌ “စံ” ပြုနိုင်ရေးအတွက် စံပြရဲစိစစ်ရွေးချယ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း အစီအစဉ်များကို နှစ်စဉ်ကျင်းပဆောင်ရွက်ရာ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် စံပြရဲ ရေးဖြေစာမေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အဆိုပါ စံပြရဲ ရေးဖြေစာမေးပွဲကို ရဲတပ်သားအဆင့်မှ ရဲအုပ်အဆင့်အထိ ရဲတပ်ဖွဲ့ဝင် ၁၅၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး စာမေးပွဲကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်များဖြစ်ကြသော ရဲဗိုလ်ချုပ် မျိုးဆွေဝင်းနှင့် ရဲဗိုလ်ချုပ် အောင်နိုင်သူတို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဇမ္ဗူသီရိမြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ စည်းဝေး

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သမဝါယမအသင်းစု ၂၀၁၇-၂၀၁၈ ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိအသင်းစုဥက္ကဋ္ဌ ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းအောင်နှင့် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်မြင့်သီဂီတို့က သမဝါယမအကြောင်း သိကောင်းစရာများကို ပြောကြားကာ အသင်းအနှစ်ချုပ် စာရင်းများကို အသင်းသားများက အတည်ပြုဆုံးဖြတ်ကြသည်။

ထို့နောက် မော်လမြိုင် သမဝါယမသင်တန်းကျောင်းတွင် ထူးချွန်ဆု ပထမရရှိသည့် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်ဖြူဖြူခိုင်အား ဒုတိယညွှန်ကြားရေးမှူး ဦးစန်းအောင်က ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ **ကိုသောင်း**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်နှင့် ကူညီကယ်ဆယ်ရေးဆက်လက်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၄**

မဒေါက်မြို့၊ မုံရွာမြို့နယ်၊ ဘားအံမြို့နယ်နှင့် သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သော ဂျိုင်း၊ ကျုံစောင့်၊ ခရဲကမ်းနားကျေးရွာအုပ်စုများရှိ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြောင်း။

ထိုသို့ ထောက်ပံ့ရာတွင် ဂျိုင်းသာသနာပြုဘုန်းတော်ကြီးကျောင်း၌ ဂျိုင်းကျေးရွာအုပ်စုမှ ရေဘေးသင့် အိမ်ထောင်စု ၁၉၄ စု၊ ကျားကလေးကျေးရွာ သဗ္ဗသုခအောင်မင်္ဂလာကျောင်းတိုက်၌ ခရဲကမ်းနားကျေးရွာအုပ်စုနှင့် ကျုံစောင့်ကျေးရွာအုပ်စုတို့မှ ရေဘေးသင့် အိမ်ထောင်စု ၂၆၈ စု စုစုပေါင်း အိမ်ထောင်စု ၄၆၂ စုတို့အတွက်ဆန်၊ ဆီ၊ ကြက်သွန်အစရှိသည့် စားသောက်ကုန်ပစ္စည်းများနှင့် ရေသန့်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဓာတ်ပုံ-စောမျိုးမင်းသိန်း**

# ကျောက်တံခါးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ကိုရီးယားအသင်းနှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်းထောက်ပံ့လှူဒါန်း

**ကျောက်တံခါး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ကိုရီးယားသံရုံးနှင့် ကိုရီးယားအသင်းလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်) ရန်ကုန်တိုင်းကြက်ခြေနီအသင်းနှင့် ကျောက်တံခါးမြို့နယ်ကြက်ခြေနီအသင်းတို့ ချိတ်ဆက်ပူးပေါင်း၍ ဩဂုတ် ၄ ရက် နံနက် ၁၁ နာရီက ကျောက်တံခါးမြို့နယ် အနန်းဘော်ကျေးရွာအုပ်စု ကွင်းချောင်းဝကျေးရွာ၌ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းမျိုးစုံတို့ကို လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကျောက်တံခါးမြို့နယ်၌ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးဒဏ်ခံခဲ့ရသော ကျေးရွာအုပ်စုလေးအုပ်စု၊ ကျေးရွာပေါင်း ၁၄ ရွာ၊ အိမ်ထောင်စုပေါင်း ၇၇၃ စု၊ လူဦးရေ ၃၉၂၀ အတွက် အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ မုန့်မျိုးစုံနှင့်ရေသန့်ဘူးများ၊ ရေဘေးကူညီကယ်ဆယ်ရေးပစ္စည်းများကို လာရောက်ထောက်ပံ့လှူဒါန်းခဲ့ရာ ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်း၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဒေသခံပြည်သူများက ကြိုဆိုလက်ခံခဲ့ကြပြီး စစ်တောင်းမြစ်အနီး



နေထိုင်ကြသော ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများထံ စက်လှေများဖြင့် ဆက်လက်သွားရောက်ထောက်ပံ့လှူဒါန်း ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်/တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်/တမံများအနက် အချို့သော ဆည်/တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ထိုကဲ့သို့ ရေပိုလွှဲမှ ရေကျော်ကျခြင်းကြောင့် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်းနှင့် ရေပိုလွှဲမှရေကျော်ကျခြင်းမှာ မူလဆည်/တမံများ၏ ရေသိုလှောင်မှုပမာဏရေီယာ ပြည့်မီသွားခြင်းကြောင့် ပိုလျှံသောရေကို ရေပိုလွှဲမှတစ်ဆင့် မူလချောင်းထဲသို့ ပြန်လည်ထုတ်လွှတ်စီးဝင်စေခြင်းသာဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယမန်နေ့က ရေပိုလွှဲမှ ရေကျော်ကျသည့် တမံ ၃၇ ခုရှိခဲ့ပြီး ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇလက်ထော် ရေလှောင်တမံ၊ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ဘော်ဘင်ရေလှောင်တမံ(၁)နှင့် ဘော်ဘင်ရေလှောင်တမံ(၂)တို့မှာ သတ်မှတ်ကန်ရေပြည့်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသဖြင့် ရေပိုလွှဲမှရေကျော်ကျသည့် ဆည်/တမံ ၄၀ ရှိပြီး အဆိုပါ ဆည်/တမံများမှာ အောက်ပါအတိုင်းဖြစ်သည် -

နေ့စွဲ - ၄ . ၈ . ၂၀၁၈
(၀၆ : ၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၇.၉၀ | ၃၃၃၅၁ | ၂.၁၆ | (၁.၉၀)ပေ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | ရေကျော် |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၁၀ | ၁၉၀၂ | - | (၀.၃၀)ပေ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | ရေကျော် |
| ၃ | သီကီရ်ရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၃၀ | ၁၃၇၉ | - | (၀.၃၀)ပေ |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | ရေကျော် |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၄ | မဟာနန္ဒာကန် | ရွှေဘိုခရိုင်/ | ၆ | ၁၀၉၅ | ၆.၁၀ | ၁၁၁၄ | - | (၀.၁၀)ပေ |
| | | ရွှေဘိုမြို့ | ၀ | ၁၂၂ | | | | ရေကျော် |
| ၅ | မြောက်ယာမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၇ | ၅၄.၁၀ | ၁၄၁၂၂ | - | (၀.၁၀)ပေ |
| | | ပုလဲမြို့ | ၂၉ | ၂၈၃၆ | | | | ရေကျော် |
| ၆ | ရာဇဗြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၈၀ | ၅၃၇၁၀ | - | (၁.၈၀)ပေ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး (အရှေ့)** | | | | | | |
| ၇ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၃၀ | ၂၃၈၀ | - | (၀.၃၀)ပေ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | ရေကျော် |
| ၈ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၁၀ | ၂၃၉၄ | ၀.၆၀ | (၀.၁၀)ပေ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | ရေကျော် |
| ၉ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၃.၈၀ | ၃၆၄၈၀ | ၀.၃၄ | (၀.၈၀)ပေ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | ရေကျော် |
| ၁၀ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၀.၈၀ | ၁၁၂၉၂ | ၀.၄၀ | (၀.၈၀)ပေ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | ရေကျော် |
| ၁၁ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၂၀ | ၂၇၈၈၃ | ၀.၃၅ | (၁.၂၀)ပေ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | ရေကျော် |
| ၁၂ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၃၉.၆၀ | ၁၉၀၂၀ | ၀.၃၉ | (၀.၁၀)ပေ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | ရေကျော် |
| ၁၃ | ရွှေပြည် (၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၁၀ | ၃၇၆၀ | - | (၀.၁၀)ပေ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး (အနောက်)** | | | | | | |
| ၁၄ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၀၉၆ | ၃၆.၉၉ | ၂၄၃၅၂ | ၀.၄၂ | (၀.၉၉)ပေ |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄၄ | ၁၀၅၄၉ | | | | ရေကျော် |
| ၁၅ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၃.၄၀ | ၂၆၅၀၀၀ | ၀.၁၂ | (၁.၄၀)ပေ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | ရေကျော် |
| ၁၆ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄၈ | ၁၇၅၉၄ | ၄၈.၆၀ | ၁၈၅၉၆ | ၀.၆၀ | (၀.၆၀)ပေ |
| | | ပန်းတောင်းမြို့ | ၂၆ | ၃၀၀၁ | | | | ရေကျော် |
| ၁၇ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၆.၃၅ | ၂၂၁၅၀၀ | ၀.၀၇ | (၁.၃၅)ပေ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | ရေကျော် |
| ၁၈ | ဘော်ဘင်ရေလှောင်တမံ (၁) (သရက်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၉ | ၉၇၆၄၆ | ၁၀၉.၁၀ | ၉၇၉၀၀ | ၁.၁၀ | (၀.၁၀)ပေ |
| | | ကြို့ပင်ကောက်မြို့ | ၄၉ | ၇၇၉၉ | | | | ရေကျော် |
| ၁၉ | ဘော်ဘင်ရေလှောင်တမံ (၂) (ဘော်ဘင်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၀.၂၀ | ၂၆၇၈၄ | ၁.၁၂ | (၀.၂၀)ပေ |
| | | မိုးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | ရေကျော် |
| ၂၀ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၇.၁၅ | ၅၉၅၁၂ | - | (၁.၁၅)ပေ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | ရေကျော် |

နေ့စွဲ - ၄ . ၈ . ၂၀၁၈
(၀၆ : ၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၁ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၈၀ | ၆၅၀၄၉၆ | - | (၂.၈၀)ပေ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | ရေကျော် |
| ၂၂ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၇၀ | ၁၂၅၄၀၀ | - | (၁.၇၀)ပေ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | ရေကျော် |
| ၂၃ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၁၀ | ၃၃၆၅၄၀ | - | (၃.၆၀)ပေ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | ရေကျော် |
| ၂၄ | မဒေးရေလှောင်တမံ | သရက်ခရိုင်/ | ၁၃၈ | ၅၃၉၀၈ | ၁၃၈.၆၀ | ၅၄၄၃၁ | ၀.၅၂ | (၀.၆၀)ပေ |
| | | ကံမမြို့ | ၇၄ | ၁၀၂၁၀ | | | | ရေကျော် |
| | | **မွန်ပြည်နယ်** | | | | | | |
| ၂၅ | ရွှေနတ်တောင် ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၉၅ | ၅၄၁၆ | ၀.၅၈ | (၀.၉၅)ပေ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | ရေကျော် |
| ၂၆ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၅၀ | ၄၂၂၈ | ၅.၀၀ | (၀.၅၀)ပေ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | ရေကျော် |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၂၇ | ပြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၆.၆၀ | ၂၅၅၀၅ | ၀.၆၀ | (၀.၆၀)ပေ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | ရေကျော် |
| ၂၈ | ကြိုးကြာကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀ | ၅၂၉ | ၄၀.၁၀ | ၅၃၁ | - | (၀.၁၀)ပေ |
| | | တောင်ကုတ်မြို့ | ၁၁ | ၇ | | | | ရေကျော် |
| ၂၉ | ရပ်ပိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၁.၄၀ | ၆၆၅ | - | (၀.၈၀)ပေ |
| | | ဂွမြို့ | ၁၃.၆၀ | ၄၇ | | | | ရေကျော် |
| ၃၀ | ဓီးဖြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄၃၀ | ၂၇.၄၀ | ၄၄၂ | - | (၀.၄၀)ပေ |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | ရေကျော် |
| ၃၁ | ငပလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄၄ | ၁၄၇၀ | ၄၄.၄၀ | ၁၄၉၈ | - | (၀.၄၀)ပေ |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | ရေကျော် |
| ၃၂ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၁၀ | ၆၅.၃၀ | - | (၀.၁၀) ပေ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | ရေကျော် |
| ၃၃ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၂.၈၀ | ၁၄၉ | - | (၂.၈၀)ပေ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | ရေကျော် |
| ၃၄ | ရှောက်ချောင်း ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၄၀ | ၁၁၆၅ | ၀.၂၂ | (၀.၄၀)ပေ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | ရေကျော် |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၃၅ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၄.၂၀ | ၁၉၉၉ | ၀.၆၀ | (၁.၂၀)ပေ |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | ရေကျော် |
| ၃၆ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၃၀ | ၆၂၉၁ | ၀.၇၉ | (၁.၃၀)ပေ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | ရေကျော် |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၃၇ | ကွန်ချောင်းရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၂၅ | ၉၈၄၀၀ | ၁၂၆.၂၀ | ၁၀၀၄၄၀ | - | (၁.၂၀)ပေ |
| | | ကြံခင်းမြို့ | ၄၈ | ၇၃၅၀ | | | | ရေကျော် |
| ၃၈ | မမြရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၅ | ၇၁၄၀၀ | ၁၃၆.၇၀ | ၇၃၆၁၇ | ၀.၂၀ | (၁.၇၀)ပေ |
| | | မြန်အောင်မြို့နယ် | ၃၆ | ၂၉၆၂ | | | | ရေကျော် |
| ၃၉ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၄၀.၀၀ | ၄၁၄၅၀ | ၀.၂၇ | (၂.၀၀)ပေ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | ရေကျော် |
| ၄၀ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ အင်္ဂပူမြို့ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၇.၂၀ | ၁၅၁၂၂၆ | ၀.၁၈ | (၃.၂၀) ပေ |

# မြန်မာငွေတန်ဖိုးမြင့်မားရေးအကြံပြုချက်များပါဝင်သည့် ငွေကျပ်လဲလှယ်နှုန်း ဘာတွေဖြစ်နေသလဲ ခေါင်းစဉ်ဖြင့် ဘောဂဗေဒပညာရှင် ဒေါက်တာဦးမြင့် တင်ပြဆွေးနွေးမှု ရန်ကုန်မြို့၌ ကျင်းပ




**ရန်ကုန် ဩဂုတ် ၄**

"ငွေကျပ်လဲလှယ်နှုန်း ဘာတွေဖြစ်နေသလဲ" ခေါင်းစဉ်ဖြင့် ဘောဂဗေဒပညာရှင် ဒေါက်တာဦးမြင့်၏ တင်ပြဆွေးနွေးမှုအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဘောဂဗေဒပညာရှင် ဒေါက်တာဦးမြင့်က မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာဈေးကွက်နှင့် မြန်မာကျပ်ငွေ အခြေအနေများ၊ မြန်မာ့စီးပွားရေးနှင့် ယနေ့ ငွေကြေးဈေးကွက် အခြေအနေများ၊ ငွေကြေးဈေးကွက်၏ သမိုင်းကြောင်းများ၊ အစိုးရ၏ ဆောင်ရွက်ချက်များနှင့် ဗဟိုဘဏ်၏ ဆောင်ရွက်မှုများအပေါ် အကြံပြုချက်များအပါအဝင် မြန်မာကျပ်ငွေတန်ဖိုး မြင့်မားလာစေရေးတို့အပေါ် သုံးသပ် ဆွေးနွေးပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသူ မြန်မာနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ (ငြိမ်း)၊ ကမ္ဘောဇဘဏ် အကြီးတန်း အတိုင်ပင်ခံပုဂ္ဂိုလ် ဦးသန်းလွင်က "ဒီနေ့ ပြောသွားတဲ့ အကြောင်းအရာတွေက ဗဟုသုတတွေ အများကြီးရပါတယ်။ ငွေကြေးတစ်ရပ်ရဲ့ သမိုင်းကြောင်းကိုလည်း နောက်ကြောင်းပြန်လှန်ထားတာ တွေ့ရတယ်။ လက်ရှိကြုံတွေ့နေရတဲ့ လဲလှယ်နှုန်းပြဿနာကိုလည်း တစ်စိတ်တစ်ဒေသ ဖော်ပြသွားတယ်။ ဗဟိုဘဏ်ကိုလည်း အကြံပြုတယ်။ အစိုးရကိုလည်း အကြံပြုတာမျိုးတွေ ပါဝင်တာတွေ့ရပါတယ်။ လေးလေးနက်နက် လေ့လာထားတဲ့ ဟောပြောချက်တွေဖြစ်တဲ့အတွက် အကျိုးကျေးဇူး အများကြီးရရှိမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အလားတူ လာရောက်လေ့လာသူ ဦးစိုးတင့်က "ဒီပွဲကတော့ ရင်းနှီးမြှုပ်နှံမှု လုပ်တဲ့သူတွေအတွက် အများကြီး အကျိုးရှိပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေး ပိုပြီးတော့ ကောင်းလာအောင်၊ ဒေါ်လာဈေးနှုန်းတွေနဲ့ပတ်သက်ပြီး အခု ဘာတွေဖြစ်နေသလဲဆိုတာကိုသိရှိပြီး ကိုယ့်ရဲ့ မိတ်ဆွေတွေကို ပြန်လည်ပြောပြနိုင်မှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ စီးပွားရေး ပိုပြီးကောင်းမွန်လာအောင်၊ လက်တွေ့ကျကျဖြစ်အောင် လုပ်ပြနိုင်ဖို့ အရေးကြီးပါတယ်။ ဒါဆိုရင် ငွေလဲလှယ်မှုနှုန်းထားတွေနဲ့ပတ်သက်ပြီး အဆင်ပြေသွားမယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

ယနေ့ အခမ်းအနားသို့ UMFCCI မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# ယွန်းစလင်းချောင်းရေ ကျဆင်းသွားပြီဖြစ်သောကြောင့် ဖာပွန်အထက်ဘက်ကျေးရွာများရှိ စက်လှေများပြန်လည်ပြေးဆွဲ

**ဖာပွန် ဩဂုတ် ၄**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် ယွန်းစလင်းချောင်းရေကျဆင်းသွားပြီဖြစ်သောကြောင့် ဖာပွန်မြို့နှင့် အထက်ဘက်ကျေးရွာများရှိ ပြေးဆွဲနေသော စက်လှေများ ဩဂုတ် ၄ ရက်က ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာများဖြစ်သည့် ခို့တို့ဘော၊ ဒွဲ့လိုး၊ ဒေ့ပိုးနိုး၊ လယ်နာဒဲ၊ ပါလားရွာနှင့် မဲဝါးကျေးရွာတို့မှာ မိုးရာသီကာလတွင် ဖာပွန်မြို့သို့လာရောက်ရန်အတွက် စက်လှေများကို အားထားအသုံးပြုရသော်လည်း ဇူလိုင် ၂၄ ရက်နှင့် ၃၀ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုနှင့်အတူ သံလွင်မြစ်ရေမှာလည်း ယွန်းစလင်းချောင်းအထိ တက်လာသောကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ သွားလာမှုမရှိတော့ကြောင်း သိရသည်။ "ဖာပွန်မြို့မှာ ယွန်းစလင်းချောင်းရေကျပြီးမှ လာရတာပါ၊ အခု လမ်းပန်းဆက်သွယ်ရေးက ပြတ်တောက်တယ်ဆိုပြီး ကုန်ဈေးနှုန်းက နှစ်ဆလောက် မြင့်တက်လာတာတွေ့ရတယ်၊ ကျွန်တော်တို့က တစ်ပတ်မှာဆို တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေနေ့ သုံးရက်ထဲသာ စက်လှေက လာတယ်၊ နွေပိုင်းဆိုတော့ ကားလမ်းကရှိတယ် အချိန်မရွေး လာလို့ရတာပေါ့၊ မိုးတွင်းဆိုတော့ တောင်ကျချောင်းရေတွေကြောင့် ကားလမ်းက ပျက်စီးပြီး သွားလို့မရတော့ဘူး" ဟု ဒွဲ့လိုးဒေသခံတစ်ဦးက ပြောကြားသည်။

"အခုဆို ချောင်းရေက ပြန်ကျပြီဆိုတော့ စက်လှေတွေက တစ်ရက်ကို အစင်း ၂၀ လောက် ဝင်ရောက်မှုရှိတဲ့အတွက် ကျွန်မတို့ အဲဒီစက်လှေပေါ်ပါတဲ့ ခရီးသည်တွေ လာမှသာ ဈေးရောင်းရတာ အဆင်ပြေတာပါ" ဟု ဖာပွန်ဒေသခံ ဈေးရောင်းသူတစ်ဦးက ပြောကြားသည်။

**မျိုးဆက်သစ်(ဘားအံ)**

# မူဆယ်-နမ့်ခမ်းလမ်း၌ ကုန်တင်ယာဉ်နှစ်စီး နစ်နေသဖြင့် ယာဉ်လမ်းကြောင်း ပိတ်ဆို့



**နမ့်ခမ်း ဩဂုတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်-နမ့်ခမ်းလမ်း နောင်လောင်းရွာအနီး၌ ဩဂုတ် ၄ ရက် နံနက် ၆ နာရီခန့်က နမ့်ခမ်းဘက်သို့ ဦးတည်မောင်းနှင်လာသော ကုန်တင်ယာဉ်ကြီးနှစ်စီး တိမ်းစောင်းနစ်နေကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါယာဉ်များနစ်နေမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပြီး မူဆယ်-နမ့်ခမ်းပြေးဆွဲနေကြသော ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များ၊ ဈေးသွားဈေးလာယာဉ်များ သွားလာ၍မရဘဲ နောက်ကြောင်းပြန်လှည့်ကြရပြီး နေ့စဉ် အလှည့်ကျပြေးဆွဲနေကြသော ယာဉ်ငယ်အချို့မှာ ယာဉ်ငယ်ဂိတ်တွင်လာရောက်ဂိတ်မထိုးကြဘဲ ပြေးဆွဲမှုရပ်ဆိုင်းခဲ့ကြရသည်။ မူဆယ်-နမ့်ခမ်းလမ်းသည် အရှည် ၁၉ မိုင်ခန့်ရှိသော အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းဖြစ်သော်လည်း တန်ပိုကုန်တင်ယာဉ်များ ပြေးဆွဲနေမှုများကြောင့် လမ်းများပျက်စီးမှု တစ်နေ့တခြား ပိုမိုဆိုးရွားလာပြီး လမ်းတစ်လျှောက် ရွှံ့ဗွက်များ၊ ရွှံ့အိုင်ငယ်ချိုင့်ခွက်များဖြစ်ကာ ကုန်တင်ယာဉ်များနစ်ကြသဖြင့် မကြာခဏ လမ်းပိတ်ဆို့မှုဖြစ်ကာ ပြည်သူများ သွားလာရေးအဆင်မပြေဖြစ်ကြရကြောင်း သိရသည်။

**၁၁၈**

# မော်လမြိုင်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းနှင့် လူနေအိမ်များပျက်စီး

**မော်လမြိုင် ဩဂုတ် ၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပန်းခြံကုန်းတောင် (၅)လမ်းတွင် ဩဂုတ် ၃ ရက် ညပိုင်းက မိုးအဆက်မပြတ်ရွာသွန်းပြီး လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ဇမ္ဗူဒီပါဘုန်းကြီးကျောင်း၊ မြပဌာန်းဘုန်းကြီးကျောင်း၊ ခြံကုန်းဘုန်းတော်ကြီးကွင်းကျောင်း သုံးကျောင်း တို့မှာ မိုးထားသော သွပ်ပြားများနှင့် ဘေးအကာများ လေထဲလွင့်ပါသွားကြောင်း၊ ဒေါ်သန်းအေး နေအိမ်တဲမှာ ပြိုလဲကျ၍ ဦးအောင်လင်းနှင့် ဦးလင်းလင်းစိုးတို့ တဲများမှာ အမိုးများပျက်စီးခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်း တိုက်ခတ်သည့်နေရာသို့ မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဦးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ချက်ချင်းသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်ထွဋ်(မော်လမြိုင်)**

# ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ သထုံ-ဘားအံသွားလမ်းတွင် ယာဉ်များအားလုံး သွားလာနိုင်

**ဘားအံ ဩဂုတ် ၄**

ကရင်ပြည်နယ် သထုံ-ဘားအံသွားလမ်းပေါ်၌ ရေကျော်မှုရှိခဲ့သဖြင့် မော်တော်ယာဉ်၊ ဆိုင်ကယ်များ သွားလာမှုရပ်တန့်ခဲ့ရပြီး ဩဂုတ် ၄ ရက်မှ စတင်ကာ ယာဉ်ကြီး၊ ယာဉ်ငယ်များ အားလုံး ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ဘားအံမြို့သည် ဇူလိုင် ၂၂ ရက်မှ စတင်ကာ သံလွင်မြစ်ရေမြင့်တက်ပြီး မိုးရွာသွန်းမှု များပြားခြင်းကြောင့် ဘားအံ-သထုံလမ်းမပေါ်ရှိ သံလွင်တံတားသွားရာ ဘားအံဘက်လမ်းတွင် ကားလမ်းရေကျော်မှုများရှိပြီး ဒုံသမိတံတားအနီးတွင်လည်း ရေကျော်နေမှု ဩဂုတ် ၂ ရက် နံနက်ပိုင်းမှ ၃ ရက်အထိ မိုင်တိုင်အမှတ် (၅/၈) နှင့် (၆/၈) အကြား လမ်းအရှည်ပေ ၃၀၀ ကျော် ကတ္တရာလမ်းရေကျော်နေကာ ရေအနက် တစ်ပေကျော်ရှိပြီး ဩဂုတ် ၄ ရက် နံနက် ၆ နာရီတွင် ရေခြောက်လက်မသာ ကျန်ရှိတော့သဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အလားတူ ရေကျသည်နှင့်အညီ ဘားအံမြို့ သံလွင်တံတားသွားရာလမ်းများတွင် တင်ကျန်နေသော အမှိုက်များ၊ ရွှံ့နွံများ၊ လမ်းမီးတိုင်များတွင် ကျရောက်နေသည့် သစ်ကိုင်းများကို စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် တံတား တာဝန်ရှိသူများက ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# သုံးခွမြို့နယ် ဆယ်ရွာကျေးရွာ၌ လေပြင်းတိုက်ခတ်

**သုံးခွ ဩဂုတ် ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဆယ်ရွာကျေးရွာ၌ ဩဂုတ် ၃ ရက်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ သွပ်မိုး၊ ထရံကာ၊ ကြမ်းခင်းအိမ် တစ်လုံး၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းအိမ် တစ်လုံး၊ ဓနိမိုး၊ ထရံကာ၊ ကြမ်းခင်းအိမ် နှစ်လုံး စုစုပေါင်း နေအိမ် လေးလုံး ပြိုကျခဲ့ပြီး ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးအိမ် တစ်လုံးနှင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းအိမ် တစ်လုံး၊ ဓနိမိုး၊ ထရံကာ ကြမ်းခင်းအိမ် တစ်လုံး စုစုပေါင်းအိမ် သုံးလုံး အမိုးလန်ပျက်စီးခဲ့ကြောင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံတောင်ပိုင်း လက်အိတ်စက်ရုံရှိ အလုပ်သမားများအရေး ပြေလည်မှုရရှိ

**ဗန်ကောက် ဩဂုတ် ၄**

ထိုင်းနိုင်ငံတောင်ပိုင်း ကဘီခရိုင် ကဘီမြို့ရှိ လက်အိတ်စက်ရုံတစ်ခုတွင် အလုပ်လုပ်နေကြသည့် MoU နှင့် CI စာအုပ်ကိုင်ဆောင်ထားသည့် အလုပ်သမားများ သက်တမ်းကာလနောက်ပိုင်းမှစ၍ လေးလနီးပါး အလုပ်ပုံမှန်မရရှိသည့် အခက်အခဲကို ရနောင်းမြို့ရှိ အလုပ်သမားသံအရာရှိ၊ MOEAF အဖွဲ့၊ သက်ဆိုင်ရာ အေဂျင်စီနှင့် နယ်မြေခံ ထိုင်းအလုပ်သမားကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (ဆဝါဒီကန်) တို့၏ ဖြေရှင်းပေးမှုဖြင့် ဩဂုတ် ၃ ရက်က ပြေလည်မှုရရှိခဲ့ကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

ထိုသို့ ဖြေရှင်းပေးမှုဖြစ်စဉ်တွင် အလုပ်သမားများ တင်ပြတောင်းဆိုမှုများဖြစ်သည့် စက်ရုံရှိ MoU အလုပ်သမားနှင့် CI အလုပ်သမား စုစုပေါင်း ၈၀ ခန့်မှ အလုပ်သမား ၄၂ ဦးကို ရက်ပိုင်းအတွင်း ခိုလမြို့ရှိ superware ပလတ်စတစ်စက်ရုံသို့ အလုပ်ပြောင်းရွှေ့ပေးမည်ဖြစ်ပြီး အလုပ်ပြောင်းရွှေ့ကြေးအပါအဝင် ကုန်ကျစရိတ်များကို ထိုင်းအေဂျင်စီက တာဝန်ယူ၍ ရွှေ့ပြောင်းသွားလာစရိတ်များကို မြန်မာအေဂျင်စီက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

စက်ရုံ၌ ကျန်ရှိခဲ့မည့် MoU နှင့် CI အလုပ်သမား ၃၈ ဦးခန့်၏ လုပ်ငန်းမလည်ပတ်မီကာလအတွင်း စားသောက်စရိတ်များအား ထိုင်း-မြန်မာ နှစ်ဖက်အေဂျင်စီက ဘတ်ငွေ ၄၀၀၀၀ စုပေါင်းထောက်ပံ့ပေးပြီး ၁၅ ရက်အတွင်း လက်အိတ်စက်ရုံပြန်လည်ပတ်မှုမရှိပါက အလုပ်ပြောင်းရွှေ့ပေးရန် အေဂျင်စီများဘက်က စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများသည် လေးလနီးပါးခန့် အလုပ်မရှိသဖြင့် MoU စည်းမျဉ်းစည်းကမ်းများအရ အလုပ်သမားများ၏ ရပိုင်ခွင့်များအား အလုပ်သမားသံအရာရှိနှင့် ထိုင်းအလုပ်သမားကာကွယ်စောင့်ရှောက်ရေး(ဆဝါဒီကန်)အဖွဲ့တို့က ဆက်လက်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# အမျိုးသားများ စိတ်ကျန်းမာရေး အသိစိတ်ဓာတ်မြှင့်တင်ရေးအတွက် ဆိုင်ကယ်ဖြင့် ကမ္ဘာပတ်သူ ဗြိတိန်နိုင်ငံသား မန္တလေးမြို့ ရောက်ရှိ




**မန္တလေး ဩဂုတ် ၄**
အသက် ၂၂ နှစ်သာရှိသေးသော ဗြိတိန်နိုင်ငံသား Henry Crew သည် အမျိုးသားများ စိတ်ကျန်းမာရေး အသိစိတ်ဓာတ်မြှင့်တင်ရေးအတွက် Movember Foundation ၏ ပံ့ပိုးမှုနှင့်အတူ ဆိုင်ကယ်ဖြင့် ကမ္ဘာပတ်ရာတွင် မန္တလေးမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

Henry သည် Scrambler Ducati Sled ဆိုင်ကယ်ဖြင့် မိုင်ပေါင်း ၃၅၀၀၀ကျော် နိုင်ငံပေါင်း ၃၆ နိုင်ငံသို့ သွားရောက်မည်ဖြစ်ကာ ဩဂုတ် ၃ ရက် ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပြီး ချမ်းအေးသာစံမြို့နယ် ၃၄×၃၅ လမ်းကြား၊ ၆၅×၆၆ လမ်းကြားရှိ Ducati Myanmar (Mandalay) အရောင်းစင်တာနှင့် Service စင်တာတွင် ဆိုင်ကယ်စစ်ဆေး ပြုပြင်မွမ်းမံမှု ပြုလုပ်မည်ဖြစ်သည်။

၎င်းသည် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံကို ဖြတ်သန်းခဲ့ပြီး ယခုခရီးစဉ် အောင်မြင်စွာပြီးဆုံးပါက ကမ္ဘာ့အသက်အငယ်ဆုံး ကမ္ဘာပတ်သူအဖြစ် မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

လက်ရှိ စံချိန်တင်ထားသူမှာ အသက် ၂၃ နှစ်နှင့် ၃၆၅ ရက်ရှိသူဖြစ်ပြီး ကမ္ဘာပတ်သည်ဟု စံချိန်တင်နိုင်ရန် အနည်းဆုံးမိုင်ပေါင်း ၂၄၅၀၀ မိုင်နှင့် သတ်မှတ်ထားသည့် ကမ္ဘာနှစ်ခြမ်းလုံးမှ တည်နေရာများကို ဖြတ်သန်းရမည်ဖြစ်၍ Henry ၏ ခရီးစဉ်မှာ မိုင်ပေါင်း ၃၅၀၀၀ ကျော် နိုင်ငံပေါင်း ၃၆ နိုင်ငံကို ဖြတ်သန်းစီးနင်းမည်ဖြစ်သည်။

Ducati Myanmar အနေဖြင့် Henry သည် သူ၏ ဗြိတိန်နိုင်ငံအတွက် ကြိုးစားသကဲ့သို့ မြန်မာနိုင်ငံမှ လူငယ်များသည်လည်း မိမိနိုင်ငံအတွက် စံချိန်တင်မှုများ ကြိုးပမ်းအားထုတ်ရန် တိုက်တွန်းအားပေးပြီး Henry ၏ လက်တွေ့အတွေ့အကြုံများကို မျှဝေပေးရန် ရည်ရွယ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# မန္တလေးတက္ကသိုလ်တွင် ငါးမွေးမြူရေးဆိုင်ရာများ ဟောပြော

**မန္တလေး ဩဂုတ် ၄**
မန္တလေးတက္ကသိုလ်တွင် ကမ္ဘာ့ငါးဖမ်းလုပ်ငန်း၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုဌာန ပညာရှင်က ငါးမွေးမြူရေးဆိုင်ရာ ဟောပြောပွဲကို ယမန်နေ့က မန္တလေးတက္ကသိုလ်၊ တက္ကသိုလ်များ၊ သိပ္ပံသုတေသနဌာန (URC) Seminar (1) ၌ ပြုလုပ်သည်။ **(ယာပုံ)**

အခမ်းအနားတွင် မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမဉ္ဇူမင်းက ဟောပြောမည့် ပညာရှင်နှင့် မိတ်ဆက်ပေးပြီး ကမ္ဘာ့ငါးဖမ်းလုပ်ငန်း၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုဌာနမှ ပညာရှင် Dr.Girija Page က ပတ်ဝန်းကျင်နှင့်သဘာဝနယ်ပယ်တွင် ငါးစားသုံးမှုအတွက် ရေနေသက်ရှိ ငါးမွေးမြူရေးထုတ်လုပ်ခြင်းကို ကမ္ဘာ့ငါးဖမ်းလုပ်ငန်းနှင့် မန္တလေးတက္ကသိုလ်တို့ သုတေသနပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းဆောင်ရွက်ရန်ကို တင်ပြပြီး တက်ရောက်လာကြသူများ၏ သိလိုသည့်အကြောင်းအရာများကို ပြန်လည် ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မောင်မောင်(MU)**



# တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် ဖူဆယ်အသင်းများအား အောင်နိုင်ရေးအလံပေးအပ်

**မန္တလေး ဩဂုတ် ၄**
၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အမျိုးသား အမျိုးသမီး ဖူဆယ်ဘောလုံးအသင်းများအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် ညနေ ၃ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝေဇင်က အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ်က ပြိုင်ပွဲဝင်များတိုင်း ဂုဏ်ဆောင်၍ စည်းကမ်းတကျ စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ရေးတို့ကို မှာကြားပြီး တိုင်းအောင်နိုင်ရေးအတွက် အမျိုးသား အမျိုးသမီး အသင်းတို့ကို အလှူငွေကျပ် ၁၅ သိန်းစီ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မန္တလေးတိုင်း အသင်းအုပ်ချုပ်သူက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်ပြင်ဆင်ထားရှိမှုကိုတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်က တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား ပြိုင်ပွဲဝင်အသင်းအဖွဲ့ခေါင်းဆောင် ဦးခင်မောင်လွင်လေးနှင့် အုပ်ချုပ်သူတို့ထံ တိုင်းအောင်နိုင်ရေးအလံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အာရှကလပ် ဘော်လီဘောပြိုင်ပွဲတွင် မြန်မာကလပ်အနိုင်ရပြီး အဆင့် ၁၁ နေရာလုပွဲကစားရမည်

**နေပြည်တော် ဩဂုတ် ၄**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၈ အာရှကလပ် ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ဆက်လက်ကျင်းပရာ မြန်မာကလပ် Asia World အသင်း အနိုင်ရပြီး အဆင့် (၁၁) နေရာလုပွဲသို့ တက်ရောက်ခွင့်ရခဲ့သည်။

ယနေ့ကျင်းပသည့်ပွဲများတွင် အဆင့် ၉/၁၂ နေရာလုပွဲနှင့် အဆင့် ၁/၈ နေရာလုပွဲများ ကျင်းပခဲ့ပြီး ဆီမီးဖိုင်နယ်ရောက်အသင်းလေးသင်းနှင့် အခြားအဆင့်အတွက် ယှဉ်ပြိုင်ရမည့်အသင်းများထွက်ပေါ်ခဲ့သည်။ မြန်မာကလပ် Asia World အသင်းသည် ယမန်နေ့က ကျင်းပသည့်ပွဲတွင် ရှုံးနိမ့်ခဲ့သောကြောင့် အဆင့် ၉/၁၂ နေရာလုပွဲသာ ယှဉ်ပြိုင်ခဲ့ရပြီး အုပ်စု၌ တွေ့ဆုံခဲ့သည့် တာ့ခ်မင်နစ္စတန်ကလပ် ဘီနာဂါ အသင်းနှင့် ပြန်လည်တွေ့ဆုံခဲ့ကာ သုံးပွဲပြတ်အနိုင်ရခဲ့သည်။ မြန်မာကလပ် Asia World အသင်းသည် ဘီနာဂါအသင်းကို ၂၅-၂၃ မှတ်၊ ၂၅-၁၈ မှတ်၊ ၂၅-၁၃ မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အာရှဘော်လီဘောအဖွဲ့ချုပ်သည် အဆင့် ၉/၁၂ နေရာလုပွဲအတွက် ဆီဒင် သတ်မှတ်ချက်များအတိုင်း ကျင်းပခဲ့ပြီး ယနေ့ကျင်းပသည့်ပွဲတွင် အနိုင်ရသည့်နှစ်သင်းအနက် ဆီဒင်သတ်မှတ်ချက်ပိုမြင့်သည့် ဩစတြေးလျကလပ် ကန်ဘီရာအသင်းသည် အဆင့် ၉ နေရာလုပွဲကစားခွင့်ရပြီး ဘိုင်ရထားသည့် ဟောင်ကောင်ကလပ် ယန်ချိုင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲစည်း မျဉ်းကြောင့် မြန်မာကလပ် Asia World အသင်းသည် အဆင့် ၉ နေရာလုပွဲသို့ တက်ရောက်ခွင့်မရဘဲ အဆင့် ၁၁ နေရာလုပွဲအဖြစ် ရှုံးပွဲကြုံတွေ့ခဲ့သည့် တရုတ်ကလပ် စီချွမ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ တာ့ခ်မင်နစ္စတန်ကလပ် ဘီနာဂါအသင်းမှာမူ ဆက်လက်ကစားရန်မလိုတော့ဘဲ အဆင့် ၁၃ နေရာရရှိခဲ့သည်။ အဆင့် ၁/၈ နေရာလုပွဲတွင် အီရန်ကလပ် အာဒါကန်အသင်းက ထိုင်းကလပ်နာခွန်ရတ်ချက်စီမာအသင်းကို သုံးပွဲပြတ်၊ ကာဇက်စတန်ကလပ် Atyrau အသင်းက သီရိလင်္ကာကလပ် လန်ကာအသင်းကို သုံးပွဲ-တစ်ပွဲ၊ ပါကစ္စတန်ကလပ် Wapda အသင်းက ဂျပန်ကလပ် Toray အသင်းကို သုံးပွဲ-နှစ်ပွဲ၊ ဗီယက်နမ်ကလပ် ဆန်နတ်အသင်းက တရုတ်(တိုင်ပေ)ကလပ် Long Power အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရကာ အနိုင်ရသည့် လေးသင်းမှာ ဆီမီးဖိုင်နယ်နှင့် ရှုံးနိမ့်ခဲ့သည့်အသင်းများမှာ အဆင့် ၅/၈ နေရာလုပွဲ ကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ် အဆင့် ၅/၈ နေရာလုပွဲ၊ အဆင့် ၉၊ ၁၁ နေရာလုပွဲများကို ဩဂုတ် ၅ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှု ၂၅၉ ကြိမ် ဖြစ်ပွား၊ ၅၄ ဦးသေဆုံး၊ ၅၂၇ ဦးဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၄**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၁၈ ခုနှစ်ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ယာဉ်မတော်တဆမှုပေါင်း ၂၅၉ ကြိမ်ဖြစ်ပွားခဲ့ရာ သေဆုံးသူအမျိုးသား ၃၈ ဦး ၊ အမျိုးသမီး ၁၆ ဦး၊ ပေါင်း-၅၄ ဦး၊ ဒဏ်ရာရရှိသူ အမျိုးသား ၂၈၇ ဦး၊ အမျိုးသမီး ၂၄၀၊ ပေါင်း ၅၂၇ ဦး ရှိကြောင်း၊ ဇူလိုင်လအတွင်းယာဉ်မတော်တဆမှု ၂၈ ကြိမ်ဖြစ်ပွားခဲ့ပြီး အမျိုးသားလေးဦးသေဆုံးခဲ့ကာ အမျိုးသား ၂၅ဦး၊ အမျိုးသမီး ၁၂ ဦး၊ ပေါင်း ၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်မည့် ယာဉ်မောင်းသူများအနေဖြင့် မိမိမောင်းနှင်မည့် ယာဉ်အား ကြံ့ခိုင်မှုစစ်ဆေးပြီးမှ မောင်းနှင်ကြရန်၊ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရန် အမြန်လမ်းရဲတပ်ဖွဲ့က သတိပေးထားပြီး ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန် အမြန်လမ်းပေါ်တွင် အနှေးယာဉ်များ၊ စက်ဘီး၊ ဆိုင်ကယ်များ တက်ရောက်မောင်းနှင်မှု၊ ကျွဲ၊ နွားများလမ်းမပေါ်လွှတ်ကျောင်းမှု၊ လမ်းဖြတ်ကူးမှုများနှင့် ပတ်သက်၍ လမ်းတစ်လျှောက်ကျေးရွာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်အန္တရာယ်ဟောပြောပွဲများ ပြုလုပ်ပညာပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား အမြန်နှုန်းတိုင်း ကိရိယာများဖြင့် တိုင်းတာ ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သန်းဦး(လေးမျက်နှာ)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဘာစီလိုနာအသင်းသည် ချီလီကွင်းလယ်ကစားသမား ဗီဒယ်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန်အတွက် ဘိုင်ယန်မြူးနစ်အသင်းနှင့် သဘောတူညီမှုအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် (၃၁နှစ်) အရွယ် အဆိုပါ ကွင်းလယ်ကစားသမားသည် လာမည့်ရက်အနည်းငယ်အတွင်း ဘာစီလိုနာအသင်းနှင့် ဆေးစစ်မှုခံယူသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းမှ ဘိုင်ယန်မြူးနစ်သို့ ရောက်ရှိလာသူဖြစ်ကြောင်းလည်း ဖော်ပြထားသည်။
- အာဆင်နယ်နောက်ခံကစားသမား ကလာစီနက်စ်သည် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားခဲ့သော နိုင်ငံတကာ ချန်ပီယံဖလားအဖြစ် အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းကို ပယ်နယ်တီတွင် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ရက်သတ္တ ရှစ်ပတ်မှ ၁၀ ပတ်အထိ အနားယူရဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးတိုက်စစ်ကစားသမား ပက်ဒရိုသည် စတန်းဖို့ဒ်ဘရစ်ဂ်၌ ၂၀၂၀ ပြည့်အထိရှိသော သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ဘာစီလိုနာအသင်းမှ ပေါင် ၂၁ သန်းဖြင့် ရောက်ရှိလာသော ပက်ဒရိုသည် ချယ်လ်ဆီးအသင်းကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပရီမီယာလိဂ်ဖလားနှင့် ပြီးခဲ့သည့်ရာသီတွင် အက်ဖ်အေဖလားရရှိအောင်စွမ်းဆောင်ပေးထားနိုင်ကြောင်းလည်း ဖော်ပြထားသည်။
- မန်စီးတီးတိုက်စစ်ကစားသမား ဂါဘရီးရယ် ဂျီးဆပ်စ်သည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၃ ခုနှစ်အထိရှိသော သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် (၂၁နှစ်) အရွယ် ဂျီးဆပ်စ်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီတွင် ဘရာဇီးကလပ် ပါမီးယက်စ်အသင်းမှ ပေါင် ၂၇ သန်းဖြင့် မန်စီးတီးအသင်းသို့ ရောက်ရှိလာသူဖြစ်ကြောင်းလည်း ဖော်ပြထားသည်။
- အီတလီနောက်ခံကစားသမား ဘိုနူချီသည် အေစီမီလန်အသင်းမှ ဂျူဗင်တပ်စ်အသင်းထံသို့ ပြန်လည်ပြောင်းရွှေ့သွားပြီဖြစ်ပြီး တိုက်စစ်ကစားသမား ဟီဂူအင်သည်လည်း ဂျူဗင်တပ်စ်အသင်းမှ အေစီမီလန်အသင်းထံသို့အငှားဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ သို့သော် အေစီမီလန်အသင်းအနေဖြင့် ဟီဂူအင်ကို အငှားဖြင့်ခေါ်ယူရာတွင် ပေါင် ၁၆ သန်း ပေးချေရမည်ဖြစ်ပြီး အမြဲတမ်းခေါ်ယူမည်ဆိုပါက ပေါင် ၃၂ ဒသမ ၀၄ သန်း ပေးချေရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

**အောင်ဇော်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၄** -မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

# မြောက်ကိုရီးယားနျူကလီးယားအစီအစဉ်နှင့် ဆက်နွှယ်သူများကို အမေရိကန်အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်



**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယား နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ဆက်နွှယ်နေသည့် တရားမဝင်ငွေရေးကြေးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သော ရုရှားဘဏ်နှင့် အခြားကုမ္ပဏီများကို အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက အသစ်ထပ်မံပိတ်ဆို့လိုက်သည့် အရေးယူမှုများသည် ရုရှားဘဏ်နှင့် အခြားကုမ္ပဏီနှစ်ခုအပါအဝင် လူပုဂ္ဂိုလ်တစ်ဦးတို့ကို ဦးတည်ချက်ထားလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

ရုရှားဘဏ်သည် မြောက်ကိုရီးယားအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နှင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုပြုလုပ်ထားသော အမေရိကန်နိုင်ငံ၏ လုပ်ဆောင်ချက်ကို ချိုးဖောက်ကာ ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောခဲ့သည်။

အခြားကုမ္ပဏီနှစ်ခုသည် မြောက်ကိုရီးယားနိုင်ငံခြားကုန်သွယ်မှုဘဏ်အတွက် ဆောင်ရွက်ပေးနေသော ဦးဆောင်ကုမ္ပဏီလုပ်ငန်းများဖြစ်ပြီး ၎င်းတို့သည် တရုတ်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့တွင်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ ပိတ်ဆို့မှုအသစ်အရ အရေးယူပိတ်ဆို့ခြင်း ခံရသည့် ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များသည် အမေရိကန်ကုမ္ပဏီများနှင့် မည်သည့်ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်မျိုး မဆိုလုပ်ဆောင်၍ မရတော့ကြောင်း၊ လုပ်ဆောင်ခြင်းကိုတားမြစ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စုအတွင်းရှိ ၎င်းတို့၏ ပိုင်ဆိုင်မှုများမှာလည်း အသက်မဝင်တော့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများသည် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားကင်းစင်ရေး အပြည့်အဝအကောင်အထည်ဖော်နိုင်သည့်အချိန်အထိ အကျိုးသက်ရောက်နေမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနျူချင်က ပြောခဲ့သည်။

တရုတ်နှင့် ရုရှားတို့သည် အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို လျှော့ပေါ့ပေးရန် တောင်းဆိုထားကြောင်းလည်း သိရသည်။

ထပ်မံပြုလုပ်လိုက်သော အရေးယူပိတ်ဆို့မှုအသစ်များသည် တရုတ်နှင့် ရုရှားနိုင်ငံတို့အပေါ် အနည်းငယ်စိတ်မသက်မသာဖြစ်စေခဲ့ကြောင်း သိရသည်။

ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရိုင်ယက်ကော့ဗ်က အမေရိကန်ပြည်ထောင်စု၏ နောက်ဆုံးလုပ်ဆောင်ခဲ့သည့် အရေးယူပိတ်ဆို့မှုအပေါ် ရှုတ်ချကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရွှေ့ပြောင်းဒုက္ခသည်များကို ကယ်တင်ခဲ့သည့်သင်္ဘော ယခုအချိန်အထိ ကမ်းမကပ်နိုင်သေး




**ထရီပိုလီ ဩဂုတ် ၄**

လွန်ခဲ့သည့်နှစ်ရက်က လစ်ဗျားကမ်းလွန်တွင် ရွှေ့ပြောင်းအခြေချသူ ၈၇ ဦးကို ကယ်တင်ခဲ့သည့် စပိန်အင်န်ဂျီအိုသင်္ဘောတစ်စင်းသည် အီတလီနှင့် နီးနေသော်လည်း ကမ်းကပ်ရန် ဆိပ်ကမ်းရှာနေရဆဲဖြစ်ကြောင်း Proactiva Open Arms က ပြောခဲ့သည်။

ဒါဖာအပါအဝင် ဆူဒန်မှ အားလုံးနီးပါးသော ရွှေ့ပြောင်းအခြေချသူများသည် ပင်လယ်ထဲတွင် နာရီပေါင်း ၅၀ ကျော်ကြာအောင် သောင်တင်နေခဲ့ကြောင်း၊ သောက်ရေလည်းမရှိ၊ ရောနှောလောင်စာဆီများနှင့် ပင်လယ်ဆားငန်ရေများကြောင့် အသားလောင်ခြင်းများလည်း ခံစားနေရကြောင်း သိရသည်။

ကယ်ဆယ်ရေးသမားများရောက်လာသည့်အခါတွင် ရွှေ့ပြောင်းအခြေချသူ အများစုက ၎င်းတို့ကို မတရားနှိပ်စက်ညှဉ်းပန်းခြင်း၊ တစ်ဖက်သတ် ဖမ်းဆီးထိန်းသိမ်းခြင်း၊ မတရားအမြတ်ထုတ်ခြင်းနှင့် အကြမ်းဖက်မှုများခံစားရရာ လစ်ဗျားသို့ ပြန်ပို့မည်အထင်ဖြင့် ကြောက်ရွံ့ကာ ပင်လယ်ထဲသို့ ခုန်ချသွားခဲ့ကြောင်း သိရသည်။

၎င်းတို့၏ မျက်နှာတွင် ကြောက်ရွံ့ခြင်းနှင့် မသေချာမှုများရှိနေသည့် ပုံပန်းသွင်ပြင်များ ပေါ်လွင်နေသော်လည်း အပြုံးကို ပထမဆုံးမြင်တွေ့ခဲ့ရကြောင်း အဆိုပါအင်န်ဂျီအို၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် တွစ်တာတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

၎င်းတို့၏နိုင်ငံတွင် နှိပ်စက်ညှဉ်းပန်းမှုများခံရခြင်းမှ လည်းကောင်း၊ လစ်ဗျားတွင် နှိပ်စက်ပြုမူမှုများခံရခြင်းမှ လည်းကောင်း၊ ပင်လယ်ပြင်တွင် ဒုက္ခအပေါင်းတွေ့ကြုံခံစားရခြင်းမှ လည်းကောင်း ကယ်တင်ခွင့်ရသည့်အတွက် ဝမ်းသာကြောင်း ယင်းအင်န်ဂျီအိုအဖွဲ့က ပြောခဲ့သည်။

အီတလီမှလွဲ၍ မည်သည့်နေရာတွင်မဆို ဆိုက်ကပ်နိုင်ကြောင်း အီတလီပြည်ထဲရေးဝန်ကြီး မက်တီယိုဆယ်ဗီနီက တွစ်တာမှတစ်ဆင့် ၎င်း၏ သဘောထားကို ဖော်ပြထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အီရန်နျူကလီးယား သဘောတူညီချက်ကို ထိန်းသိမ်းရန် တရုတ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိ

**ပေကျင်း ဩဂုတ် ၄**

တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အီရန်နျူကလီးယား သဘောတူညီမှုကို ထိန်းသိမ်းရန် တရုတ်နိုင်ငံသည် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် လက်တွဲလုပ်ဆောင်သွားလိုကြောင်း မကြာသေးမီက ပြောခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး သီးသန့်တွေ့ဆုံဆွေးနွေးပွဲတွင် ဝမ်ယိက အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်နှင့် တွေ့ဆုံပြီးနောက် ထိုသို့မှတ်ချက်ပြု ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပူးတွဲလွှမ်းခြုံလုပ်ငန်းအစီအစဉ်ဟုခေါ်သည့် အီရန်နျူကလီးယားသဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်သည်ဖြစ်စေ၊ နှောင့်နှေးကြန့်ကြာနေသည်ဖြစ်စေ ယင်းကိစ္စသည် နိုင်ငံတကာအသိုင်းအဝိုင်းကို အာရုံဖမ်းစားနိုင်သည်ဟု ဝမ်က ပြောခဲ့သည်။ အရှေ့အလယ်ပိုင်းတွင် အသစ်အသစ်သော စွန့်စားမှုများနှင့် စိန်ခေါ်မှုများရှိကြောင်း ဝမ်ယိက ဆက်လက်ပြောကြားခဲ့သည်။

JCPOA သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုခဲ့သည့် ဘက်ပေါင်းစုံပါဝင်သော သဘောတူညီချက်ဖြစ်သည်ဆိုသည့် ထင်မြင်ယူဆချက်ကို တရုတ်နိုင်ငံအနေဖြင့် လက်ကိုင်ပြုထားပါကြောင်း ဝမ်က ပြောကြားခဲ့သည်။

ထို့ကြောင့် အီရန်အပါအဝင် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် ငြိမ်းချမ်းရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ရရှိရေးသာမက ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းတွင်လည်း အလားအလာကောင်းရေးကို ရှေးရှုပြီး အီရန်နျူကလီးယားသဘောတူညီချက်ကို တရုတ်နိုင်ငံအနေဖြင့်လည်း အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားချင်သည့်ဆန္ဒရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗီယက်နမ်ရေနံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးပြန်ပေးဆွဲမှုတွင် ပါဝင်သည်ဆိုသည့်စွပ်စွဲချက်ကို ဆလိုဗက်ငြင်းဆို



**ဘရာတစ်ဆလားဗား ဩဂုတ် ၄**

ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ဗီယက်နမ်ရေနံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို လွန်ခဲ့သည့်နှစ်က ပြန်ပေးဆွဲရာတွင် အစိုးရလေယာဉ်ကို အသုံးပြုခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြပြီးနောက် ယင်းပြန်ပေးဆွဲမှုတွင် ဆလိုဗက်ကီးယား ပါဝင်သည်ဆိုသည့်အချက်ကို ဆလိုဗက်ကီးယားက ငြင်းဆိုလိုက်ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြထားသည်။

ဂျာမန်သတင်းစာဖြစ်သည့် the daily Dennik N တွင်စွပ်စွဲမှုများကို ဖော်ပြခဲ့ပြီးဖြစ်ရာ ယင်းဖော်ပြချက်တွင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင် Trinh Xuan Thanh ကို ပို့ဆောင်ရာတွင် ဗီယက်နမ်အရာရှိများက ဆလိုဗက်အစိုးရလေယာဉ်တစ်စင်းကို အသုံးပြုခဲ့ကြောင်း ဖော်ပြခဲ့သည်။

သို့သော်လည်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပီတာလာဆာရော့ဗ်က ဆလိုဗက်အရာရှိများသည် ဗီယက်နမ်နိုင်ငံသားတစ်ဦးအား ပြန်ပေးဆွဲမှုတွင် မပါဝင်ခဲ့ကြောင်း ဩဂုတ် ၃ ရက်က ပြောခဲ့သည်။

ဂျာမန်သတင်းစာဖြစ်သည့် the daily Dennik N တွင် ဖော်ပြခဲ့သည့် သတင်းအချက်အလက်များသည် လုပ်ကြံလီဆယ်သည့် သတင်းအချက်အလက်များသာ ဖြစ်သည်ဟုဆိုကာ ၎င်းက စွပ်စွဲချက်များကို ပယ်ချခဲ့သည်။

အရက်မူးပြီး ပွန်းပဲ့ဒဏ်ရာများရနေဟန်တူသူများသည် ဘရာတစ်ဆလာဗားလေဆိပ်၌ ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်သွယ်ပြီး ဆလိုဗက်အစိုးရလေယာဉ်ပေါ်သို့ တက်သွားကြောင်း အမည်မဖော်လိုသူ ဆလိုဗက်ရဲများ၏ ပြောစကားကို ကိုးကား၍ သတင်းတွင်ရေးသားဖော်ပြထားသည်။

ထိုအချိန်က ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီး တူလန်လည်း ဆလိုဗက်ကီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေကြောင်း ဂျာမန်နေ့စဉ်သတင်းစာတစ်ခုဖြစ်သော Frankfurter Allgemeine Zeitung တွင် ဖော်ပြခဲ့သည်။

ဆလိုဗက်ဝန်ကြီးချုပ် ပီတာ ပယ်လီဂရီနီက အဆိုပါကိစ္စတွင် အမှုမှန်ပေါ်ပေါက်ရေးအတွက် ၎င်း၏အစိုးရအနေဖြင့် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

နိုင်ငံ့ဂုဏ်သိက္ခာ ထိခိုက်မှုကို ကာကွယ်ရန် အမှုမှန်ပေါ်ပေါက်အောင် ဆောင်ရွက်မှုမှလွဲပြီး အခြားနည်းလမ်းမရှိတော့ကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။ ပြန်ပေးဆွဲခံရသည့် Thanh သည် ဗီယက်နမ်ရေနံ ကုမ္ပဏီဖြစ်သည့် ပီဗွီစီ၏ ယခင်ဥက္ကဋ္ဌဟောင်းဖြစ်သည်။ ၎င်းသည် ဗီယက်နမ်မှ အကျင့်ပျက်ခြစားမှုများဖြင့် အလိုရှိနေသည့် တရားခံပြေးတစ်ယောက်ဖြစ်ကြောင်းသိရပြီး ဂျာမနီနိုင်ငံ၌ နိုင်ငံရေးခိုလှုံနေသူတစ်ဦးဖြစ်သည်။ ၎င်းသည် ဘာလင်တီယာပန်းခြံတွင် ၂၀၁၇ ခုနှစ် ဇူလိုင်လက လမ်းလျှောက်နေစဉ် ဗင်ကားတစ်ခုထဲ အတင်းဆွဲခေါ်ခြင်း ခံခဲ့ရပြီး နောက်ပိုင်းတွင် ဗီယက်နမ်သို့ ပြန်လည်ပို့ဆောင်ခြင်း ခံခဲ့ရသည်။

၎င်း၏ မှားယွင်းသောလုပ်ရပ်များအတွက် ၎င်းကို ဗီယက်နမ် တရားရုံးက ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**အေအက်ဖ်ပီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၈-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၄ ပါ ဆော်ဒီအာရေဗျနိုင်ငံ ပြည်နယ်တစ်ခုအတွင်းရှိ ဈေးတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သား ၅၂ ဦး သေဆုံးသတင်းအား ဆော်ဒီအာရေဗျ ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က ယီမင် ဆိပ်ကမ်းမြို့တော် အယ်လ်ဟူဒေးဒါရ်ရှိ ဆေးရုံနှင့် ဈေးကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သား ၅၂ ဦး သေဆုံးဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

**နိုင်ငံတကာ သတင်းတိုထွာ**

## အာဖဂန်၌ အသေခံပုံးခွဲမှု ပါကစ္စတန် ရှုတ်ချ

**အစ္စလမ္မာဘတ် ဩဂုတ် ၄**

အာဖဂန်နိုင်ငံ ဂါဒတ်မြို့ ဗလီတစ်ခုတွင် သောကြာနေ့က အသေခံပုံးခွဲမှု ဖြစ်ပွားခဲ့ရာ လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ပြီး အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းဖြစ်ရပ်ကို ပါကစ္စတန်က ပြင်းထန်စွာ ရှုတ်ချကြောင်း ကြေညာခဲ့သည်။ ပုံးခွဲမှုကြောင့် သေဆုံးသူဦးရေမှာ ၃၀ ခန့်အထိ ရှိလာပြီး မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးပေ။

ပါကစ္စတန်သည် အကြမ်းဖက်တိုက်ခိုက်မှုအားလုံးကို ရှုတ်ချကြောင်း၊ အကြမ်းဖက်သမားများကို နှိမ်နင်းရာတွင် အာဖဂန်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်မည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် သေဆုံးသူများ၏ မိသားစုများအတွက် ဝမ်းနည်းကြေကွဲရကြောင်းနှင့် ဒဏ်ရာရရှိသူများအမြန်ဆုံးပြန်လည်ကျန်းမာလာစေရေး ဆုတောင်းပေးကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဆင်ဟွာ

## မိုဂါဒစ်ရှူး အနောက်မြောက်ပိုင်း၌ စစ်သွေးကြွလေးဦးကို အမေရိကန်တပ်ဖွဲ့ဝင်များ သုတ်သင်

**မိုဂါဒစ်ရှူး ဩဂုတ် ၄**

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အယ်ရှာဘတ်စစ်သွေးကြွလေးဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့ အနောက်မြောက်ပိုင်း ၁၂၀ ကီလိုမီတာ အကွာတွင် ကြာသပတေးနေ့က အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆင်ရေးပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦးတလေမျှ ဒဏ်ရာရရှိခြင်း၊ အသက်ဆုံးရှုံးခြင်းမရှိကြောင်း အာဖရိကရောက် အမေရိကန်တပ်ဖွဲ့ဝင်များက ကြေညာခဲ့သည်။ အဆိုပါအဖွဲ့သည် ဇွန်လကတည်းကစ၍ ဆိုမာလီတွင် ပစ်ခတ်မှုများ ရပ်နားထားခဲ့သည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် အမေရိကန်နိုင်ငံသားများ၏ လုံခြုံရေးနှင့် အကြမ်းဖက်သမားများ၏ခြိမ်းခြောက်မှုကို တိုက်ဖျက်နိုင်ရေး ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောသည်။

ဆင်ဟွာ

# ငြိမ်းချမ်းရေးနဲ့ အလှမ်းဝေးနေဆဲဖြစ်တဲ့ ယီမင်စစ်ပွဲ

*ဖြိုးစန္ဒီမွေး*



**ယီမင်နိုင်ငံမှာ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေ ဟူသီသူပုန်တွေနဲ့ တိုက်ပွဲတွေဆင်နွှဲနေတာ အချိန်ကာလအတော်ကြာနေပါပြီ။ ယီမင်ဆိပ်ကမ်းမြို့ဖြစ်တဲ့ မြို့တော်အယ်လ်ဟူဒေးဒါရ်ကို ယီမင်ဟူသီသူပုန်တွေလက်ထဲကနေ ပြန်သိမ်းနိုင်ဖို့ ယီမင်အစိုးရတပ်တွေနဲ့ ဆော်ဒီဦးဆောင်တဲ့မဟာမိတ်တပ်တွေ စုပေါင်းပြီး ထိုးစစ်ဆင်တိုက်ပွဲဝင်ခဲ့ကြတာကတော့ ဇွန်လက စတင်ခဲ့တာပါ။**

ဟူသီသူပုန်တွေ ဆိုတာကလည်း တိုင်းပြည်ရဲ့ တစ်ဝက်နီးပါးကို သိမ်းပိုက်ထားနိုင်တဲ့ တပ်တွေဖြစ်တော့ သူ့ရဲ့အင်အားကိုလည်း လျှော့တွက်လို့ မရပါဘူး။ ဆိပ်ကမ်းမြို့တော် အယ်လ်ဟူဒေးဒါရ်ဆိုတာကလည်း ပင်လယ်နီဒေသမှာ အရေးပါတဲ့နေရာတစ်နေရာ ဖြစ်ပါ တယ်။

### ပျက်စီးသွားသောမျှော်လင့်ချက်

ကုလသမဂ္ဂကတော့ ပြင်းထန်တဲ့ တိုက်ပွဲတွေကြောင့် အရပ်သားတွေ ကြားထဲကနေ အထိနာမှာကိုစိုးရိမ်တဲ့အတွက် တိုက်ပွဲတွေ ရှောင်ရှားနိုင်ဖို့ အရေး အမျိုးမျိုးကြိုးပမ်းခဲ့ကြပါတယ်။ ဟူသီသူပုန်တွေဘက်ကလည်း ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းတာမျိုး ရှိတယ်ဆိုပြီး သတင်းတွေထွက်ပေါ်လာတော့ ယီမင်ငြိမ်းချမ်းရေးအတွက် လမ်းစများ ဖြစ်လေမလားလို့ ထင်မြင်ခဲ့ကြပါတယ်။

အခုအခါမှာတော့ ဒီမျှော်လင့်ချက်တွေဟာလည်း တစ်စစီပျက်ပြားသွားခဲ့ပါပြီ။ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေရဲ့ လေကြောင်းကနေ ဟူသီသူပုန်တွေ ထိန်းချုပ်ထားတဲ့ နယ်မြေထဲကို ဒုံးကျည်နှစ်ဒါဇင်လောက် ပစ်ခတ်ခဲ့ပါတယ်။ ဒုံးကျည်ဒဏ်ကြောင့်ဆေးရုံအဝင်ဝနဲ့ လုံခြုံရေးနေရာတစ်ခု ပျက်စီးသွားခဲ့ပြီး ဆေးလုပ်သားများအပါအဝင် လူ ၃၀ ခန့် သေဆုံးခဲ့ပါတယ်။

ငြိမ်းချမ်းရေးလမ်းစကို မြင်ပြီးမှ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားခဲ့တော့ လက်ရှိဖြစ်ပေါ်နေတဲ့ တိုက်ပွဲတွေကို ပိုပြီးမီးစာပေးလိုက်သလိုပါပဲ။ ဆော်ဒီဘက်က ဒီလိုမျိုးပစ်ခတ်မှုတွေ ပြုလုပ်ရတာလည်း အကြောင်းရှိပါတယ်။ ဆိပ်ကမ်းမြို့ အယ်လ်ဟူဒေးဒါရ်ကို သိမ်းပိုက်ထားတဲ့ ဟူသီသူပုန်တွေဟာ ဆော်ဒီ ရေနံတင်သင်္ဘောတွေကို တိုက်ခိုက်ခဲ့လို့ပါပဲ။

ဆော်ဒီရေနံတင် သင်္ဘောတွေ ပျက်စီးတဲ့အခါမှာတော့ ဆော်ဒီဟာ ဟူသီသူပုန်တွေကို ပိုပြီး မဲပါတော့မယ်။ ဒါကြောင့်လည်း ပြင်းထန်တဲ့တိုက်ခိုက်မှုကို ဆော်ဒီဘက်က လုပ်ဆောင်ခဲ့တာလို့ ယူဆလို့ရပါတယ်။

### အကူအညီပေးရေးအဖွဲ့တွေရဲ့ရှုတ်ချမှု

တစ်ချိန်တည်းမှာပဲ အကူအညီပေးရေး အဖွဲ့တွေဟာလည်း ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေကို ပြင်းပြင်းထန်ထန် ဝေဖန်ကြပါတော့တယ်။ ဆော်ဒီရဲ့အာဃာတတရားကြောင့် အရပ်သားတွေ ထိခိုက်ရတယ်လို့ အကူအညီပေးရေးအဖွဲ့တွေက စွပ်စွဲကြပါတယ်။ အယ်လ်ဟူဒေးဒါရ်မြို့ကို သိမ်းမယ်ဆိုပြီး မဟာမိတ်တပ်တွေ ခြိမ်းခြောက်လာတာလည်း လပေါင်း အတော်ကြာလာပြီဖြစ် ပါတယ်။

ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေဘက်က ဒုံးကျည်နဲ့ တရစပ် ပစ်ခတ်မှုအပြီး နာရီပေါင်းများစွာ ကြာတဲ့အခါမှာတော့ ကုလသမဂ္ဂဆိုင်ရာ ယီမင်ကိုယ်စားလှယ်က နယူးယောက်မြို့က လုံခြုံရေးကောင်စီမှာ ယီမင်နိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိရေး စာချုပ်အသစ်ကို ကြေညာခဲ့ပါတယ်။ ကုလကတော့ ယီမင်နိုင်ငံရဲ့စစ်ပွဲကို ကမ္ဘာမှာ အဆိုးရွားဆုံး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဘေးကပ်ဆိုးလို့ သတ်မှတ်ခဲ့ပါတယ်။

### ပဋိပက္ခများမှ စစ်ပွဲဆီသို့ ဦးတည်

အာရပ်ကမ္ဘာမှာ အဆိုးရွားဆုံးလို့ဆိုရမယ့် ယီမင်နိုင်ငံမှာ နိုင်ငံရေးသမားတွေနဲ့စစ်သွေးကြွတွေဟာ တိုင်းပြည်ကို ထိန်းချုပ်နိုင်ဖို့ အချင်းချင်း တိုက်ခိုက်နေကြပါတယ်။ ၂၀၁၅ ခုနှစ်မှာ အာဏာခွဲဝေရေးအတွက် ဘယ်လိုမှ အဆင်မပြေတော့တဲ့အခါမှာတော့ ဟူသီတွေဟာ အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုထားတဲ့ သမ္မတ မန်ဆောဟာဒီရဲ့အစိုးရကို အာဏာသိမ်းခဲ့ပါတော့တယ်။

အဲဒီအချိန်ကစလို့ ပဋိပက္ခတွေကနေ စစ်ပွဲဆီကို ဦးတည်သွားခဲ့ပြီး ဆော်ဒီနဲ့ ယူအေအီးနိုင်ငံတို့ဟာ ဟူသီတွေကို ဆန့်ကျင်ပြီး သမ္မတမန်ဆောဟာဒီဘက်ကနေ တိုက်ပွဲဝင်ပေးခဲ့ပါတယ်။ ဟူသီသူပုန်တွေဟာ မြို့တော်ဆာနား၊ ဆိပ်ကမ်းမြို့အယ်လ်ဟူဒေးဒါရ်အပါအဝင် ဆော်ဒီနယ်စပ်က နယ်မြေအတော်များများကို သိမ်းပိုက်ထားနိုင်ခဲ့ပါတယ်။

### အီရန်၏ ပါဝင်ပတ်သက်မှု

အဲဒီ စစ်ပွဲမှာ နောက်ထပ် ဇာတ်ကောင်တစ်ခုအနေနဲ့ ပါဝင်လာခဲ့တာကတော့ အီရန်ပဲဖြစ်တယ်။ အီရန်ဟာ ဟူသီသူပုန်တွေကို လက်နက်ခဲယမ်း ထောက်ပံ့ပေးနေတယ်ဆိုပြီး ဆော်ဒီနဲ့ ယူအေအီးတို့က တထစ်ချ စွပ်စွဲခဲ့ပါတယ်။ အီရန်ကတော့ ဒါကိုငြင်းဆိုခဲ့ပြီး ယီမင်စစ်ပွဲမှာ ဆော်ဒီနဲ့ ယူအေအီးတို့ ပါဝင်မှုကြောင့် သေကျေပျက်စီးမှုများရတာဆိုပြီး ပြစ်တင်ရှုတ်ချခဲ့ပါတယ်။

ဟူသီတွေဟာ အီရန်နိုင်ငံထုတ် လက်နက်တွေ အသုံးပြုနေတာ သိသိကြီးနဲ့ အီရန်ကတော့ လက်နက်ထောက်ပံ့မှုလုံးဝမရှိဘူးလို့ ငြင်းဆိုခဲ့ပါတယ်။

### အကူအညီပေးရေး လမ်းကြောင်းများပျက်စီး

အခု ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေသိမ်းပိုက်ဖို့ ကြိုးစားနေတဲ့ အယ်လ်ဟူဒေးဒါရ်မြို့ဟာဆိုရင် မြို့တော်ကြီးတစ်ခု ဖြစ်ပြီး အရပ်သားခြောက်သိန်းကျော် နေထိုင်နေပါတယ်။ အဲဒီပြည်သူတွေရဲ့ လုံခြုံရေးအတွက် ကုလသံတမန်တွေက ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေကို အမျိုးမျိုးသတိပေးမှုတွေ ပြုလုပ်ခဲ့ပေမယ့် ဆော်ဒီတို့ကတော့ လျစ်လျူရှုခဲ့ကြပါတယ်။

အခုဆိုရင် ယီမင်နိုင်ငံတစ်ဝန်းမှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်နေတဲ့ နေရာတွေအတွက် အကူအညီပေးရေး လမ်းကြောင်းဟာလည်း ပျက်စီးသွားခဲ့ရပါပြီ။ ဘာလို့လဲဆိုတော့ ဝင်ပေါက်သဖွယ် ဖြစ်နေတဲ့ မြို့တော်အယ်လ်ဟူဒေးဒါရ်မှာ တိုက်ပွဲတွေ ဖြစ်နေလို့ပါပဲ။ ယီမင်နိုင်ငံရဲ့ တိုင်းပြည်လူဦးရေ ၂၉ သန်း သုံးပုံပုံ နှစ်ပုံခန့်ဟာ အပြည်ပြည်ဆိုင်ရာက အကူအညီပေးမှုအပေါ်မှာ မှီခိုနေရပါတယ်။ ယီမင်နိုင်ငံရဲ့ တင်သွင်းကုန် ၇၀ ရာခိုင်နှုန်းလောက်ဟာ ပင်လယ်နီ ဆိပ်ကမ်းကိုပဲ ရောက်လာတာပါ။

လွန်ခဲ့တဲ့တစ်လခန့်ကတော့ အယ်လ်ဟူဒေးဒါရ်မှာ မြေပြင်တိုက်ပွဲတွေကို ရပ်နားထားပါတယ်။ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေဟာလည်း ကုလသမဂ္ဂရဲ့ တိုက်ပွဲတွေအစား နိုင်ငံရေးအရ အဖြေရှာမယ်ဆိုတဲ့ ကြိုးပမ်းမှုကို ထောက်ခံတယ်လို့ ပြောခဲ့ကြပါ တယ်။

ဒီတော့ ယီမင်မှာ အပစ်အခတ်ရပ်စဲရေးအတွက် လမ်းစဖြစ်နိုင်တယ်ဆိုပြီး မျှော်လင့်ခဲ့ကြပါတယ်။ နောက်တော့ ကုလသမဂ္ဂ သံတမန်တွေဟာ ဟူသီသူပုန်တွေနဲ့ ဆွေးနွေးတဲ့အခါ တိုးတက်မှုတွေ အများကြီး ရှိတယ်လို့ အစီရင်ခံကြတော့ ငြိမ်းချမ်းရေးအတွက် ပိုမိုမျှော်လင့်ခဲ့ကြပါတယ်။

### ဂျိနီဗာသို့ ဖိတ်ခေါ်

အယ်လ်ဟူဒေးဒါရ်မြို့မှာ တိုက်ပွဲတွေ စဖြစ်တော့အရပ်သား သုံးသိန်းသုံးသောင်းခန့်ဟာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရတယ်လို့ ကုလသမဂ္ဂက ခန့်မှန်းထားပါတယ်။ ကုလ အထူးကိုယ်စားလှယ် တစ်ဦးဖြစ်တဲ့ မစ္စတာဂရစ်ဖစ်ဟာ စက်တင်ဘာလအတွင်းမှာ တိုက်ပွဲတွေဖြစ်နေတဲ့ နှစ်ဖက်စလုံးကို ဂျိနီဗာသို့ ဖိတ်ခေါ်ဖို့ အစီအစဉ်ရှိတယ်လို့ ဆိုပါတယ်။

အဲဒီ ဆွေးနွေးပွဲရဲ့မူကြမ်းကတော့ ငြိမ်းချမ်းရေးအတွက် မူဘောင်တွေ ချမှတ်ဖို့၊ ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်လုပ်ဆောင်မယ့်အရာတွေ တိကျသေချာတဲ့ အစီအစဉ်တွေ ရေးဆွဲဖို့ ရည်ရွယ်တာပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကြာသပတေးနေ့က အာရပ်တပ်ပေါင်းစုရဲ့ တိုက်ခိုက်မှုကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ အထမြောက်ပါဦးမလား။

ညနေ ၄ နာရီလောက်မှာ အရပ်သားတွေ နေထိုင်တဲ့ နေရာ၊ ငါးဈေး၊ ဆေးရုံအစရှိတဲ့ နေရာတွေမှာ အာရပ်တပ်ပေါင်းစုရဲ့ ဒုံးကျည်ဒဏ်ခံစားခဲ့ရပါတယ်။ ဆေးအဖွဲ့ဟာ ဒီလူတွေကို ကယ်တင်ဖို့ ကြိုးစားနေတုန်း နောက်ထပ် ဒုံးကျည်ပစ်ခတ်တာတွေနဲ့ ကြုံခဲ့ရတယ်လို့ ဆိုပါတယ်။ တိုက်ခိုက်မှုတွေ အပြီးမှာတော့ လူပေါင်း ၃၀ ခန့် အသက်ဆုံးရှုံးခဲ့ရပါတယ်လို့ ဆရာဝန်တွေက ပြောပါတယ်။

ဒါကြောင့် အကူအညီပေးရေး အဖွဲ့တွေဟာ ဒီလို အရပ်သားတွေ လူနေထူထပ်တဲ့နေရာတွေမှာ တိုက်ခိုက်မှု ပြုလုပ်လို့အရပ်သားတွေအတွက် လုံခြုံမှုမရှိတော့ဘူးဆိုပြီး ဝိုင်းဝန်းရှုတ်ချခဲ့ကြပါတယ်။

ပြီးဆုံးတော့မှာလားဆိုပြီး ယူဆခဲ့တဲ့စစ်ပွဲဟာ မီးစာအသစ်ထပ်ရသွားပြန်ပါပြီ။ ယီမင်မှာ တိုက်ပွဲတွေ ဘယ်တော့မှ ရပ်မှာလဲ။ အရပ်သားတွေ ထွက်ပြေးရမှု၊ သေဆုံးမှုတွေကလည်း ဆက်လက် ဖြစ်နေဦးမှာလားဆိုတာကတော့ နာကျင်ဖွယ်မေးခွန်းတွေအဖြစ် ဆက်လက်တည်ရှိနေဦးမှာပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်စ်**

> **“စစ်ပွဲမှာ နောက်ထပ် ဇာတ်ကောင်တစ်ခုအနေနဲ့ ပါဝင်လာခဲ့တာကတော့ အီရန်ပဲဖြစ်တယ်။ အီရန်ဟာ ဟူသီသူပုန်တွေကို လက်နက်ခဲယမ်း ထောက်ပံ့ပေးနေတယ်ဆိုပြီး ဆော်ဒီနဲ့ ယူအေအီးတို့က တထစ်ချ စွပ်စွဲခဲ့ပါတယ်။ အီရန်ကတော့ ဒါကိုငြင်းဆိုခဲ့ပြီး ယီမင်စစ်ပွဲမှာ ဆော်ဒီနဲ့ ယူအေအီးတို့ ပါဝင်မှုကြောင့် သေကျေပျက်စီးမှုများရတာဆိုပြီး ပြစ်တင်ရှုတ်ချခဲ့”**

# ကရင်ပြည်နယ်အတွင်းရှိရေဘေးသင့်ကျေးရွာများနှင့် ရေဘေးရှောင်ပြည်သူများကို ဝိုင်းဝန်းကူညီထောက်ပံ့ပေးလျက်ရှိ

ဘားအံ ဩဂုတ် ၄

**ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် အတူ ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် ရွှေဖားစည် အဆင့်မြင့်အိမ်ရာစီမံကိန်းတို့ပူးပေါင်း၍ ရေဘေးသင့်ကျေးရွာများနှင့် ရေဘေးရှောင်ပြည်သူများကို ဝိုင်းဝန်းကူညီ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။**



ထိုသို့ ရေဘေးသင့်ပြည်သူများကို ဝိုင်းဝန်းကူညီ ထောက်ပံ့ခြင်းများ ဆောင်ရွက်ရာတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော် ဦးဆောင်သည့် ဝေဠုကျော် ဖောင်ဒေးရှင်းနှင့် ရွှေဖားစည် အဆင့်မြင့်အိမ်ရာစီမံကိန်းတို့မှ တာဝန်ရှိသူများနှင့် အဖွဲ့သည် ဩဂုတ် ၂ ရက်က ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ အထက်တန်းကျောင်းရှိ ရေဘေးရှောင်စခန်းတွင် ခိုလှုံနေသူများအတွက် ဆန်နှင့်စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ မကျီးကျွန်းကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်နှင့်စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ရေကျော်ကြီးကျေးရွာအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ရေကျော်လေးကျေးရွာအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း လှူဒါန်းခဲ့ပြီး ဘားအံမြို့နယ် ဖါကတာကျေးရွာနှင့် မိန်းမလှကျွန်းကျေးရွာများ ကိုလည်း ဆက်လက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

"ထုံးအိုင်အထက်တန်းကျောင်းက ဖွင့်ထားတဲ့ ရေဘေးရှောင်စခန်းမှာ အိမ်ထောင်စု ၇၁ စု၊ ကျား ၈၀၊ မ ၁၄၃ ဦး ပေါင်း ၂၂၃ ဦးခိုလှုံနေပါတယ်။ မကျီးကျေးရွာကအိမ်ခြေ ၄၃၉ လုံးက အကုန်ရေဝင်နေတယ်။ ရေကျော်ကြီးက အိမ်ခြေ ၃၇၂လုံးမှာ အိမ်ခြေ ၃၀၀ ခန့်ရေဝင်နေတယ်၊ ရေကျော်လေးက အိမ်ခြေ ၁၀၀ လောက်ရှိတာရေက အိမ်တိုင်းဝင်နေတယ်၊ နောက်ထပ်ဖါကတာကျေးရွာနှင့် မိန်းမလှကျွန်းကျေးရွာတွေလည်း ရေဝင်နေပါတယ်" ဟု နယ်မြေခံရဲစခန်းမှူး ရဲအုပ် ညီညီမိုးက ပြောသည်။

ကရင်ပြည်နယ်အတွင်း မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်နေပြီး ရေဘေးရှောင်စခန်း ၆၈ ခုဖွင့်လှစ်ထားရှိခဲ့ရာ ဘားအံမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ၂၅ ခု၊ အိမ်ထောင်စု ၂၃၂၇ စု၊ ကျား ၅၈၃၉ ဦး၊ မ ၆၂၇၃ ဦး၊ လှိုင်းဘွဲ့မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ၂၃ ခု၊ အိမ်ထောင်စု ၈၂၆ စု၊ လူဦးရေ ကျား ၁၇၀၅ ဦး၊ မ ၂၂၂၄ ဦး၊ ကော့ကရိတ်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ခုနစ်ခု၊ အိမ်ထောင်စု ၆၉၀၊ ကျား ၆၅၈ ဦး၊ မ ၆၂၇၃ ဦး၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း နှစ်ခု၊ အိမ်ထောင်စု ၉၉ စု၊ လူဦးရေ ကျား ၁၉၁ ဦး၊ မ ၂၂၁ ဦး၊ မြဝတီမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း နှစ်ခု၊ အိမ်ထောင်စု ၅၃ စု၊ ကျား ၁၃၁ ဦး၊ မ ၁၃၁ ဦး၊ ဖာပွန်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ကိုးခု၊ အိမ်ထောင်စု ၄၁၈ စု၊ ကျား ၉၂၃ ဦး၊ မ ၁၀၆၀ စုစုပေါင်းရေဘေးသင့် ပြည်သူ ကျား ၉၆၅၉ ဦး၊ မ ၁၀၅၆၇ ဦး ပေါင်း ၂၀၂၂၆ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်နေရာများနှင့် ရေဘေးရှောင်စခန်းများမှ ပြည်သူများကို ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စေတနာရှင်များ၊ ပြည်နယ်အတွင်းရှိ အသင်းအဖွဲ့များ၊ ပါတီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်များက စားနပ်ရိက္ခာများ၊ သောက်ရေသန့်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများ အစရှိသော ကယ်ဆယ်ရေးပစ္စည်းများကို ဝိုင်းဝန်းကူညီ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# ကဏ္ဍစုံပြပွဲပြိုင်ပွဲများပြသမည့် ကလေးစာပေပွဲတော်ဖွင့်ပွဲ သာယာဝတီမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**သာယာဝတီ ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် သာယာဝတီခရိုင်ကလေးစာပေပွဲတော် ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီတို့ပူးပေါင်း ကျင်းပသော ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော် မုခ်ဦးဆိုင်းဘုတ်ကို တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးပိုင်၊ ခရိုင်အဆင့် ကင်းထောက်လူငယ်၊ လူရည်ချွန်နှင့် ငါးဘာသာ ဂုဏ်ထူးရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက စာပေနှင့်ဆက်စပ်သည့် ပတ်ဝန်းကျင်တွင် ကလေးများအား ပျော်ရွှင်စေချင်ကြောင်းနှင့် ကလေးစာပေပွဲတော်တွင် ကိုယ်တိုင်ပါဝင် ဆင်နွှဲခြင်းကြောင့် အများနှင့် ထိတွေ့လုပ်ဆောင်ရသည့် အလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာပြီး အနာဂတ်နိုင်ငံတော်၏ ရင်နှစ်သည်းချာ အဖိုးတန် ရတနာများ ဖြစ်လာမည့် ကလေးငယ်များအား အဖွဲ့အစည်းအသီးသီးတို့က ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ကလေးစာပေပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသအတွင်း မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကာ ခရိုင်အဆင့် ကလေးစာပေပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများ၊ ခင်းကျင်းပြသထားသော ပြခန်းများ၊ စာဖတ်ခန်းများကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကဏ္ဍစုံလင်စွာဖြင့် ပြပွဲပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်

**မုံရွာ ဩဂုတ် ၄**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းဖွင့်ပွဲကို မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၃ ရက်က ကျင်းပသည်။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ရသူများ၊ မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသူများကို ဒုတိယအကြိမ် ပညာသင်ယူရေးအခွင့်အလမ်းသတ်မှတ်ပေးပြီး မူလတန်းပညာပြီးမြောက်အောင် သင်ယူနိုင်ရေးနှင့် အလယ်တန်းအဆင့်ပညာရေးနှင့် အထက်တန်းအဆင့်ပညာရေးကို ဆက်လက်သင်ယူခွင့်ရရှိစေရန်၊ လိုက်လျောညီထွေဖြစ်မည့် သင်ရိုး၊ အချိန်ကို သင်ယူနိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဝင်းကြိုင်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက တိုင်းဒေသကြီးအတွင်း ကျောင်းပြင်ပမူလတန်းပညာရေးကိစ္စများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူး ခြောက်ဦးအား ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတာဝန်များကို ပေးအပ်ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ကျောင်းပြင်ပပညာရေးမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသူများနှင့် ထူးချွန်စွာအောင်မြင်ကြသည့် အရာတော်မြို့နယ်မှ တစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ ရိုးရိုးအောင်မြင်သူ နှစ်ဦးနှင့် ကျောင်းပြင်ပ ပညာရေး မူလတန်းအဆင့် ထူးချွန်စွာအောင်မြင်ကြသူများအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ကျောင်းပြင်ပ ပညာရေးသင်တန်းသား သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများကို တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာစိုးမြင့်ထွန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းကို မုံရွာမြို့တွင် အခြေစိုက်စခန်း ခုနစ်ခု၊ တန့်ဆည်မြို့နယ်တွင် အခြေစိုက်စခန်း ခုနစ်ခု၊ ကလေးမြို့နယ်တွင် အခြေစိုက်စခန်း ခြောက်ခုဖြင့်လည်းကောင်း၊ ကောလင်းမြို့နယ်တွင် အခြေစိုက်စခန်း လေးခု၊ ဆားလင်းကြီးမြို့နယ်တွင် အခြေစိုက်စခန်း လေးခု၊ ဟုမ္မလင်းမြို့နယ်တွင် အခြေစိုက်စခန်း တစ်ခု စုစုပေါင်း ၂၉ ခုတွင် ပထမ အဆင့် ၂၈၂ ဦး၊ ဒုတိယအဆင့် ၂၈၄ ဦး စုစုပေါင်း ၅၆၆ ဦးတို့အား ဆရာ ဆရာမ ၅၄ ဦးဖြင့် အခြေစိုက်စခန်း ၂၉ ခုတွင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# ကာကွယ်ဆေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေး

**လေရှီး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများအကြောင်း ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာမြကုဋ္ဌေက ကာကွယ်ဆေးဖြင့် ကြိုတင်ကာကွယ်နိုင်သောရောဂါများ ခေါင်းစဉ်ဖြင့် ကူးစက်ပြန့်ပွားလွယ်သော ရောဂါများအကြောင်းနှင့် ကုသကာကွယ်နိုင်သောဆေးဝါးများအကြောင်းကို အသိပညာပေးဟောပြောပြီး ကျန်းမာရေးဌာနအနေဖြင့် ဆေးဝါးများဖြင့် ကြိုတင်ကာကွယ်နိုင်သောရောဂါများကို အခမဲ့ကုသပေးနေမှုနှင့် ကြိုတင်ကာကွယ်ပေးနေမှုများကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟောပြောခဲ့သည်။

ယင်းနောက် ဝေးလံခေါင်ဖျားပြီး မိုးများသော တောင်ပေါ်ဒေသများတွင် အဖြစ်များသော ငှက်ဖျားရောဂါနှင့်အခြားဖြစ်ပွားလျက်ရှိသော ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် လိုအပ်သောဆေးဝါးများနှင့်သုံးစွဲရမည့် နည်းလမ်းများကို ရှင်းလင်းဟောပြောခဲ့သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေး အသိပညာပေးဟောပြောပွဲသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

အာရှအားကစားပြိုင်ပွဲအကြိုဆောင်းပါး

# လူငယ်ကစားသမားများဖြင့် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း

ညီမြတ်သော်တာ

**အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲစတင်ရန် ရက်ပိုင်းသာလိုတော့ပေသည်။ မြန်မာနိုင်ငံမှအားကစားနည်းရှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားဘော်လီဘောအသင်းလည်း အပါအဝင်ဖြစ်သည်။ မြန်မာဘော်လီဘောအသင်းသည် သွေးသစ်လောင်းနေသည့်ကာလဖြစ်ပြီး လူငယ်နည်းပြ၊ လူငယ်ကစားသမားများဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။**



မြန်မာဘော်လီဘောအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် အစဉ်အလာကြီးမားသည့်အသင်း မဟုတ်သော်လည်း နောက်ဆုံးသုံးကြိမ်ဆက်တိုက် ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယခင်အားထားရသည့် စီနီယာကစားသမားများ အနားယူသွားသောကြောင့် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းသည် လူငယ်ကစားသမားများဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး လူငယ်ကစားသမားများ ဖြစ်သောကြောင့် အတွေ့အကြုံကောင်းများရရန် လိုအပ်နေသည်။ မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းတွင် ကစားသမားကောင်းများ ပိုင်ဆိုင်ထားသော်လည်း ပြိုင်ပွဲအတွေ့အကြုံများ လိုအပ်နေပြီး အချို့ပြိုင်ပွဲများတွင် မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့ရသည့် ပြိုင်ပွဲများရှိလာခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်များမှ တာဝန်ရှိသူများအနေဖြင့် မြန်မာ့ဘော်လီဘောလောကတွင် လိုအပ်နေသည့်အရာများကို အချိန်မီဖြည့်ဆည်းပေးရန် လိုအပ်လာပြီဖြစ်သည်။ ပြည်တွင်းပြိုင်ပွဲ ယှဉ်ပြိုင်ရခြင်းမရှိသောကြောင့် ပွဲအတွေ့အကြုံနည်းပါးနေသည့် မြန်မာဘော်လီဘောကစားသမားအများစုသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် အရေးကြီးသည့် အဆုံးအဖြတ်ကာလတွင် အမှားများပြီး ရှုံးနိမ့်ခဲ့ရသည့်သာဓက များနေပြီဖြစ်သည်။

မြန်မာဘော်လီဘော အားကစားနည်း တိုးတက်လာစေရန် ပြည်တွင်းပြိုင်ပွဲများစွာ ကျင်းပနိုင်ရန်လိုသလို လူငယ်မျိုးဆက်သစ်များထွက်ပေါ်လာရန်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။ "အခိုကကတော့ မြန်မာကစားသမားတွေနဲ့ ပြည်ပကစားသမားတွေရဲ့ ကွာခြားမှုက ပြိုင်ပွဲအတွေ့အကြုံဖြစ်ပါတယ်။ ပွဲအတွေ့အကြုံနည်းတဲ့အတွက် အရေးကြီးတဲ့ အချိန်ဆိုရင် အမှားများတယ်။ တည်ငြိမ်မှုနည်းပြီး ဖိအားတွေဝင်လာတယ်။ လက်ရွေးစင်ကစားသမားတွေအတွက် ပြည်တွင်းမှာ ပြိုင်ပွဲမရှိပါဘူး။ ပြည်ပပြိုင်ပွဲသွားပြိုင်ပြီဆိုရင်လည်း အမာခံကစားသမားတွေပဲ ကစားရတာပါ။ အရန်ကစားသမားက မိနစ်ပိုင်းလောက်ပဲ ကစားရတဲ့သူရှိသလို လုံးဝမကစားရတဲ့သူလည်းရှိပါတယ်။ သူတို့ရဲ့ အရည်အသွေးတိုးတက်ဖို့ဆိုရင် ပြည်တွင်းပြိုင်ပွဲတွေ များများကျင်းပပေးဖို့ လိုပါတယ်။ လက်ရှိဖွဲ့ထားတဲ့ အသင်းမှာဆိုရင် အောင်သူတစ်ဦးလောက်ပဲ ပြည်ပကလပ်မှာ သွားကစားနေတာကြောင့် ပွဲအတွေ့အကြုံရှိတဲ့သူ ပါပါတယ်။

တချို့က ပြည်ပမှာ ကစားဖူးပေမယ့် အမြဲမဟုတ်တော့ အားနည်းတာတော့ ရှိတယ်"ဟု မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း နည်းပြချုပ် ဦးကျော်စွာဝင်းက ပြောသည်။ လက်ရှိရွေးချယ်ထားသည့် မြန်မာ့လက်ရွေးစင် ဘော်လီဘော ကစားသမားများတွင် အောင်သူသည် ထိုင်းကလပ် နာခွန်ရတ်ချက်စီမာအသင်းတွင် ဆုကြေးစား သွားရောက်ကစားနေပြီး ၂၀၁၁ ခုနှစ်ကတည်းက ပြည်ပကလပ်များတွင် သွားရောက်ကစားနေခြင်း ဖြစ်သည်။ အောင်သူသည် နာခွန်ရတ်ချက်စီမာအသင်းနှင့်အတူ ထိုင်းဘော်လီဘောလိဂ် ချန်ပီယံဆု သုံးကြိမ်ရထားပြီး ၂၀၁၇-၂၀၁၈ ရာသီတွင် ထိုင်းလိဂ်ပြိုင်ပွဲ၏ တန်ဖိုးအရှိဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲအပြီး နှစ်ကုန်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်ခဲ့ပြီး မေလတွင် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည်။ လက်ရှိတွင်အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှကလပ် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် Asia World အသင်းအမည်ဖြင့် ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာဘော်လီဘောအသင်းသည် အာရှကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ကစားသမား ၁၄ ဦးမှ နှစ်ဦးလျှော့ချကာ ၁၂ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ဂ) တွင် ဂျပန်၊ ကာဇက်စတန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

"အုပ်စု အနေအထားအရတော့ နှစ်သင်းစလုံးခက်ခဲပါတယ်။ ကျွန်တော်တို့က အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုမရှိတာကြောင့် အဆင့်သတ်မှတ်တဲ့ အချိန်မှာ အောက်ရောက်သွားပြီး အသင်းကြီးတွေနဲ့ ကစားရတာဖြစ်ပါတယ်။ ဂျပန်အသင်းကိုတော့ ယှဉ်ကစားနိုင်ဖို့ မလွယ်ပါဘူး။ ကာဇက် စတန်နဲ့ပွဲမှာ ရလဒ်ကောင်းရင် အဆင့်ကောင်းကောင်း ရပ်တည်ခွင့်ရဖို့ မျှော်လင့်ချက်ရှိနိုင်ပါတယ်။ ကျွန်တော်တို့ အကောင်းဆုံးကြိုးစားမှာပါ"ဟု နည်းပြချုပ် ဦးကျော်စွာဝင်းကပြောသည်။

အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းတွင် နည်းပြချုပ်အဖြစ် ဦးကျော်စွာဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးစိုင်းညီလေး၊ ဦးဖြိုးဝေအောင်၊ ကစားသမားများအဖြစ် အောင်သူ၊ ဒိုမေနီကို၊ သွင်ထူးဇင်၊ ခွဲခြားမောင်၊ မျိုးမင်းဦး၊ နေလင်းအောင်၊ အောင်ဖြိုး၊ ဇော်ထက်အောင်၊ စံညွန့်မောင်၊ ဇော်ဝင်းလှိုင်၊ ရထိုက်ဝေ၊ ဇော်လွင်ထွန်းတို့ ပါဝင်ကြသည်။

**"ပြည်တွင်းပြိုင်ပွဲ ယှဉ်ပြိုင်ရခြင်းမရှိသောကြောင့် ပွဲအတွေ့အကြုံနည်းပါးနေသည့် မြန်မာဘော်လီဘောကစားသမားအများစုသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် အရေးကြီးသည့် အဆုံးအဖြတ်ကာလတွင် အမှားများပြီး ရှုံးနိမ့်ခဲ့ရသည့်သာဓက များနေပြီဖြစ်"**



မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# ကော့သောင်းမြို့တွင် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ကော့သောင်း ဩဂုတ် ၄**

ကော့သောင်းမြို့နယ် Township Sport Development Programme(TSDP) အစီအစဉ်အရ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကော့သောင်းတပ်နယ် ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းမျိုးအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲပထမနေ့ပွဲစဉ်အဖြစ် အောင်ဘာကျေးရွာ အထက(ခွဲ) ဘောလုံးအသင်းနှင့် မလိဝမ်းကျေးရွာ အထက(ခွဲ)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲအား ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၏ အခြေခံပညာကျောင်းများမှ ဘောလုံးအသင်းကိုးသင်း အုပ်စုခွဲကာ ဩဂုတ် ၁၆ ရက်အထိ ပတ်လည်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၈၀/၉၀၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၅/၉၅၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၃၁ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၅၈ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၄၅ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၂ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၀ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၃ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၉ · ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၈၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ · ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၀ · ၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၉၄၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှုအစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm













## စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ပန်းတနော် ဩဂုတ် ၄**

ကျေးလက်နေပြည်သူများ လယ်ယာစီးပွားကြောင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျုံတုံးကြီးကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် တောင်သူများဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ပြီး ငါးနှင့် စပါးစိုက်ပျိုးမွေးမြူနိုင်ရေးအတွက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဇော်မင်းဦးနှင့် ဝန်ထမ်းများ၊ ဌာနအသီးသီးမှတာဝန်ရှိသူများက စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြသည်။

ထို့နောက် တောင်သူများ၏ စပါးစိုက်ဧက ၂၀၀ အတွင်းသို့ ငါးခုံးမ ကောင်ရေ ၅၀၀၀၀ နှင့် ရွှေဝါငါးကြင်း ကောင်ရေ ၅၀၀၀၀တို့ကို စုပေါင်းစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## မသန်စွမ်းကလေးများအတွက် ပညာရေးအသိပညာပေး

**ရသေ့တောင် ဩဂုတ် ၄**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ ဘုရင်မင်းထီးခန်းမ၌ မသန်စွမ်းကလေး များအတွက် ပညာရေးအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ကကျင်းပရာ ဆွေးနွေးပွဲသို့ မြို့နယ် ဒုတိယပညာရေးမှူး ဦးအောင်ဘစိုးနှင့် ကျောင်းအုပ်ကြီးများ တက်ရောက် ကြသည်။

ဆွေးနွေးပွဲ၌ မသန်စွမ်းကလေးများ စိတ်အားမငယ်စေရေး၊ ပတ်ဝန်းကျင်မှ ခွဲခြားဆက်ဆံမှု မရှိစေရေး၊ မသန်သော်လည်း စွမ်းနိုင်သည့်အတွက် ပုံမှန်ကလေးများကဲ့သို့ဆက်ဆံရန်၊ ကျောင်းတက်နိုင်စေရေးအတွက် အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မာန်အောင်မြို့နယ်၌ မှိုစိုက်ပျိုးနည်းသင်တန်းပေး

**မာန်အောင် ဩဂုတ် ၄**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်ရှိ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူ ဖြစ်စေရန်အတွက် မှိုစိုက်ပျိုးနည်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂ ရက်က စမုံတဲအုပ်စု ဟင်းစနဲကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမောင်မောင်လွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ အဆိုပါသင်တန်းသို့ ကျေးရွာသူ ကျေးရွာသား ၇၀ ကျော် တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ စာတွေ့ လက်တွေ့နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်း နည်းပညာပေး

**ကံမ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးသန့်မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့ထုတ်စိုက်ခင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းကို မြို့မတောင်သူပညာပေး ရှေ့တန်းစခန်း၌ ကျင်းပရာ မိုးမြင့်စံ မျိုးစေ့ထုတ်သမဝါယမအသင်းမှ အသင်းသားတောင်သူများ၊ ကံမမြို့နယ်မှ မျိုးစေ့ထုတ်အကျိုးဆောင် တောင်သူများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်းနိုင်နှင့် ဝန်ထမ်းများက ဆွေးနွေးပို့ချပြီး သင်တန်းသားများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**



## ရေနစ်မြုပ်ခဲ့သည့် ရေတွင်းများ၌ ကလိုရင်းဆေးခတ်ပေး

**ဘီးလင်း ဩဂုတ် ၄**

ဘီးလင်းမြို့နယ်တွင် ဇူလိုင် ၂၆ ရက်မှစ၍ မြစ်ရေလျှံမှုဖြစ်ပွားကာ ရပ်ကွက်ကျေးရွာအချို့ရှိ ရေတွင်း၊ ရေကန်များအတွင်း ရေဆိုးရေညစ်များဝင်ရောက်ခဲ့၍ သောက်သုံးရေများ အခက်အခဲဖြစ်ပေါ်လာသဖြင့် ဩဂုတ် ၁ ရက်မှစတင်ကာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ရပ်ကွက်များတွင် အဖွဲ့လိုက် ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးများ လိုက်လံခတ်ပေးခဲ့ကြောင်း သိရသည်

ယနေ့ထိ ဘီးလင်းမြို့ပေါ် ၅ ရပ်ကွက်ရှိ ရေတွင်းပေါင်း ၄၀၀ ကျော်ကို ကလိုရင်းဆေးများ လိုက်လံခတ်ပေးပြီး ကျန်ရှိနေသော ရပ်ကွက်နှင့်ကျေးရွာများရှိ ရေတွင်း၊ ရေကန်များကိုလည်း ကလိုရင်းဆေးများ ဆက်လက်ခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရတနာပုံတက္ကသိုလ်၌ အမေရိကန်နိုင်ငံ ပညာသင်ဆုလျှောက်ထားခြင်းနှင့် ပညာတော်သင်အခွင့်အလမ်းများဆိုင်ရာ ရှင်းလင်း

မန္တလေး ဩဂုတ် ၄

**အမေရိကန်နိုင်ငံ Information Session For U.S Government Sponsored Youth Exchange Programs ပညာသင်ဆုနှင့် Young Southeast Asian Leaders Initiative Program ပညာသင် ဆုများနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ဩဂုတ် ၂ ရက်က ရတနာပုံတက္ကသိုလ် ရှိ အမရပူရခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယ ပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာစီစီခင်၊ ဒေါက်တာတင့်မိုးသူဇာ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး) များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံရေးရာဌာနများမှ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အမေရိကန်သံရုံးမှ ပြည်သူ့ရေးရာအရာရှိ John R. Groch, Ph.D နှင့် ဒေါ်ကြည်ခိုင်သဲသဲ (YSEALI Coordinator) တို့က ပညာတော်သင် အခွင့်အလမ်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

“ဒီကနေ့ ပြုလုပ်တဲ့ပွဲက ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ပညာတော်သင် အခွင့်အလမ်းတွေနဲ့ ပတ်သက်ပြီး ပညာတော်သင် လျှောက်ထားဖို့အတွက် လိုအပ်တဲ့ အချက်အလက်တွေ၊ လျှောက်ထားနိုင်တဲ့ ဘာသာရပ်ကဏ္ဍတွေ၊ လျှောက်ထားပုံ လျှောက်ထားနည်းတွေကို လေ့လာခွင့်ရရှိမှာ ဖြစ်တဲ့အတွက် များစွာအကျိုးရှိပါတယ်။ သင်ကြားမှု အစီအစဉ်တွေကို ဘာကြောင့် လျှောက်ထားသင့်သလဲ၊ ဘယ်လို လျှောက်ထားရမယ်၊ လိုအပ်ချက်တွေက ဘာတွေဖြစ်မလဲ၊ ဘယ်လိုရွေးချယ်မလဲ၊ လျှောက်လွှာပုံစံတွေ ဘယ်လိုတင်ရမလဲ ဆိုတာတွေကို အဓိက ရှင်းပြသွားမှာပါ။

ဒီလို သင်ကြားမှုအစီအစဉ်တွေကို လျှောက်တဲ့အတွက် ပထမဦးဆုံး မိမိတစ်ဦးတစ်ယောက်အတွက် အကျိုးရှိမှာဖြစ်သလို ကိုယ့်ရဲ့အတွေ့အကြုံတွေ အကုန်လုံးတိုးတက်လာမယ်။ ဗဟုသုတတွေ၊ ဖန်တီးနိုင်မှုစွမ်းရည်တွေ တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ အဲဒီကနေ ရရှိလာတဲ့ ပညာရပ်တွေနဲ့ မိမိရဲ့ကျောင်းမှာ၊ တက္ကသိုလ်မှာပြန်ပြီးတော့ ဘာတွေကို ပြန်လည်အသုံးပြုနိုင်မလဲ။ အားလုံးကတော့ အကျိုးရှိတဲ့ကိစ္စတွေပါ။ လူငယ်ပညာသင်ဆုတွေ ရှိသလို၊ လူကြီးတွေ အတွက်လည်း ပညာသင်ဆုတွေ အသီးသီးရှိပြီး ကိုယ့်ရဲ့ အခွင့်အလမ်းတွေအတွက် ငွေကြေးကုန်ကျမှုမရှိဘဲ အမေရိကန်တက္ကသိုလ်တွေကို ကမ္ဘာတစ်ဝန်းက ကျောင်းသားကျောင်းသူတွေ တက်ရောက်နိုင်အောင် တံခါးဖွင့်ပေးထားတာ ဖြစ်ပါတယ်။ အခုအချိန်ထိ အခြေခံအဆင့်၊ တက္ကသိုလ်အဆင့်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်တွေမှာ မြန်မာပညာတော်သင်တွေအတွက် ထောက်ပံ့ပေးလျက်ရှိပါတယ်” ဟု ဒေါ်ကြည်ခိုင်သဲသဲက ပြောသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ကမ္ဘာလုံးဆိုင်ရာ ဘွဲ့ကြိုနှီးနှောဖလှယ်ရေး အစီအစဉ်၊ အရှေ့တောင်အာရှလူငယ်ခေါင်းဆောင်ပညာသင်ဆု အစီအစဉ်၊ Jefferson Center (Rgn)-(Mdy) တို့တွင် ကျင်းပဆောင်ရွက်နေသည့် ပညာရေးစနစ်များ၊ သင်တန်းများ၊ ပြိုင်ပွဲများ၊ သွားရောက်သင်ကြားလိုသည့် ကျောင်းများရွေးချယ်ခြင်း စသည်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ပညာတော်သင်ကိစ္စရပ်ဆိုင်ရာ သိရှိလိုသည်များကို မေးမြန်းကြရာ Fulbright Scholarship Program အဖွဲ့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မိုင်းယောင်းမြို့နယ်၌ သွားနှင့်ခံတွင်းဆိုင်ရာ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**မိုင်းယောင်း ဩဂုတ် ၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ နယ်လှည့်သွားဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ ခမရ (၃၁၁) တပ်ရင်းခန်းမ၌ သွားနှင့်ခံတွင်းဆိုင်ရာ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနယ်လှည့်သွားဆေးကုသရေးအဖွဲ့ကို မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ ပါမောက္ခ ဒေါက်တာပိုင်စိုးဦးစီးပြီး မိုင်းယောင်းတပ်နယ်မှ စစ်သည်မိသားစုများ၊ ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ ဒေသခံပြည်သူ သွားနှင့်ခံတွင်းဆိုင်ရာ ဝေဒနာရှင်များအား သွားနုတ်ပေးခြင်း၊ သွားပိုးစားပြီး သွားပေါက်များအား လေဆာဖြင့် သွားဖာပေးခြင်း၊ သွားလုံးဝမရှိသူများအား အံကပ်သွားများ တပ်ဆင်ပေးခြင်းနှင့် သွားနှင့်ခံတွင်းဆိုင်ရာရောဂါများကို အခမဲ့ကုသပေးကြောင်း သိရသည်။

အဆိုပါ နယ်လှည့်သွားဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်း၊ ပြည်သူ့ဆေးရုံမှ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာ စိုင်းဆိုင်ဟိန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မိုင်းယောင်းတပ်နယ်မှ ဆေးသူနာပြုများ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့တို့က လိုအပ်သည်များ ပူးပေါင်းပါဝင်ကူညီကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**



## ဒီပဲယင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေများပေးအပ်

**ဒီပဲယင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ် (ဧပြီလ မှ စက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် မဲအိုးကျေးရွာ၊ ညောင်ကြီးကုန်းကျေးရွာနှင့် သာစည်ကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲကို ဩဂုတ် ၂ ရက်က အဆိုပါ ဦးစီးဌာန၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နှင်းခိုင်စိုး၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် မဲအိုးကျေးရွာ၊ ညောင်ကြီးကုန်းကျေးရွာနှင့် သာစည်ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကော်မတီဝင်များထံသို့ ရန်ပုံငွေကျပ်သိန်း ၁၀၀ စီ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရန်ပုံငွေဖြင့် မဲအိုးကျေးရွာတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း၊ ညောင်ကြီးကုန်းကျေးရွာတွင် ၁၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း၊ သာစည်ကျေးရွာတွင် ကျေးရွာတွင်း မီးကြိုးလိုင်းများ သွယ်တန်းခြင်းနှင့် မီးတိုင်များ စိုက်ထူခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သီပေါမြို့၌ မီးဘေးလုံခြုံရေး အသိပညာပေး

**သီပေါ ဩဂုတ် ၄-** ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ အခြေပြုမီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို မြို့ပေါ်ရပ်ကွက်များ၊ အခြေခံပညာကျောင်းများ နှင့် စက်သုံးဆီရောင်းဝယ်ရေးဆိုင်များသို့ ဩဂုတ် ၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့်အဖွဲ့ဝင်များ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်ပန်ဆောက် မိန်းကျေးရွာရှိ ကျော်ဇံ စက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်မီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မီးသတ်ဆေးဘူး၊ ရေစိုအဝတ်တို့ဖြင့် မီးငြိမ်းသတ်နည်း စနစ်များကို သရုပ်ပြခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် မီးဘေးအန္တရာယ်ကျရောက်လျှင် ဆောင်ရွက်ရမည့်အကြောင်းများနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ကျောက်တံခါးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ရေသန့်ဘူးများထောက်ပံ့လှူဒါန်း

**ကျောက်တံခါး သြဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်ဘူးများကို ကျောက်တံခါးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့က မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်ချိတ်ဆက်၍ ယမန်နေ့က လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ်တွင် စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာအုပ်စုလေးစုရှိ ကျေးရွာပေါင်း ၁၄ ရွာမှ အိမ်ထောင်စုပေါင်း ၇၇၃ စု လူဦးရေ လေးထောင်နီးပါး ရေဘေးကြုံတွေ့နေရကာ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် တစ်ကတ်လျှင် ရေသန့်ဘူးခြောက်ဘူးပါ ကတ်ပေါင်း ၅၀၄၀ ကို ကျောက်တံခါးမြို့နယ်ကြက်ခြေနီတပ်ဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံကြက်ခြေနီအသင်းနဲ့ ချိတ်ဆက်ပြီး လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်၊ အလားတူ ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာမှာ ရေသန့်ဘူး ကတ် ၂၀၀ နဲ့ ဖြူးမြို့နယ် ကွေ့တန်းရှည်ရွာမှာ ရေသန့်ဘူး ကတ် ၄၁၀ တို့ကိုလည်း ရေဘေးသင့်ပြည်သူများအတွက် တာဝန်ရှိသူတွေထံ ပေးအပ်လှူဒါန်းခဲ့ပါတယ်၊ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအဖွဲ့နဲ့လည်း ကျွန်တော်တို့အဖွဲ့တွေ ချိတ်ဆက်ပြီး လာရောက်ထောက်ပံ့ ကူညီလှူဒါန်းဖို့ အစီအစဉ်တွေလည်း ရှိပါသေးတယ်"ဟု ကျောက်တံခါးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးသန့်ဇင်က ပြောကြားသည်။

**ခင်ကို(ကျောက်တံခါး)**



## တတိယအကြိမ် မြန်မာ့စွန့်ဦးတီထွင်ပွဲတော် ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် သြဂုတ် ၄**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ဦးစီး၍ တတိယအကြိမ်မြောက်ကျင်းပသည့် မြန်မာ့စွန့်ဦးတီထွင်ပွဲတော်ကြီးကို ရန်ကုန်မြို့တပ်မတော်ခန်းမတွင် သြဂုတ် ၃ ရက်မှ စတင်ကျင်းပလျက်ရှိသည်။

မြန်မာ့စွန့်ဦးတီထွင်ပွဲတော်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများသာမက အစိုးရအဖွဲ့အစည်းများ၊ မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ ရှမ်းပြည်နယ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ မွန်ပြည်နယ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း စသော အနယ်နယ်အရပ်ရပ်မှ အသင်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကနဦးလုပ်ငန်းရှင်များ၏ ပြခန်းပေါင်း ၁၀၀ ကျော်တို့ ပါဝင်ပြသလျက်ရှိသည်။

တတိယအကြိမ်ကျင်းပသော မြန်မာ့စွန့်ဦးတီထွင်ပွဲတော်တွင် ဆန်းသစ်တီထွင်ပြုပြင်ပြောင်းလဲခြင်းနှင့်သက်ဆိုင်သော အကြောင်းအရာများကို ဦးစားပေးပြသလျက်ရှိသည်။ စွန့်ဦးတီထွင်သူများအတွက် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရန်၊ ငွေကြေးအရင်းအနှီးများ ချိတ်ဆက်ပေးနိုင်ရန်နှင့် ကွန်ရက်တစ်ခုဖန်တီးပေးနိုင်မည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရန်၊ လုပ်ငန်းစတင်တည်ထောင်သည့် လူငယ်များအား မြေတောင်မြှောက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်နှင့် မြန်မာလူ့ဘောင်ဝန်းကျင်တွင် လိုအပ်နေသည့် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းများ၊ နည်းပညာအခြေခံသည့် စီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ စတင်ပေါ်ပေါက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း စီးပွားရေးလုပ်ငန်းစုကြီးများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများမှ လုပ်ငန်းရှင်များ၏ ဆွေးနွေးပွဲများ၊ ဟောပြောပို့ချမှုများလည်း ပါဝင်မည်ဖြစ်ပြီး ကနဦး စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော နည်းပညာအထောက်အကူနှင့် ငွေကြေးအရင်းအနှီးများ ရရှိနိုင်ရန် ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံ ချိတ်ဆက်ပွဲများ၊ စွန့်ဦးလုပ်ငန်းများအတွက် လမ်းပြဆွေးနွေး ပညာပေး အစီအစဉ်များနှင့် အချိန်တိုသင်တန်းများကိုပါ တစ်နေရာတည်းတွင်လေ့လာနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ပွဲတော်အတွင်း ထူးခြားမှုအနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံမှ ထုတ်လုပ်သည့် နောက်ဆုံးပေါ် LED နည်းပညာကို အသုံးပြုထားသော သုံးဖက်မြင် ရုပ်လုံးကြွပုံရိပ်ထုတ်စက်ကို Our Future ကုမ္ပဏီက ပြသထားသည်။ "စွန့်ဦးတီထွင်ပွဲလည်းဖြစ်တယ်၊ သူတို့ခေါင်းစဉ်ကလည်း လုံးဝဆန်းသစ်မှုကို ပြောထားတဲ့အတွက်ကြောင့် ဒီပွဲမှာ နောက်ဆုံးပေါ်နည်းပညာတစ်ခုဖြစ်တဲ့ LED နည်းပညာကို သုံးထားတဲ့ သုံးဖက်မြင် ရုပ်လုံးကြွပုံရိပ်တွေ ထုတ်လုပ်ပေးတဲ့စက်လေးကို လာပြပေးတာပါ၊ ဒီစက်လေးက သုံးဖက်မြင် ရုပ်လုံးကြွပုံရိပ်တွေ ထုတ်လုပ်ပေးတာပါ"ဟု အဆိုပါ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ကိုသက်ခိုင်မြင့်က ပြောသည်။

အာဆီယံ-တရုတ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းကြီး တည်ထောင်ရေးတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ရန်နှင့် ပြည်ပနိုင်ငံများရှိ လူငယ်စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်လျက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလက စတင်ဖွဲ့စည်းခဲ့ကြောင်းသိရသည်။ မြန်မာ့စွန့်ဦးတီထွင်ပွဲတော်ကိုမူ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဇွန်လတွင်ရန်ကုန်မြို့၌ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ယခုနှစ် ဖေဖော်ဝါရီလတွင် မန္တလေးမြို့၌ ဒုတိယအကြိမ်အဖြစ်လည်းကောင်း ကျင်းပခဲ့ပြီးနောက် ယခုတတိယအကြိမ်ကို ရန်ကုန်မြို့၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ဖျာပုံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆွေးနွေး

**ဖျာပုံ သြဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာအခြေပြုအဖွဲ့များမှ ကျေးရွာလူထု၏ အခြေခံလိုအပ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အက်ရှင်အေ့ဒ်မြန်မာ(ဖျာပုံ)၏ စီစဉ်မှုဖြင့် ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

"ရည်ရွယ်တာက နိုင်ငံတော်ရဲ့ စီမံကိန်းလုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာ ရပ်ရွာလူထုရဲ့အကြံပြုချက်တွေကို သက်ဆိုင်ရာတာဝန်ရှိသူများ သိရှိဖို့၊ နောက် ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းများကို ပြည်သူလူထု စိတ်ဝင်တစား သိရှိနားလည်လာဖို့ ရည်ရွယ်ပါတယ်"ဟု အက်ရှင်အေ့ဒ်မြန်မာ(ဖျာပုံ)မှ ကိုသက်နောင်စိုးက ပြောသည်။ အဆိုပါဆွေးနွေးပွဲတွင် ဖျာပုံမြို့နယ်အတွင်းရှိ ဇင်းဘောင်၊ အောက္ကဘာ၊ လက်ပန်၊ ဒေးဒလူ၊ မြို့ကုန်း ၊ ဒေါ်ညိမ်းစသော ကျေးရွာများမှပြည်သူများ၏ ကိုယ်စားလှယ်များက ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဓိက ထိစပ်လုပ်ကိုင်နေရသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံကိန်း၊ ကျန်းမာရေး၊ ပညာရေး၊ ဆည်မြောင်း၊ စိုက်ပျိုးရေးစသည့် ဌာနအသီးသီးမှ တာဝန်ရှိသူများက ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းခဲ့သည်။

**သူဇာနွယ်(ဖျာပုံ)**

## မဟာဗန္ဓုလ လူကူးခုံးကျော်တံတားတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် သြဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်လမ်း(မဟာဗန္ဓုလ)နှင့် အထက(၂) စမ်းချောင်းရှေ့လူကူးခုံးကျော်တံတားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၏ ဦးဆောင်ကြီးကြပ်မှုဖြင့် လူကူးခုံးကျော်တံတားတည်ဆောက်မှုတင်ဒါ အောင်မြင်ခဲ့သော မြသက်တင်ဆောက်လုပ်ရေးကုမ္ပဏီက ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ တည်ဆောက်ခဲ့ရာ လက်ရှိအချိန်တွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။




"တံတားဆိုင်ရာ အချက်အလက်တွေကတော့ တံတားအရှည် ၉၆ ပေ၊ လူသွားလမ်းအကျယ် ၁၀ ပေ၊ ယာဉ်သွားလမ်း ကင်းလွတ်အမြင့် ပေ ၂၀၊ ပိုင်ရိုက်ခြင်း၊ သံကူကွန်ကရစ်အုတ်မြစ်၊ သံကူကွန်ကရစ်တိုင်၊ သံမဏိရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်လှေကား၊ စက်လှေကားစတီးအမိုးတိုင်၊ အတက်ဘက်မှာ စက်လှေကား တစ်စင်းစီနဲ့ စုစုပေါင်း နှစ်စင်းတို့ ပါဝင်တည်ဆောက်ထားပါတယ်။ ရာခိုင်နှုန်း ၉၀ ပြီးစီးနေပါပြီ၊ သြဂုတ်လထဲမှာ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်"ဟု အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ကြီးကြပ်မှုတာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးသန်းအောင်က ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၏ ကြီးကြပ်မှုအရ တည်ဆောက်နေသော အဆိုပါ လူကူးခုံးကျော်တံတား တည်ဆောက်ပြီးစီးပါက ယာဉ်ဖြတ်သန်းသွားလာမှုများသည့် ထိုနေရာတွင် ခရီးသွားပြည်သူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ လမ်းကူးသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

## ဝမ်းတွင်းမြို့နယ်မှ ရေမြုပ်ပျက်စီးသည့်စိုက်ခင်းများအတွက် မိုးစပါးမျိုးစေ့များထောက်ပံ့ပေးအပ်

**ဝမ်းတွင်း သြဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း မိုးရွာသွန်းမှုများကြောင့် မိုးစပါးစိုက်ခင်းများ အပါအဝင် သီးနှံများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ ထိခိုက်ပျက်စီးခဲ့သည့် စိုက်ခင်းများနေရာတွင် မိုးစပါးများ ပြန်လည်စိုက်ပျိုးရန်အတွက် တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် မျိုးစေ့များကို ယမန်နေ့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မျိုးစေ့များထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က တိုင်းဒေသကြီးအစီအစဉ်ဖြင့် မိုးစပါး တစ်ကေလျှင် မျိုးစေ့တစ်တင်းနှုန်း ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင် စိုက်ပျိုးရေးဦးစီးမှူးဦးစိုးသိန်းက ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သည့် စိုက်ကေများနှင့် မျိုးစေ့ထောက်ပံ့ခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု ၁၃ စုမှ ပျက်စီးခဲ့သော စိုက်ခင်းများဖြစ်သည့် မိုးနှမ်း၊ နွေနှမ်း၊ မိုးငရုတ်၊ နွေပဲတီစိမ်းနှင့် ချည်မျှင်ရှည်ဝါ စိုက်ခင်းပေါင်း ၉၆၇ ကေတွင် မိုးစပါးစိုက်ပျိုးရန်အတွက် တစ်ကေလျှင် စပါးမျိုးစေ့ တစ်တင်းစီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစိုးမင်းထက်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ကြီးမြို့မှ ရေကြီးနစ်မြုပ်ခဲ့သည့်စာသင်ကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောက်ကြီး သြဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်းမှ ရေကြီးနစ်မြုပ်ခဲ့သည့် စာသင်ကျောင်းများတွင် ယခုအခါ ရေပြန်ကျသွားပြီဖြစ်ရာ ကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးထွန်းထွန်းဦးနှင့် ဗိုလ်မှူးချမ်းသာဝင်းတို့ ဦးဆောင်သည့် တပ်မတော်သားများ၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းစိုးဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမိုးဝင်းထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးမင်းမြတ်ဘုန်း ဦးဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဦးရန်နိုင်ဦး ဦးဆောင်သည့် ကျောက်ကြီးတံခွန် အရပ်ဘက်လူမှုကူညီရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၀၀ ခန့် ပါဝင်သော ပူးပေါင်းအဖွဲ့က ကျောက်ကြီးမြို့ပေါ်ရှိ ရေကြီးနစ်မြုပ်ခဲ့သည် စာသင်ကျောင်းများတွင် သန့်ရှင်းရေးလုပ်ငန်းများကို လူမှုအကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် ကျောက်ကြီးမြို့နယ်အတွင်းမှ ရေကြီးနစ်မြုပ်ခဲ့သည့် ကျောင်းများဖြစ်သော ပဲခူးရပ်ကွက်မှ အထက(ခွဲ)စာသင်ကျောင်းနှင့် အောင်သုခ(လောင်းဘုတ်)ရပ်ကွက် မူလတန်းလွန်ကျောင်းတို့တွင် ကျောင်းဆောင်များအတွင်း ရေဆေးခြင်း၊ ကျောင်းဝန်းကျင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကျောင်းအတွင်းလမ်းများ ကောင်းမွန်အောင် ပြန်လည်ပြုပြင်ပေးခြင်းများ ပြုလုပ်ပေးခဲ့ပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းအုပ်ကြီးများကလည်း လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**



# မိုးတွင်းကာလတွင် စားသောက်ကုန်များပြတ်လပ်မည်ကို နန်းယွန်းမြို့ဒေသခံများ စိုးရိမ်နေ

**တနိုင်း ဩဂုတ် ၄**
ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လ ပထမပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရှင်ဗွေယန်မြို့နှင့် နန်းယွန်းမြို့ကြား ဆက်သွယ်သွားလာရေးတွင် အားထားနေရသော လမ်းများပေါ်၌ မြေပြို၍ လမ်းများပိတ်ဆို့ခြင်းများ ဖြစ်ပေါ်လျက်ရှိကာ တာဝန်ရှိသူများက ပြုပြင်ပေးနေသော်လည်း လမ်းပိတ်ဆို့ချိန် ကြာလာပါက မိုးရာသီကာလတွင် စားသောက်ကုန်များ ပြတ်လပ်သွားမည်ကို နန်းယွန်းမြို့မှ ဒေသခံများ စိုးရိမ်နေကြကြောင်း သိရသည်။

"နန်းယွန်းမြို့က ဒေသခံတွေဟာ ရှင်ဗွေယန်နဲ့ တနိုင်းမြို့ဘက်သို့ အသွားအလာများကြတယ်၊ လဟယ်ဘက်ကိုအသွားအလာနည်းတယ်။ ရှင်ဗွေယန်နဲ့နန်းယွန်းလမ်းပိုင်းမှာ လမ်းအနည်းငယ်ပျက်နေတယ်၊ ပျက်နေတဲ့လမ်းက ရှင်ဗွေယန်ဘက်လမ်းပိုင်းဖြစ်ပါတယ်၊ ကားလုံးဝသွားမရဘူး၊ ဆိုင်ကယ်ပဲ သွားရတယ်၊ လမ်းပြင်နေကြပါတယ်၊ လမ်းပြင်တာ နှစ်ပတ်သုံးပတ် ကြာနိုင်မယ်ဆိုတော့ လမ်းပြင်တဲ့ကာလမှာ နန်းယွန်းမှာ စားသုံးကုန်များ ပြတ်လပ်မှုများ ဖြစ်လာနိုင်ပါတယ်"ဟု နန်းယွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးဝင်းက ယမန်နေ့က ပြောသည်။

ရှင်ဗွေယန်မြို့နှင့် နန်းယွန်းမြို့ကြားတွင် မြေပြို၍ လမ်းပိတ်ခြင်းကြောင့် ခရီးသွားပြည်သူများအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရပြီး ပြည်သူများ သွားလာမှုမပျက်စေရေးအတွက် ပျက်စီးလျက်ရှိသောလမ်းပိုင်းတွင် ရှင်ဗွေယန်မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းကျော်နှင့် လမ်းဦးစီးအဖွဲ့များက စက်ယန္တရားဖြင့် ပြုပြင်ပေးလျက်ရှိသည်။

ထိုသို့ ပြုပြင်ပေးနေသော်လည်း မြို့နယ်အတွင်း မိုးထပ်မံရွာသွန်းလာပါက ပြုပြင်ထားသောလမ်းများ ထပ်မံပျက်စီးကာ မော်တော်ယာဉ်များသွားလာမှုများ ပြတ်တောက် ရပ်တန့်သွားခဲ့လျှင် မိုးတွင်းကာလအတွင်း စားကုန်သောက်ကုန်များ ပြတ်လပ်ခြင်း၊ ရှားပါးခြင်းနှင့် ကုန်ဈေးနှုန်းကြီးခြင်းများ ဖြစ်ပေါ်မည်ကိုလည်း နန်းယွန်းမြို့မှ ဒေသခံပြည်သူများက စိုးရိမ်လျက်ရှိနေကြသည်။

**ဆိမီးခုံ-နန်းရီ**

# လှိုင်းဘွဲ့၌ သောက်သုံးရေသန့်ရှင်းရေး ကလိုရင်းဆေးများခတ်ပေး

**လှိုင်းဘွဲ့ ဩဂုတ် ၄**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ဇူလိုင်လအတွင်း မိုးများသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျချောင်းရေများ ကျဆင်းလာခြင်းနှင့် လှိုင်းဘွဲ့ချောင်းရေလျှံခြင်းကြောင့် ရပ်ကွက်နှင့် ကျေးရွာများတွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ လူနေအိမ်များရှိ ရေတွင်းရေကန်များအတွင်းသို့လည်း ရေဆိုးရေညစ်များဝင်ရောက်ခဲ့သည်။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်နေသောကြောင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီဝင်များ ပူးပေါင်းအဖွဲ့က ဒေသခံပြည်သူများ၏ နေအိမ်များရှိ ရေတွင်းရေကန်များတွင် သန့်ရှင်းသောသောက်သုံးရေများ ရရှိစေရန်အတွက် ကလိုရင်းဆေးများကို လိုက်၍ ခတ်ပေးခဲ့ခြင်းဖြစ်သည်။

ရေတွင်းရေကန်များ၌ ကလိုရင်းဆေးများခတ်ပေးခြင်းကို မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကမော့ကချုံးကျေးရွာ၊ ဒိုင်းပြကျေးရွာ၊ ကော့လှိုင်းကျေးရွာ၊ ထန်တောကျေးရွာ၊ ကော့ဖျာကျေးရွာတို့တွင် ဆောင်ရွက်ပေးခဲ့ပြီး အခြားလိုအပ်သောကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# ပြင်ဦးလွင်မှ ဒေသခံများအား တိုင်းရင်းဆေးဆရာများအသင်းက အခမဲ့ကွင်းဆင်းကုသ

**ပြင်ဦးလွင် ဩဂုတ် ၄**
မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှူးရုံးနှင့် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ (မန္တလေး)တို့မှ ဆရာ၊ ဆရာမများ ပူးပေါင်း၍ ဇူလိုင် ၃ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ပြင်ဦးလွင်မြို့နယ် သုံးထောင်ရွာဓမ္မာရုံသို့



ကွင်းဆင်းကာ ဒေသခံပြည်သူများအား အခမဲ့ ကွင်းဆင်း ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသရာတွင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှူး ဦးစန်းလွင်၊ မန္တလေးတိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးသံချောင်း၊ တိုင်းရင်းဆေးမှူး ဦးစောယုသန်းနှင့် ဆရာ၊ ဆရာမများက ဒေသခံပြည်သူများအား အထွေထွေရောဂါ၊ အရိုးအဆစ်နှင့် လေငန်းရောဂါ၊ အနာပေါက်ရောဂါ၊ မီးယပ်ရောဂါ၊ ကလေးရောဂါ စသည့်ရောဂါတို့ကို ကုသပေးခဲ့ခြင်းဖြစ်ကာ သုံးထောင်၊ ကျင်ကနိုင်၊ ပြင်စား၊ မြေပုံ၊ ဈေးကုန်း၊ အောင်ချမ်းသာ၊ ကျောက်ဖျာဒိုးကျေးရွာတို့မှ ပြည်သူများနှင့် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ စုစုပေါင်း ၂၅၀ ကျော် လာရောက်၍ ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

တိုင်းရင်းဆေးကုသရေးအဖွဲ့အနေဖြင့် လာရောက်ကုသသည့် လူနာများအား အခမဲ့ ဆေးကုသပေးခဲ့သည့်အပြင် အကြောတက်ဖြေဆေး၊ အစာကြေလေနိုင်ဆေး၊ ဆီဝမ်းသွေးလေညီညွတ်ဆေး၊ အခိုးပွင့်ဆေး၊ အကိုက်အခဲပျောက်ဆေးများနှင့် လိမ်းဆေးအမျိုးမျိုးတို့ကိုလည်း မေတ္တာလက်ဆောင်အဖြစ် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# မလှိုင်မြို့နယ်တွင် လယ်ယာမြေ ၃၂၈ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်

**မလှိုင် ဩဂုတ် ၄**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း တောင်သူ ၂၇၃ ဦး၏ လယ်ယာမြေ ၃၂၈ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ပွဲကို မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ ဩဂုတ် ၁ ရက်က ကျင်းပခဲ့သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကား ပြောကြားပြီး ကံကြီးကျေးရွာအုပ်စုမှ တောင်သူများထံသို့ လည်းကောင်း၊ မိတ္ထီလာခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က လယ်ကြီးအုပ်စုမှ တောင်သူများထံသို့ လည်းကောင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို ပေးအပ်ခဲ့သည်။ လယ်ကြီးကျေးရွာအုပ်စုရှိ ကွင်းပေါင်း ငါးကွင်းမှ တောင်သူ ၃၃ ဦး၏ မြေ ၅၁ ဧကနှင့် ကံကြီးကျေးရွာအုပ်စုရှိ ကွင်းပေါင်း ခြောက်ကွင်းမှ တောင်သူ ၂၄၀ ၏ မြေဧရိယာ ၂၇၇ ဧက စုစုပေါင်း ကွင်း ၁၁ ကွင်းရှိ မြေဧရိယာ ၃၂၈ ဧက အတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) များ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရှိသူ တောင်သူများအနေဖြင့် မိမိစိုက်ပျိုးလုပ်ကိုင်သည့် လယ်ယာမြေ၏ ကွင်းအမှတ်၊ ဦးပိုင်အမှတ်၊ မြေမျိုး၊ ဧရိယာများကို သိရှိရမည့်အပြင် လယ်ယာမြေ လက်ရှိထားပိုင်ခွင့် ၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်မှထွက်ပေါ်လာသော အကျိုးအမြတ်ခံစားခွင့် တို့ကို ရရှိမည့်အပြင် လုပ်ပိုင်ခွင့်ကို သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်များလည်း ရရှိမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ရိခေါဒါရ်၌ တောင်စောင်းလယ်ယာမြေပြိုကျပြီး လယ်တစ်ကွက်လုံး ပျက်စီးမှုဖြစ်

**ရိခေါဒါရ် ဩဂုတ် ၄**
ချင်းပြည်နယ်တွင် ပြီးခဲ့သည့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရိခေါဒါရ်မြို့ရှိ တောင်သူတစ်ဦး၏ တောင်စောင်းလယ်ယာမြေ မြေပြိုမှုဖြစ်ပွားပြီး လယ်ယာမြေကွက်တစ်ခုလုံးတွင် မြေများအက်ကွဲကာ ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင် ၁၆ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရိခေါဒါရ်မြို့ အရှေ့ဘက် နှစ်မိုင်ခန့်တွင်ရှိသည့် တောင်သူ ဦးဟရန်းဇဲလ်၏ တောင်စောင်းလယ်ယာမြေ ၂ ဒသမ ၅ ဧကတွင် မြေသားများ တစ်စတစ်စ အက်ကွဲလာပြီး ဇူလိုင် ၂၇ ရက်တွင် လယ်ကွက်တစ်ခုလုံး အက်ကွဲပြိုကျ ပျက်စီးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါလယ်ကွက် အက်ကွဲပြိုကျပျက်စီးမှုနှင့်ပတ်သက်၍ ရိခေါဒါရ်မြို့ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချန့်လျန်နာက "ပြီးခဲ့တဲ့ ဇူလိုင်လမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၁၆ ရက်ကစပြီး လယ်ယာမြေ တစ်စတစ်စ အက်ကွဲပြိုကျတာဖြစ်ပြီး ဇူလိုင် ၂၇ ရက်မှာတော့ လယ်ကွက်တစ်ခုလုံး တစ်ကွက်မှုမကျန် ပျက်စီးသွားတာဖြစ်တယ်၊ တစ်ခါတည်းနဲ့ အက်ကွဲပြိုကျ ပျက်စီးသွားတာတော့ မဟုတ်ပါဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဌာနတွေနဲ့ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်၊ သက်ဆိုင်ရာသို့လည်း ဆက်လက်တင်ပြ ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

အဆိုပါ လယ်ယာမြေပျက်စီးသည့်နေရာသို့ ရိခေါဒါရ်မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ အလျား ပေ ၆၀၀ ခန့်နှင့် အနံ ၃ ဖာလုံခန့် မြေအက်ကွဲပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ လယ်ကွက်တစ်ခုလုံး အက်ကွဲပြိုကျ ပျက်စီးသွားကြောင်း၊ အဆိုပါ မြေပြိုကျသည့်နေရာသည် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းပါက နောင်ကာလများတွင်လည်း ဆက်လက်ပြိုကျနိုင်သည့် အန္တရာယ်ရှိနိုင်ကြောင်း၊ ဆက်လက်ပြိုကျပါက မြေပြိုကျသည့်နေရာအောက်ရှိ အခြားလယ်ယာမြေကွက်များကိုလည်း ထိခိုက်ပျက်စီးနိုင်သည့် အခြေအနေရှိကြောင်း တွေ့ရှိခဲ့သည်ဟု သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# မိတ္ထီလာမှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**မိတ္ထီလာ ဩဂုတ် ၄**
မိတ္ထီလာမြို့နယ် ဝန်ဇင်းရပ်ကွက်အတွင်းရှိ လေဘေးသင့် အိမ်ထောင်စု ၅၄ စုမှ လေဘေးသင့်ပြည်သူ ၂၅၃ ဦးအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ယမန်နေ့က အဆိုပါရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်ခဲ့သည်။

ဩဂုတ် ၁ ရက် ည ၆ နာရီခွဲခန့်တွင် မိုးသက်လေပြင်းကျရောက်မှုကြောင့် အနိမ့်ပိုင်းနေရာဖြစ်သည့် ဝန်ဇင်းရပ်ကွက် အတွင်းရှိ နေအိမ် နှစ်လုံး သစ်ပင်ပိ၍ ပြိုကျခဲ့ပြီး ၅၂ လုံးမှာ နေအိမ်အမိုးများလန်၍ ပျက်စီးခဲ့သည့်အတွက် လေဘေးသင့် အိမ်ထောင်စုများကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများနှင့် ပစ္စည်းများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ်ပြိုသွားသည့် အိမ်နှစ်လုံးကိုလည်း ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ၊ စေတနာရှင်များ စုပေါင်း၍ အမြန်ဆုံးဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသည့် အမျိုးသမီးကိုလည်း ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအုန်းဌေးက ပြောကြားသည်။

ထို့နောက် လေဘေးသင့်အိမ်ထောင်စု ၅၄ စုအတွက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်သော ထောက်ပံ့ငွေ ကျပ် ၂၈၃၄၅၅၀ ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်းက ပြည်သူများထံ ပေးအပ်ခဲ့ပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်ချိုသက်ပိုင်ဝင်းကလည်း အိမ်ပြိုသွားသည့် အိမ်ထောင်စု နှစ်စုအတွက် လူသုံးပစ္စည်း ၁၅ မျိုးပါ ပုံးတစ်ပုံးစီနှင့် ကျန်အိမ်ထောင်စု ၅၂ စုအတွက် လူသုံးပစ္စည်း ၁၀ မျိုးပါ ပုံးတစ်ပုံးစီတို့ကို ပေးအပ်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အရစ်ကျစနစ်ဖြင့် ဝယ်ယူသည့် စပါးရိတ်သိမ်းခြွေလှေ့စက်များ လွှဲပြောင်းပေးအပ်

**လယ်ဝေး ဩဂုတ် ၄**
ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့အမှတ်(၄၇)စက်မှုလယ်ယာစခန်းတွင် အရစ်ကျစနစ်ဖြင့်ရောင်းချသော ကူဘိုတာအမျိုးအစား (DC 70 G Plus) စပါးရိတ်သိမ်းခြွေလှေ့စက်များကို ဝယ်ယူထားသူ တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါရုံးတွင် ဩဂုတ် ၃ ရက်က ကျင်းပခဲ့သည်။

စက်များလွှဲပြောင်းပေးအပ်ပွဲတွင် နေပြည်တော်တိုင်း စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ဝေနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဇော်ဦးတို့က ရိတ်သိမ်းခြွေလှေ့စက်များကို ကြည့်ရှုစစ်ဆေး၍ စက်ဝယ်ယူသည့် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ တောင်သူသုံးဦးထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါရိတ်သိမ်းခြွေလှေ့စက်များမှာ တစ်စီးလျှင် ကျပ် ၄၃၃ သိန်းနီးပါး တန်ဖိုးရှိပြီး ပထမအရစ်အဖြစ် ကျပ် ၁၄၄ သိန်းကျော် ပေးသွင်းကာ ကျန်ငွေများကို နှစ်နှစ်အတွင်း သုံးရစ်ခွဲ၍ ငွေအကျေ ဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် စိုက်ပျိုးရေးတွင် ကျွဲ၊ နွား အခက်အခဲနှင့် လုပ်သားအခက်အခဲများ မရှိဘဲ အချိန်တိုအတွင်း လုပ်ငန်းများ ပြီးစီးရေးအတွက် စွမ်းအားမြင့် လယ်ထွန်စက်၊ ခြွေလှေ့စက်နှင့် ရိတ်သိမ်း ခြွေလှေ့စက်ကြီးများကို ဝယ်ယူအသုံးပြုမှုများပြားလာပြီး တောင်သူများအနေဖြင့် ဝယ်ယူလိုပါက လယ်ယာသုံးစက်ကိရိယာများကို လက်ငင်းငွေပေးချေစနစ် သို့မဟုတ် အရစ်ကျစနစ်တို့ဖြင့် မြို့နယ်စက်မှုလယ်ယာစခန်းများ၌ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**မောင်မွှေး**

# ယခုနှစ်မိုးရာသီ၌ မော်တင်စွန်းကမ်းခြေကို ပင်လယ်ရေတိုက်စားမှု ယခင်နှစ်ကထက်မြင့်တက်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုအတွင်းရှိ မော်တင်စွန်းပင်လယ်ကမ်းခြေတွင် ယခုနှစ်မိုးရာသီ၌ပင်လယ်ရေတိုက်စားမှုမြင့်တက်ခဲ့ပြီး ယခင်နှစ်များထက် ကျောက်တန်းများ ပေါ်ထွန်းလာမှု ပိုများလာခြင်းကြောင့် ကမ်းခြေမှသွားလာကြသည့် ကားနှင့် ဆိုင်ကယ်များ နတ်တောင်အနီး ကမ်းခြေ၌ မောင်းနှင်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ကျောက်တန်းများပေါ်ထွန်းလာခြင်းမှာ နှစ်စဉ် မိုးရာသီတွင် ဖြစ်ပေါ်လေ့ရှိပြီး မိုးနှောင်းကာလတွင် ရာသီလေနှင့် ရေစီးကြောင်းများကြောင့် ကျောက်တန်းများပေါ်သို့ သဲများပြန်လည်ဖုံးအုပ်သွားကာ သဲသောင်ပြင်အဖြစ် ဆက်လက်တည်ရှိနေသည်မှာ ဒေသ၏ သဘာဝတစ်ခုဖြစ်သည်။ ယခင်နှစ်များကလည်း မိုးရာသီတွင် ကျောက်တန်းများ ပေါ်ထွန်းလာသော်လည်း အဆိုပါကျောက်တန်းများကြားတွင် သဲသောင်ခုံများ ကျန်ရှိနေသည့်အတွက် ယာဉ်များ မောင်းနှင်ရန် အဆင်ပြေနေသေးသော်လည်း ယခုနှစ်တွင် ပင်လယ်ရေတိုက်စားမှု မြင့်တက်လာကာ သဲသောင်ခုံများ ကျန်ရှိခြင်းမရှိတော့သည့်အတွက် ကားနှင့်ဆိုင်ကယ်များ မောင်းနှင်သွားလာရေး ခက်ခဲနေခြင်းဖြစ်ကြောင်း သိရသည်။

**ပင်လယ်အတွင်းသဲတူးခြင်းကြောင့်**

မော်တင်စွန်းကမ်းခြေသို့ ပင်လယ်ရေလှိုင်းရိုက်ခတ်မှုနှင့် ပင်လယ်ရေတိုက်စားမှုများမှာ ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လများအတွင်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး ကမ်းခြေတစ်လျှောက် ကမ်းဘေးမြေသားနံရံများကိုပင် လှိုင်းရိုက်ခြင်းများရှိလာကြောင်း ဒေသခံများထံမှသိရှိရသည်။



မော်တင်စွန်း(နတ်တောင်)ကမ်းခြေအနီး ပေါ်ထွန်းလာသောကျောက်တန်း။

ပင်လယ်ကမ်းခြေဒေသများတွင် ကမ်းခြေတစ်ခု၌ ပင်လယ်ရေတိုက်စားခံရပါက အခြားကမ်းခြေတစ်ခုတွင် သဲသောင်ခုံများ ဖြစ်ထွန်းလေ့ရှိပြီး ယင်းကိုဒေသခံများအားလုံးက သဘာဝဖြစ်စဉ်တစ်ခုအဖြစ် မှတ်ယူထားသည်။ သို့ရာတွင် ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ပြင်တွင် ကုမ္ပဏီတစ်ခုက သဲတူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် နောက်ပိုင်းတွင် ပင်လယ်ကမ်းခြေဒေသများ၌ ပင်လယ်ရေတိုက်စားမှုနှင့် ပင်လယ်ရေလှိုင်းရိုက်ခတ်မှုများ မြင့်တက်လာသော်လည်း သဲသောင်ခုံများဖြစ်ထွန်းမှု နည်းပါးလာရာ ထိုသို့ ပင်လယ်အတွင်း သဲတူးယူခြင်းကြောင့် ယခုကဲ့သို့ ဖြစ်လာခြင်းဖြစ်သည်ဟု ဒေသခံများက ယုံကြည်နေကြသည်။



မော်တင်စွန်း(နတ်တောင်)ပင်လယ်ကမ်းခြေအနီး ကမ်းဘေးမြေသားနံရံများကို ပင်လယ်ရေလှိုင်းရိုက်ခတ်တိုက်စားထားပြီးနောက် တွေ့ရစဉ်။

**မှတ်သုံလေအားကောင်း**

"ဒီနှစ် မိုးရာသီက လေဖိအားနည်းရပ်ဝန်းကလည်း ပင်လယ်မှာ မကြာခဏဖြစ်နေပြီး မှတ်သုံလေကလည်း အားကောင်းနေတာကြောင့် ပင်လယ်မှာ လှိုင်းလေကြမ်းတဲ့အပြင် ကမ်းခြေတွေမှာလည်း လှိုင်းရိုက်တာတွေ၊ လေတိုက်တာတွေက ယခင်နှစ်ထက်စာရင် ပြင်းတယ်လို့ပြောရမှာပေါ့၊ အခုရက်တွေဆို ကျွန်တော်တို့ ကမ်းနီးငါးဖမ်းစက်လှေတွေ ရာသီပြင်းလို့ နားနေကြရတာ"ဟု ကံချိုင်ကျေးရွာမှ ဒေသခံရေလုပ်သားတစ်ဦးက ပြောသည်။

**သတိပြုရမည့်ကမ်းခြေများ**

နှစ်စဉ် မိုးရာသီသို့ရောက်ရှိလာသည်နှင့် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ၌ ပင်လယ်ရေလှိုင်းရိုက်ခတ်မှုနှင့် ပင်လယ်ရေတိုက်စားမှု အဖြစ်အများဆုံး နေရာများမှာ အမှတ်(၂)ရပ်ကွက် ကပ္ပလီကမ်းခြေ၊ အမှတ်(၃)ရပ်ကွက် ပင်လယ်ကမ်းခြေ၊ ချောင်းဝကျေးရွာအုပ်စု ချောင်းဝကျေးရွာ ပင်လယ်ကမ်းခြေ၊ ကံချိုင်ကျေးရွာအုပ်စု ဘန့်ဘွေးကျေးရွာကမ်းခြေနှင့် ယခု မော်တင်စွန်းကမ်းခြေများဖြစ်ရာ သတိပြုရန် လိုအပ်သည့်နေရာများဖြစ်ကြောင်း သိရသည်။

မော်တင်စွန်းဒေသမှ ဒေသခံများအနေဖြင့်မူ ပင်လယ်ကမ်းခြေ၏ နှစ်စဉ်နှင့်အမျှ ပြောင်းလဲလာမှုများကို သတိပြု စောင့်ကြည့်လျက်ရှိပြီး ယခုနှစ်တွင် ပင်လယ်ရေတိုက်စားမှုများ၏ ကျောက်တန်းများ ပေါ်နေသော်လည်း နောက်ပိုင်းတွင်မူ မော်တင်စွန်းကမ်းခြေအနီး နတ်တောင်ခြေရှိ ကျောက်တန်းများပေါ်သို့ ယခင်နှစ်များအတိုင်း သဲများပြန်လည်ဖုံးအုပ်လာလိမ့်မည်ဟု ဒေသခံများက ယုံကြည်မျှော်လင့်ထားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

---

# လူမှုကွန်ရက်တွင် ပျံ့နှံ့နေသော ဆန်အတုကိစ္စနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေး



**ကြို့ပင်ကောက် ဩဂုတ် ၄**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ဆန်အတုတွေ့ရှိကြောင်း ဖေ့စ်ဘုတ် လူမှုကွန်ရက်တွင်ပျံ့နှံ့နေသော သတင်းများနှင့် ပတ်သက်၍ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ ဦးဆောင်၍ ဩဂုတ် ၁ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆန်အတုတွေ့ရှိသည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် သတင်းပျံ့နှံ့နေသော ကြို့ပင်ကောက်မြို့ အရှေ့လမ်းမတော်လမ်းရှိ ဆန်ဆိုင်နှင့် ဆန်ဝယ်ယူသူတို့ထံသို့ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းဦး၊ မြို့နယ်တာဝန်ခံ ဦးမြင့်ဦးနှင့် ဝန်ထမ်းများက သွားရောက်စစ်ဆေးခဲ့ရာ ဆန်ဝယ်ယူသူမှာ ဆန်ဆိုင်မှ ဆန်အိတ်အပိုင်းကို ဝယ်ယူခဲ့ပြီး ဆန်အိတ်ကုန်ခါနီးမှ ဆန်ထဲတွင် ကော်စေ့အနည်းငယ် ရောနှောနေသည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

တာဝန်ရှိသူများက ဆန်ထည့်အသုံးပြုသည့် ဆန်အိတ်အပိုင်းကို ဆက်လက်စစ်ဆေးရာတွင် (XUI XIANG)ဟု တရုတ်စာတန်းတံဆိပ်နှင့် (PVC compounds for wire and Cable) စာတန်းပါ အိတ်အတွင်း ထည့်ထားသည်ကို တွေ့ရကာ ဖြစ်စဉ်မှာ ဆန်အတုမဟုတ်ဘဲ ကော်စေ့ထည့်သောအိတ်အဟောင်းများတွင် ဆန်ထည့်ရောင်းချခြင်းဖြစ်ကြောင်းနှင့် ရောင်းချသော အလုပ်သမားများက အိတ်အဟောင်းကို သေချာစွာ သန့်ရှင်းရေးဆောင်ရွက်မှုမရှိသဖြင့် ဆန်နှင့်အတူ ကော်စေ့အကြွင်းအကျန်များ ရောနှောပါသွားခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထိုသို့ စစ်ဆေးတွေ့ရှိရသောကြောင့် ဆန်စက်နှင့် ဆန်ဆိုင်ပိုင်ရှင်အား စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ပီနန် အိတ်အသစ်များတွင် ကိုယ်ပိုင်အမှတ်တံဆိပ်ရိုက်နှိပ်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေး ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ကြောင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးဆောင်သောအဖွဲ့များအနေဖြင့် မြို့နယ်အတွင်းရှိ အခြားဆန်စက် များနှင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်းများကိုလည်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

---

# ရေပြန်ကျ၍ ညောင်လေးပင်မြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၄၃ ခုကို ပိတ်သိမ်း

**ညောင်လေးပင် ဩဂုတ် ၄**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၄၃ ခု ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေပြန်ကျနေပြီဖြစ်၍ ယမန်နေ့ ညနေ ၄ နာရီတွင် ရေဘေးကယ်ဆယ်ရေးစခန်းအားလုံးကို ပိတ်သိမ်းလိုက်ကြောင်း သိရသည်။

မဒေါက်မြို့၌ စစ်တောင်းမြစ်ရေသည် ယမန်နေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းတာချက်အရ ၁၂၀၃ စင်တီမီတာအထိ ကျဆင်းနေပြီး မြို့၏စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနေသေးသော်လည်း ဒေသအခြေအနေအရ နေအိမ်များတွင် ပြည်သူများ ပြန်လည်နေထိုင်၍ရသည့်အတွက် ရေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးစခန်းများမှ တာဝန်ရှိသူများ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပိတ်သိမ်းလိုက်ခြင်းဖြစ်ကြောင်း မြို့အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုးက ပြောသည်။

အဆိုပါရေကြီးမှုသည် မဒေါက်မြို့၌ နှစ် ၅၀ အတွင်း အမြင့်ဆုံး စံချိန်တင်ရေကြီးမှုဖြစ်ခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃ ရက်အထိ ဖွင့်လှစ်ပေးခဲ့ရကာ စုစုပေါင်း ကယ်ဆယ်ရေးစခန်း ၄၃ ခု၌ အိမ်ထောင်စု ၃၅၇၉ စုမှ ရေဘေးသင့်ပြည်သူ ၁၆၉၁၉ ဦးအတွက် နေရေး၊ စားရေး၊ ကျန်းမာရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

ထောက်ပံ့လှူဒါန်းမှုအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ရေဘေးသင့်ပြည်သူ ၁၆၉၁၉ ဦးအတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုး ၂၀၀၀ ကျပ်ဖြင့် စုစုပေါင်း ၃၅၅ သိန်းကျော်၊ ပဲခူးတိုင်းဒေသကြီးအစိုးရက ရေဘေးသင့်ပြည်သူ ၁၀၆၇၃ ဦးအတွက် တစ်ဦးလျှင် ဆန်ခြောက်ဘူးနှင့် ခေါက်ဆွဲခြောက် သုံးထုပ်စီ၊ အိမ်ထောင်စု ၂၀၃၂ စုအတွက် ဆီ ၅၀ကျပ်သားစီတို့ကို လှူဒါန်းခဲ့သည့်အပြင် မြန်မာနိုင်ငံဒေသအသီးသီးမှ အလှူရှင်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများကလည်း ဆန်၊ ရေသန့်၊ ထမင်းထုပ်၊ စားသောက်စရာများ၊ အဝတ်အထည်နှင့် ဆေးဝါးများ စုစုပေါင်း တန်ဖိုး ကျပ်သိန်း ၁၅၀၀ ခန့်ကို ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။



ဇူလိုင် ၂၉ ရက်က မဒေါက်မြို့မြစ်ရေကြီးမှု အခြေအနေ။

"အခုလို ရေကြီးမှုကာလအတွင်း ရေဘေးဒုက္ခသည်တွေအတွက် ငွေ၊ ပစ္စည်းမျိုးစုံ၊ စားသောက်စရာမျိုးစုံ လှူဒါန်းပေးကြတဲ့အနယ်နယ်အရပ်ရပ်က အလှူရှင်များအားလုံးနဲ့ ရေဘေးကယ်ဆယ်ရေး ဝိုင်းဝန်းကူညီပြီးဆောင်ရွက်ပေးသူများအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ညောင်လေးပင်မြို့မိမြို့ဖ ဦးမျိုးကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

---

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေး အသိပညာပေး

**မော်လမြိုင် ဩဂုတ် ၄**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂ ရက်က မော်လမြိုင်မြို့မရမ်းကုန်းရပ်ကွက် အထက (၆)၌ ကျင်းပရာ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး မြင့်ဌေးက သက်ငယ်မုဒိမ်းမှုပပျောက်ရေး မြို့မရဲတပ်ဖွဲ့စခန်း စခန်းမှူး ဒုတိယရဲမှူး မင်းအောင်က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပြီး တက်ရောက်လာသည့် ကျောင်းအုပ်ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများကို မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

**ကျော်သန်း(မော်လမြိုင်)**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်လိုက်မှုနည်းပါး ပပျောက်သွားစေရေးအတွက် မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် နေအိမ်သို့ သွယ်တန်းထားသောကြိုးများကို နယ်မြေတာဝန်ခံများနှင့်အတူ ပူးပေါင်း၍ ဩဂုတ် ၃ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဆောင်သောအဖွဲ့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့စဉ်။ ရွှေစင်အိ(နေပြည်တော်)

# ပဲတို့၏မာယာ သို့မဟုတ် ပဲ (မှုရာ)များသော ပဲလောက အပိုင်း(၃)


မောင်တိုးအောင်

ယခင်အပတ်များက မတ်ပဲနဲ့ ပဲစင်းငုံအကြောင်းကိုတင်ပြခဲ့ပြီးဖြစ်လို့ ဒီတစ်ပတ်တော့ ပဲတီစိမ်းအကြောင်းကို ဆက်လက်တင်ပြလိုပါတယ်။ ပဲတီစိမ်း (Green Gram, Golden Gram, Mung Bean) အိန္ဒိယနိုင်ငံအခေါ် Moong၊ Pesalu ဖြစ်ပါတယ်။ အပြင်အခွံရဲ့အရောင်က အစိမ်းရောင်ဖြစ်ပြီး အချို့အမျိုးအစားက အဝါရောင်အနည်းငယ်သန်းပါတယ်။ ပဲတီစိမ်းရဲ့ မူရင်းဒေသကတော့ အာရှတိုက် အရှေ့တောင်ပိုင်းဖြစ်တယ်လို့ မှတ်သားခဲ့ဖူးပါတယ်။ ယခုအချိန်မှာတော့ အာဖရိက တိုက်မှာလည်း ပဲတီစိမ်းကို စိုက်ပျိုးနေကြတယ်လို့ သိရပါတယ်။

## ဒုတိယအများဆုံး စိုက်ပျိုးတဲ့ပဲ

ပဲတီစိမ်းဟာ မြန်မာနိုင်ငံ ပြည်တွင်းမှာ ပဲကြာဆန်၊ ပဲပင်ပေါက်ပြုလုပ်စားသုံးကြပြီး ပဲတီစိမ်းအခွံချွတ် ခွဲခြမ်းကိုတော့ ပဲဝါလေးအနေနဲ့ ပဲဟင်းအဖြစ် စားသုံးကြပါတယ်။ ပဲတီစိမ်းဟာ မြန်မာနိုင်ငံမှာ ဒုတိယအများဆုံးစိုက်ပျိုးတဲ့ ပဲသီးနှံဖြစ်ပြီး မျိုးကွဲလည်း များစွာရှိပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် ပဲတီစိမ်းကို မတ်ပဲ စိုက်ပျိုးသကဲ့သို့ စပါးရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး မြန်မာနိုင်ငံအလယ်ပိုင်း အချို့ဒေသတွေမှာတော့ ရေသွင်းစိုက်ပျိုးကြသကဲ့သို့ မိုးသီးနှံအဖြစ်လည်း စိုက်ပျိုးကြတာရှိပါတယ်။ ပဲတီစိမ်းဟာ ဈေးကွက်တစ်ခုတည်းကို မှီခိုတဲ့ ကုန်ပစ္စည်းမျိုး မဟုတ်ဘဲ ကျယ်ပြန့်တဲ့ ဈေးကွက်ရှိပါတယ်။ ယခုအခြေအနေမှာ မတ်ပဲထက် ဈေးကောင်းရတဲ့အပြင် မတ်ပဲစိုက်ပျိုးမှုနဲ့ ရေ၊ မြေ၊ ရာသီဥတုစိုက်နည်းစနစ်ဆင်တူလို့ မတ်ပဲအစားထိုး စိုက်ပျိုးမယ်ဆိုရင် စိုက်ပျိုးနိုင်တဲ့ ပဲတစ်မျိုးဖြစ်ပါတယ်။ စိုက်ပျိုးမှု အများဆုံး ပဲတီစိမ်းမျိုးတွေကတော့ ခရမ်းရွှေဝါ၊ ရိုးရိုးပဲတီစိမ်း၊ အညာရွှေဝါ၊ မိုးပဲတီစိမ်းနဲ့ အလုံးသေးပြီး ဈေးကွက်ရှိတဲ့ ဝါးခယ်မစပဲတီစိမ်းဆိုတာတွေရှိပါတယ်။ စိုက်ပျိုးတဲ့ ပဲတီစိမ်းအမျိုးအစားတွေပေါ်မူတည်ပြီး ဈေးကွက်မှာ ဈေးနှုန်းလည်း များစွာကွာခြားပါတယ်။ ပဲတီစိမ်းမှာ ဈေးအကောင်းဆုံးကတော့ ခရမ်းရွှေဝါဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ပဲတီစိမ်းအများဆုံးတင်သွင်းတဲ့ နိုင်ငံတွေကတော့ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ယူအေအီးနဲ့ တရုတ်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ပဲတီစိမ်းစိုက်ပျိုးမှုများသလို တင်ပို့မှုအများဆုံး နိုင်ငံဖြစ်တာကိုလည်း တွေ့ရပါတယ်။ ပဲတီစိမ်းတင်ပို့မှုအများဆုံး နိုင်ငံတွေကတော့ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ ဖြစ်တာကိုတွေ့ရပါတယ်။ ပဲတီစိမ်းတင်ပို့တင်သွင်းတဲ့ နိုင်ငံတွေကို လေ့လာကြည့်ရင် အချို့နိုင်ငံတွေဟာ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တင်ပို့သလို အခြားနိုင်ငံများမှ တင်သွင်းပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့နေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။




## ပြည်ပနိုင်ငံများသို့တင်ပို့

မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်မှုကိုကြည့်ရင် ၂၀၁၆- ၂၀၁၇ သက်ဆိုင်ရာဌာနရဲ့ စာရင်းများအရ မိုးနဲ့ဆောင်းပဲတီစိမ်း စုစုပေါင်းစိုက်ဧက သုံးသန်းကျော်ရှိပြီး ထွက်ရှိမှုအနေနဲ့ တင်းပေါင်း ၄၈ သန်းကျော်ဖြစ်လို့ အထွက်တန်ချိန် ၁ ဒသမ ၅၉ သန်းခန့် ထွက်ရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိတဲ့ ပဲတီစိမ်းကို ပြည်တွင်းမှာ စားသုံးမှုအနည်းငယ်ရှိသလို အများစုကိုတော့ ပြည်ပနိုင်ငံများသို့ တင်ပို့ပါတယ်။ မြန်မာနိုင်ငံမှ ပဲတီစိမ်းကို ပဲပင်ပေါက်ဖောက်ပြီး စားသုံးရန်အတွက် EU နိုင်ငံများက စနစ်တကျ တင်သွင်းလျက်ရှိပါတယ်။ (အပိုင်း-၁ တွင် ဖော်ပြပြီး) မြန်မာနိုင်ငံမှ နိုင်ငံအလိုက် ပဲတီစိမ်းတင်ပို့မှုကိုကြည့်ရင် ၂၀၁၇-၂၀၁၈ စာရင်းများအရ တရုတ်နိုင်ငံသို့ ၆၀ ရာခိုင်နှုန်းခန့် တင်ပို့ပြီး ပဲပင်ပေါက်အဖြစ် စားသုံးခြင်း၊ မုန့်မျိုးစုံပြုလုပ်စားသုံးခြင်းနဲ့ အခြားအစားအစာ ပုံစံမျိုးမျိုးဖြင့် စားသုံးကြကြောင်း လေ့လာသိရှိရပါတယ်။ ဒါ့အပြင် အင်ဒိုနီးရှားနိုင်ငံသို့ ၁၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသို့ ၆ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသို့ ၅ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၃ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသို့ ၃ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံသို့ ၃ ရာခိုင်နှုန်း ၊ မလေးရှားနိုင်ငံသို့ ၂ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံသို့ ၂ ရာခိုင်နှုန်းနဲ့အီးယူအပါအဝင် အခြားနိုင်ငံများသို့ ဈေးကွက်ကျယ်ပြန့်စွာ တင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။ တင်ပို့မှုကိန်းဂဏန်းများအရ တစ်ချိန်က မြန်မာပဲတီစိမ်းကို ဗီယက်နမ်နိုင်ငံကဝယ်ယူပြီး နယ်စပ်ကတစ်ဆင့် တရုတ်နိုင်ငံထဲကို ပြန်လည်တင်ပို့ခဲ့တဲ့ ဖြစ်စဉ်မျိုးတွေလည်းရှိခဲ့ပါတယ်။ ပဲတီစိမ်းရဲ့ သုံးနှစ်အတွင်း တင်ပို့မှုအခြေအနေကို ကြည့်ရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပင်လယ်ရေကြောင်းက ၂၀၅၀၃၂ (၆၂) ရာခိုင်နှုန်းတန်၊ နယ်စပ်က ၁၂၅၈၀၆ (၃၈) ရာခိုင်နှုန်းတန် စုစုပေါင်း ၃၃၀၈၃၈ တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပင်လယ်ရေကြောင်းက ၁၈၃၁၀၈ (၄၅) ရာခိုင်နှုန်းတန်၊ နယ်စပ်က ၂၂၄၄၈၇ (၅၅) ရာခိုင်နှုန်းတန် စုစုပေါင်း ၄၀၇၅၉၅ တန်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပင်လယ်ရေကြောင်းက ၁၄၆၇၉၈ (၄၂) ရာခိုင်နှုန်းတန်၊ နယ်စပ်က ၂၀၃၂၅၉ (၅၈) ရာခိုင်နှုန်းတန် စုစုပေါင်း ၃၅၀၀၅၇ တန်ရှိတဲ့အတွက် တစ်နှစ်နဲ့တစ်နှစ် တင်ပို့မှုတန်ချိန် အလွန်အမင်း ကွာခြားမှုမရှိတဲ့အပြင် နယ်စပ်ဒေသမှ တင်ပို့မှုရာခိုင်နှုန်း ပိုမိုများပြားလာတာကို တွေ့ရပါတယ်။

ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံရဲ့ ပဲတီစိမ်းတင်ပို့မှုကို ပဲမျိုးစုံတင်ပို့မှုနဲ့ နှိုင်းယှဉ်ကြည့်ရင် ၂၀၁၅-၂၀၁၆ တွင် ပဲမျိုးစုံ စုစုပေါင်းတင်ပို့မှုရဲ့ ၂၆ ဒသမ ၆၂ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၈ ဒသမ ၆၁ ရာခိုင်နှုန်း ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၆ ဒသမ ၅၆ ရာခိုင်နှုန်း ရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဇွန်လအထိ တင်ပို့မှုမှာ ၃၆ ရာခိုင်နှုန်း ရှိနေတာကို တွေ့ရပါတယ်။ ဒီအခြေအနေကိုကြည့်ရင် လက်ရှိပဲမျိုးစုံ တင်ပို့မှုမှာ ပဲတီစိမ်းပါဝင်မှု ရာခိုင်နှုန်းမြင့်တက်နေတာကြောင့် ပဲတီစိမ်းတင်ပို့မှုဟာ မြန်မာနိုင်ငံရဲ့ တင်ပို့တဲ့ပဲမျိုးစုံမှာ ဦးဆောင်တဲ့ပဲမျိုး ဖြစ်လာနိုင်ကြောင်း သုံးသပ်ရရှိပါတယ်။


## ဈေးနှုန်းပြောင်းလဲမှုများ

ပဲတီစိမ်း တစ်တန်ဈေးနှုန်းပြောင်းလဲမှုများကို လေ့လာပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ မတ်လတွင် ဈေးနှုန်းအနိမ့်ဆုံး ငွေကျပ် ၁၂၀၆၄၀၀ ဖြစ်ပြီး နိုဝင်ဘာလတွင် ဈေးနှုန်း အမြင့်ဆုံးငွေကျပ် ၁၅၈၃၀၀၀ ဖြစ်သောကြောင့် ပြောင်းလဲမှုမှာ ငွေကျပ် ၃၇၆၆၀၀ ဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၃၁ ဒသမ ၂၁ ရာခိုင်နှုန်းရှိပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ စက်တင်ဘာလတွင် ဈေးနှုန်းအနိမ့်ဆုံးငွေကျပ် ၁၀၂၂၆၀၀ ဖြစ်ပြီး ဖေဖော်ဝါရီလတွင် ဈေးနှုန်းအမြင့်ဆုံးငွေကျပ် ၁၂၂၄၇၀၀ ဖြစ်သောကြောင့် ဈေးနှုန်းပြောင်းလဲမှုမှာငွေကျပ် ၂၀၂၁၀၀ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၉ ဒသမ ၇၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်မှာ ဖေဖော်ဝါရီလတွင် ဈေးနှုန်းအနိမ့်ဆုံး ငွေကျပ် ၁၀၁၉၆၀၀ ဖြစ်ပြီး နိုဝင်ဘာလတွင် ဈေးနှုန်းအမြင့်ဆုံးငွေကျပ် ၁၄၂၉၉၀၀ ဖြစ်သောကြောင့် ဈေးနှုန်းပြောင်းလဲမှုမှာ ငွေကျပ် ၄၁၀၃၀၀ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၄၀ ဒသမ ၂၄ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဘဏ္ဍာနှစ်အလိုက် ပဲတီစိမ်းတစ်တန်ပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| စဉ် | လအမည် | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ |
|---|---|---|---|---|---|---|
| ၁ | ဧပြီလ | ၇၆၅၄၀၀ | ၁၀၅၆၃၀၀ | ၁၂၆၇၆၀၀ | ၁၀၈၃၉၀၀ | ၁၁၄၂၁၀၀ |
| ၂ | မေလ | ၇၅၆၃၀၀ | ၁၂၆၇၆၀၀ | ၁၂၈၆၀၀၀ | ၁၀၄၁၀၀၀ | ၁၁၄၂၁၀၀ |
| ၃ | ဇွန်လ | ၈၇၈၇၀၀ | ၁၂၀၆၄၀၀ | ၁၂၈၆၀၀၀ | ၁၀၄၁၀၀၀ | ၁၃၅၆၄၀၀ |
| ၄ | ဇူလိုင်လ | ၈၇၈၇၀၀ | ၁၃၁၀၄၈၅ | ၁၃၅၉၅၀၀ | ၁၁၂၃၇၀၀ | ၁၃၂၅၈၀၀ |
| ၅ | ဩဂုတ်လ | ၉၃၀၈၀၀ | ၁၃၀၇၄၀၀ | ၁၄၂၆၈၀၀ | ၁၁၂၃၇၀၀ | ၁၃၇၇၈၀၀ |
| ၆ | စက်တင်ဘာလ | ၁၀၄၁၀၀၀ | ၁၂၅၅၃၀၀ | ၁၄၄၈၃၀၀ | ၁၀၂၂၆၀၀ | ၁၃၇၇၈၀၀ |
| ၇ | အောက်တိုဘာ | ၁၀၂၂၆၀၀ | ၁၀၆၂၄၀၀ | ၁၅၃၀၉၀၀ | ၁၀၄၁၀၀၀ | ၁၄၂၆၈၀၀ |
| ၈ | နိုဝင်ဘာလ | ၁၀၇၁၆၀၀ | ၁၂၅၅၃၀၀ | ၁၅၈၃၀၀၀ | ၁၁၂၃၇၀၀ | ၁၄၂၉၉၀၀ |
| ၉ | ဒီဇင်ဘာလ | ၁၀၇၁၆၀၀ | ၁၂၂၄၇၀၀ | ၁၄၈၁၉၀၀ | ၁၁၂၃၇၀၀ | ၁၃၈၃၀၀၀ |
| ၁၀ | ဇန်နဝါရီလ | ၁၁၀၂၃၀၀ | ၁၂၂၄၇၀၀ | ၁၂၈၆၀၀၀ | ၁၁၂၃၇၀၀ | ၁၂၇၀၀၀၀ |
| ၁၁ | ဖေဖော်ဝါရီလ | ၁၀၀၁၂၀၀ | ၁၁၆၃၅၀၀ | ၁၂၄၆၂၀၀ | ၁၂၂၄၇၀၀ | ၁၀၁၉၆၀၀ |
| ၁၂ | မတ် | ၁၀၀၁၂၀၀ | ၁၂၁၅၅၀၀ | ၁၂၀၆၄၀၀ | ၁၂၀၃၃၀၀ | ၁၁၂၃၇၀၀ |




## ပဲတီစိမ်းတင်သွင်းမှု

အိန္ဒိယပဲဈေးကွက်မှာ မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်သွင်းမှုက ၂၀၁၇-၂၀၁၈ မှာ တန် ၆၂၇၀ ရှိပြီး ပဲတီစိမ်းစုစုပေါင်းတင်ပို့မှုရဲ့ ၁ ဒသမ ၁၆ ရာခိုင်နှုန်းသာရှိပါတယ်။ ဒါကြောင့် အိန္ဒိယဈေးကွက်ဟာ မြန်မာပဲတီစိမ်းအတွက် သိပ်အရေးမပါဘူးလို့ ပြောလိုပါတယ်။ အိန္ဒိယနိုင်ငံဟာ ၂၀၁၈ ဇွန်လ ၁ ရက်မှ ဩဂုတ်လကုန်ထိ သုံးလအတွင်း ပြည်ပမှ ပဲတီစိမ်းတင်သွင်းမှု Quota ကို မတ်ပဲနှင့်အတူ တန်ချိန် ၁ ဒသမ ၅ သိန်းစီ သတ်မှတ်ထားသော်လည်း ပဲတီစိမ်းရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်များတဲ့အတွက် ၂၀၁၈-၂၀၁၉

MSP ENHANCED, PROMISE FULFILLED

FOR KHARIF CROPS OF 2018-19 SEASON

Rs/Quintal

| Commodity | Variety | Cost | MSP | % Return Over Cost* |
|---|---|---|---|---|
| Paddy | Common | 1166 | 1750 | 50.09 |
| | Grade A | | 1770 | - |
| Jowar | Hybrid | 1619 | 2430 | 50.09 |
| | Maldandi | | 2450 | - |
| Bajra | - | 990 | 1950 | 96.97 |
| Ragi | - | 1931 | 2897 | 50.01 |
| Maize | - | 1131 | 1700 | 50.31 |
| Arhar(Tur) | - | 3432 | 5675 | 65.36 |
| Moong | - | 4650 | 6975 | 50.00 |
| Urad | - | 3438 | 5600 | 62.89 |
| Groundnut | - | 3260 | 4890 | 50.00 |
| Sunflower Seed | - | 3596 | 5388 | 50.01 |
| Soyabean | - | 2266 | 3399 | 50.01 |
| Sesamum | - | 4166 | 6249 | 50.01 |
| Nigerseed | - | 3918 | 5877 | 50.01 |
| Cotton | Medium Staple | 3433 | 5150 | 50.01 |
| | Long Staple | - | 5450 | - |

* Includes all paid out costs such as those incurred on account of hired human labour, bullock labour/machine labour, rent paid for leased in land, expenses incurred on use of material inputs like seeds, fertilizers, manures, irrigation charges, Depreciation on implements and farm buildings, Interest on working capital, diesel/electricity for operation of pump sets etc, Miscellaneous expenses, and imputed value of family labour.

SinghRadhaMohan | RadhaMohanBJP | radhamohanbjp | radhamohansingh.in

● ပဲတီစိမ်းဟာ မြန်မာနိုင်ငံမှာ ဒုတိယအများဆုံး စိုက်ပျိုးတဲ့ ပဲသီးနှံဖြစ်ပြီး မျိုးကွဲလည်းများစွာရှိပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် ပဲတီစိမ်းကို မတ်ပဲစိုက်ပျိုးသကဲ့သို့ စပါးရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး မြန်မာနိုင်ငံအလယ်ပိုင်းအချို့ဒေသတွေမှာတော့ ရေသွင်း စိုက်ပျိုးကြသကဲ့သို့ မိုးသီးနှံအဖြစ်လည်း စိုက်ပျိုး

● ပဲတီစိမ်းဟာ ဈေးကွက်တစ်ခုတည်းကို မှီခိုတဲ့ ကုန်ပစ္စည်းမျိုး မဟုတ်ဘဲ ကျယ်ပြန့်တဲ့ ဈေးကွက်ရှိ

စိုက်ပျိုးရာသီမှာ အစိုးရ၏ အခြေခံသတ်မှတ်ဈေးနှုန်း MSP သတ်မှတ်ရာမှာ ပဲတီစိမ်းဈေးနှုန်းကိုအမြင့်ဆုံးပေးထားတာ တွေ့ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံက ပဲတီစိမ်းကို ၎င်းတို့တောင်သူတွေ ပိုမိုစိုက်ပျိုးလာအောင် ဆွဲဆောင်တဲ့ သဘောဖြစ်နိုင်တယ်လို့ ယူဆနိုင်ပါတယ်။ အိန္ဒိယက MSP ဈေးနှုန်းမြှင့်လိုက်တဲ့အတွက် မြန်မာနိုင်ငံမှာလည်း ပဲဈေးနှုန်းလတ်တလော နည်းနည်းစီ မြင့်တက်လာတာကိုတော့ တွေ့ရပါတယ်။

## သတိပြုဖို့လို

ပဲတီစိမ်းနဲ့ပတ်သက်ပြီး သုံးသပ်တင်ပြရရင်တော့ အိန္ဒိယနိုင်ငံရဲ့ ဈေးကွက်ကို လုံးဝ မှီခိုမှုမရှိတဲ့အပြင် ကမ္ဘာ့ဈေးကွက်အနှံ့ကို ကျယ်ကျယ်ပြန့်ပြန့်တင်ပို့နိုင်တဲ့ အခြေအနေရှိတဲ့အတွက် တိုးချဲ့စိုက်ပျိုးသင့်တဲ့ ပဲအမျိုးအစားလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် အာဖရိကကစိုက်တဲ့ ပဲတီစိမ်းတွေဟာ အာရှတိုက်က မြန်မာ့ဈေးကွက်ဖြစ်တဲ့ အင်ဒိုနီးရှားဈေးကွက်လိုနေရာမျိုးကို $ ၇၀၀ လောက်နဲ့ တင်ပို့နိုင်တာဖြစ်လို့ နောက်ပိုင်း အာဖရိကပဲတီစိမ်းတွေ အရည်အသွေးမြှင့်ပြီး ထုတ်လုပ်လာနိုင်ရင် ကျွန်တော်တို့ ပဲတီစိမ်းဈေးကွက်ကို ယှဉ်ပြိုင်လာနိုင်တယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။ ပဲတီစိမ်းသမားတွေရဲ့ပြောကြားချက်အရ အီးယူဈေးကွက်ကိုပို့နေတဲ့ အရည်အသွေးအကောင်းဆုံး ခရမ်းရွှေဝါ ပဲတီစိမ်းမျိုးဟာ ရင့်မှည့်ချိန်အလိုက် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဆွတ်ခူးကြရပါတယ်။ ဒါပေမယ့် အချို့သော ပဲတီစိမ်းစိုက်ဒေသတွေမှာတော့ လုပ်သားရှားပါးမှု ရှိလာတဲ့အတွက် ရိတ်သိမ်းရာမှာ ဆွတ်ခူးခြင်း မပြုတော့ဘဲ မတ်ပဲကဲ့သို့ အပင်လိုက်နုတ်ပြီး ခြွေလှေ့တာဖြစ်လို့ ရင့်မှည့်မှုမတူညီတာတွေ၊ အရောင်မညီတာတွေ ရှိလာနိုင်သောကြောင့် စရိတ်သက်သာပေမယ့် အရည်အသွေး ကျဆင်းနေတယ်ဆိုတာကိုတော့ သတိပြုဖို့လိုပါတယ်။

ခရမ်းရွှေဝါ အပါအဝင် ဆောင်းရာသီ စိုက်တဲ့ပဲတွေဟာ ကုန်ချောအဆင့်ရောက်ရင် အစိုဓာတ်က ကိုးရာခိုင်နှုန်း ပတ်ဝန်းကျင်ရှိသော်လည်း အညာမှာစိုက်တဲ့ မိုးပဲတီစိမ်းတွေဟာ မိုးတွင်းကာလ ဖြစ်လို့ ကုန်ချောမှာ အစိုဓာတ် ၁၄ ရာခိုင်နှုန်း ဝန်းကျင်ရှိနိုင်ခြင်း၊ မိုးထိ၍ အရောင်ထိခိုက်ခြင်းများကြောင့် စနစ်တကျမလှောင်တတ်ရင် အရည်အသွေးကျဆင်းပြီး ဈေးကွက်မှာ နာမည်ပျက်စရာတွေ ဖြစ်လာနိုင်ပါတယ်။ ပိုးသတ်ဆေးနဲ့ ဓာတုဓာတ်ကြွင်းတွေကြောင့် အဆင့်မြင့်ပဲဈေးကွက်ကနေ ငြင်းပယ်ခံရတဲ့ ဖြစ်စဉ်တွေကိုလည်း သတိပြုဖို့လိုအပ်ပါတယ်။ အချုပ်အားဖြင့် မတ်ပဲနဲ့ ပဲစင်းငုံစိုက်ပျိုးတဲ့နေရာတွေမှာ အစားထိုးတိုးချဲ့စိုက်ပျိုးရမယ့် သီးနှံတစ်ခုအနေနဲ့ ပဲတီစိမ်းကို ထည့်သွင်းစဉ်းစားသင့်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

MINIMUM SUPPORT PRICES
KHARIF CROPS 2018-19

| CROPS | NEW MSP | OLD MSP |
|---|---|---|
| PADDY | 1750-70 | 1550 |
| JOWAR | 2430 | 1725 |
| BAJRA | 1950 | 1425 |
| CORN | 1700 | 1425 |
| RAGI | 2897 | 1900 |
| URAD | 5600 | 5400 |
| TUR | 5675 | 5450 |
| MOONG | 6975 | 5575 |
| GN IN SHELL | 4890 | 4450 |
| SOYBEAN | 3399 | 3050 |
| SUNFLOWER | 5388 | 4100 |

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

**အခွန်တံဆိပ်ခေါင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဝယ်ယူနိုင်ကြောင်းနှင့် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားနိုင်ကြောင်း**

# အသိပေးကြေညာချက်

၁။ ပြည်သူလူထုတစ်ရပ်လုံး အခွန်တံဆိပ်ခေါင်းများကို အသုံးပြုရန်လိုအပ်ချိန်တွင် လွယ်ကူစွာ ဝယ်ယူရရှိရေးအတွက် အောက်ပါနေရာများတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ရောင်းချပေးလျက် ရှိပါသည်-

(က) နေပြည်တော် ဗဟိုအရောင်းကောင်တာ (ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်) ရုံးအမှတ် (၄၆)၊ နေပြည်တော်

(ခ) ရန်ကုန်ဗဟိုအရောင်းကောင်တာ၊ ၃၆လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

(ဂ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ

(ဃ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ (၃၅၁)ဦး။

၂။ ယခုအခါ အဖွဲ့အစည်းအလိုက် တံဆိပ်ခေါင်းဝယ်ယူလိုကြောင်း တင်ပြမှုများရှိနေခြင်းကြောင့် **တံဆိပ်ခေါင်းဝယ်ယူလိုသူ အဖွဲ့အစည်းများအား အောက်ပါအချက်အလက်များ တင်ပြစေ၍ ဝယ်ယူခွင့်ပြုမည်**ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) တံဆိပ်ခေါင်းဝယ်ယူလိုကြောင်း သက်ဆိုင်ရာအဖွဲ့အစည်း တာဝန်ခံ၏ ကိုယ်တိုင်ရေး လျှောက်လွှာ၊

[တာဝန်ခံအရာရှိ နေပြည်တော်ဗဟိုအရောင်းကောင်တာ၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်

(သို့မဟုတ်)

တာဝန်ခံအရာရှိ ရန်ကုန်ဗဟိုအရောင်းကောင်တာ၊ ၃၆ လမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူလျှောက်ထားရပါမည်။]

(ခ) တံဆိပ်ခေါင်းအသုံးပြုမည့်သူများ၏ အမည်၊ အဖအမည်၊ တံဆိပ်ခေါင်းတန်ဖိုး၊ ဝယ်ယူသည့်ကိစ္စအကြောင်းအရင်းတို့ကို ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်ခွဲခြားစာရင်းပြုစုပေးရန်၊

(ဂ) အထက်အပိုဒ် (ခ)စာရင်းပါ ပုဂ္ဂိုလ်များ၏ ကိုယ်စားဝယ်ယူခြင်းဖြစ်ပါကြောင်းနှင့် ရုံးခွန်အက်ဥပဒေပုဒ်မ ၃၄ပုဒ်မခွဲ(၃)ပါ ပြဋ္ဌာန်းချက်၊ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၆၉ ပါ ပြဋ္ဌာန်းချက်များကို သိရှိပါကြောင်း ကိုယ်တိုင်ဝန်ခံချက်၊

၃။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လက်ရှိကာလတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများကို မြို့နယ်အဆင့်အလိုက် သတ်မှတ်အရေအတွက်နှင့်အညီ လိုင်စင်ထုတ်ပေးထားခြင်းဖြစ်ပါသည်။ ယခုအခါ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား အရေအတွက်ကန့်သတ်ခြင်းမရှိဘဲ အရည်အချင်းစိစစ်၍ ခန့်ထားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံသော**လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချခွင့်လိုင်စင်ရရှိလိုသူများအနေဖြင့် မိမိ၏ အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်းရောင်းချမည့်နေရာ သို့မဟုတ် ဆိုင်၏လိပ်စာတို့ကို ဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ၃၁-၈-၂၀၁၈ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း** အသိပေးကြေညာအပ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(ဂ) ပဋ္ဌာန်အက်ဥပဒေအရ ပဋ္ဌာန်ပြုလုပ်ရန် အရည်အချင်းရှိသူဖြစ်ရမည်၊

(ဃ) အနည်းဆုံးအခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်၊

(င) အသက် (၁၈)နှစ်ပြည့်ပြီး၊ (၆၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(စ) ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၄။ မရှင်းလင်းသည့်အချက်များကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၀၅၃၃၁၊ ၀၆၇-၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား ဖုန်း-၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ် စီမံကိန်းများအတွက် လိုအပ်သော သံချောင်းလုံးများနှင့် ဘိလပ်မြေများအား D.D.P(at Site)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Tender No. 01/DHPI/Deformed Bar/2018-2019

(ခ) Tender No. 02/DHPI/Cement/2018-2019

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၃-၉-၂၀၁၈ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm ၌ ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)မှ ယူရီးယားဓာတ်မြေသြဇာ စုစုပေါင်းတန်၅၀၀၀ (တန်ငါးထောင်)ခန့်အား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊အချိန်နှင့်နေရာ** - ၃-၉-၂၀၁၈ရက်(တနင်္လာနေ့) ၁၂:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၃-၉-၂၀၁၈ရက်၊ ၁၄:၀၀နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန Website (www.moee.gov.mm)တွင် ၃-၈-၂၀၁၈ရက်မှစ၍ ဝင်ရောက် ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု ဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၆-ခုနှစ်၊ တရားမကြီးမှု အမှတ်-၆၆ နှင့်ဆက်နွှယ်သည်**
**၂၀၁၈-ခုနှစ်၊ တရားမဇာရီမှု အမှတ်-၁၃၁ ဆက်နွှယ်သည်**

| | | |
|---|---|---|
| **ဒေါ်သီတာနှင်း(ခ)ဟောင်ရင်တုံး (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်လောကျင်းလင်)** | **နှင့်** | **၁။ ဒေါ်ခင်ဇာနည်ကျော် ၂။ ဦးမြင့်ညီညီအောင် ၃။ မပိုပိုရှင်းသန့် ၄။ မောင်စစ်ရန်နိုင်** (အရွယ်မရောက်သေးသူများ) **(၎င်းတို့၏ အုပ်ထိန်းသူ မိခင်ဒေါ်ခင်ဇာနည်ကျော်)** |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

တရားရှုံး(၁)ဒေါ်ခင်ဇာနည်ကျော်၊ (၂)ဦးမြင့်ညီညီအောင်၊ (၃)မပိုပိုရှင်းသန့် (အရွယ်မရောက်သေးသူ)၊ (၄) မောင်စစ်ရန်နိုင်(အရွယ်မရောက်သေးသူ)(၎င်းတို့၏အုပ်ထိန်းသူမိခင်ဒေါ်ခင်ဇာနည်ကျော်) ဦးပိုင်အမှတ်(၃၈)၊ အကွက်(မ-၄၉)၊ ရဲမွန်တောင်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့သိစေရမည်။

၂၀၁၆-ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၆ တွင်ကျရှိသည့် ဒီကရီကိုအတည် ပြုလုပ်ရန်ဤရုံးတော်တွင် ဒေါ်သီတာနှင်း(ခ)ဟောင်ရင်တုံး (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ-ဒေါ်လောကျင်းလင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ၊ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ခုနှစ် ဩဂုတ်လ ၂၃ရက် (၁၃၈၀ပြည့်နှစ် ဝါခေါင်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၁၈ခုနှစ် ဩဂုတ် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာတင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၅)၊ ဦးပိုင်အမှတ် (၃၇/၁)၊ ဧရိယာ ၀ ဒသမ၁၃၈ဧကရှိ မြေကွက်အား ဒေါ်လစန်လုဘူ ၁/မကန(နိုင်)၀၅၂၅၂၈ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထား လာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက် အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အသစ်) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

### ဖခင်အမည်မှန်

စဉ့်ကူးမြို့၊ စဉ့်ကူး(အထက)၊ တက္ကသိုလ်ဝင်တန်း (A-2) မှ မချစ်အဥ္ဇလီ၏ ဖခင်အမည်မှန်မှာ ဦးမောင်ညွန့် ၉/စကန(နိုင်)၀၁၀၂၄၂ ဖြစ်ပါသည်။ **ဦးမောင်ညွန့်**

### ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ အထက(မာန်အောင်) ဆဋ္ဌမတန်း (B)မှ မမေဆုခင်၏ ဖခင်အမည်မှန်မှာ ဦးညီသငယ် ၁၁/မအန(နိုင်) ၀၅၇၆၅၄ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်အုပ်စု၊ ကျောက်ချက်ကျေးရွာ အထက(ခွဲ) ကျောက်ချက်မှ မဝင်းစန္ဒာနှင့် မောင်အောင်ဝေတိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်း ၉/ပမန(နိုင်) ၁၀၂၉၇၂ ဖြစ်ပါသည်။

### မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့မင်းမေး အလကကျောင်းမှ မောင်ဇော်လင်းပိုင် အဋ္ဌမတန်း၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်ဌေး ၉/ညဥန(နိုင်)၁၆၅၆၅၂ ဖြစ်ပါကြောင်း။ **ဒေါ်မြင့်ဌေး**

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့မင်းမေး အလကကျောင်းမှ မောင်မင်းစည်သူခန့် ဒုတိယတန်း၏ အမည်မှန်မှာ မောင်စည်သူအောင် ဖြစ်ပါကြောင်း။ **မောင်စည်သူအောင်**

### မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့မင်းမေး အလကကျောင်းမှ မောင်မင်းမင်းသူ၊ စတုတ္ထတန်း၏ မိဘအမည်မှန်မှာ ဦးကျော်စိုးနှင့် ဒေါ်ချယ်ရီ ဖြစ်ပါကြောင်း။ **ဦးကျော်စိုး-ဒေါ်ချယ်ရီ**

### မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့မင်းမေး အလကကျောင်းမှ မနှင်းအိခိုင် အဋ္ဌမတန်း၏ မိဘအမည်မှန်မှာ ဦးကျော်ခိုင်နှင့် ဒေါ်နိုင်မော် ဖြစ်ပါကြောင်း။ **ဦးကျော်ခိုင်-ဒေါ်နိုင်မော်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့၊ သီလဝ (၁) နေ မောင်ဒေးဗစ် ဒုတိယနှစ် (အင်္ဂလိပ်စာ)၊ မဟန်န တက္ကသိုလ်ဝင်တန်းအောင်တို့၏ ဖခင် ဦးရဲဂျီတီနှင့်ဦးရဲချီတီ ၁/ပတအ(နိုင်)၀၂၀၄၈၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးရဲဂျီတီ(ခ)ဦးရဲချီတီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် သန်းစိုး(ဘ)ဦးအောင်စိန် ၉/လဝန(နိုင်)၁၈၃၉၄၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၂၆၀၈၉၂**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်နိုင်မင်း(ဘ) ဦးတင်ဝင်း၉/တကန(နိုင်) ၁၂၅၈၀၀ ၏နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၇၆၉၁၅၈၉**

### ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း အခန်း (၁)မှ မောင်ကျော်ဇင်စိုး၏ ဖခင်အမည်မှန်မှာ ဦးဟန်ဝင်းအောင် ၈/ပဖန(နိုင်) ၀၇၀၈၀၇ ဖြစ်ပါကြောင်း။ **ဦးဟန်ဝင်းအောင်**

### ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(တွင်းကုန်း)၊ တက္ကသိုလ်ဝင်တန်းမှ မနှင်းဝတ်ရည် အလက(နတ်ကန်ဦး) တတိယတန်းမှ မခင်ဇာလီနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းတင် ၉/ကဆန(နိုင်)၀၇၈၉၃၂ ဖြစ်ပါကြောင်း။ **ဦးသိန်းတင်**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ ပေ(၈၀×၈၀)၊ မြေကွက်အမှတ် (ဒ-၃၁၁၃၄)၊ ဦးသန်းထွဋ်(ဘ)ဦးမျိုးသန့် ၁၃/တကန(နိုင်)၀၀၁၄၇၈ အမည်ပေါက်ပါမစ်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်မြင့်မြင့်စံ (ဘ)ဦးကြီးမြင့် ၁၂/ပဇတ(နိုင်)၀၂၆၈၈၈ မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်မြင့်မြင့်စံအား ထုတ်ပေးမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**ဖော်ပြပါမြေကွက်များအား မြေငှားစာချုပ် (ဂရန်)ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်**

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အမည်ပေါက် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | လိုင်းသာယာ | ၄-အေ | ၂၀၈ | ဒေါ်ညွန့်ယဉ်ဝင်း | ဦးကျော်ထွန်းအောင် | ၁၄/ညတန(နိုင်)၀၉၃၈၇၉ | |
| ၂ | လိုင်းသာယာ | ၄-အေ | ၂၀၉ | ဒေါ်ညွန့်ယဉ်ဝင်း | ဒေါ်အိမ့်အိမ့်အောင် | ၁၂/စခန(နိုင်)၀၅၅၇၈၄ | |
| ၃ | လိုင်းသာယာ | ၄-အေ | ၂၀၅ | ဒေါ်ညွန့်ယဉ်ဝင်း | ဦးကျော်ထွန်းအောင် | ၁၄/ညတန(နိုင်)၀၉၃၈၇၉ | |
| ၄ | လိုင်းသာယာ | ၄-အေ | ၂၁၀ | ဒေါ်ညွန့်ယဉ်ဝင်း | ဒေါ်အိမ့်အိမ့်အောင် | ၁၂/စခန(နိုင်)၀၅၅၇၈၄ | |

မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

**မာတိကာ**

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ဇန်နဝါရီလမှ ဇူလိုင်လ အတွင်း ယာဉ်မတော် တဆမှု ၂၅၉ ကြိမ် ဖြစ်ပွား၊ ၅၄ ဦး သေဆုံး၊ ၅၂၇ ဦး ဒဏ်ရာရ** စာ - ၁၂

**ဝိုင်းမော်၌ တရုတ်နိုင်ငံမှ မော်တော်ယာဉ် ၂၈ စီးဖြင့် တရားမဝင် သယ်ဆောင်လာသည့် ဓာတ်မြေဩဇာများ သိမ်းဆည်းရမိ** စာ - ၁၃

# Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ နောက်ဆုံးနေ့ ယနေ့ကျင်းပမည်

မန္တလေး ဩဂုတ် ၄

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ Alpine ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ဩဂုတ် ၅ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲအပါအဝင် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည့် မြန်မာ ယူ-၂၃ နှင့် ထိုင်း ယူ-၂၃ အသင်းတို့၏ တစ်ကျော့ပြန်တွေ့ဆုံမှုကိုလည်း တွေ့မြင်ရမည် ဖြစ်သည်။**

နောက်ဆုံးနေ့အဖြစ် ယနေ့ ညနေ ၃ နာရီတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု ဒုတိယနေ့အပြီးတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းက ခြောက်မှတ်၊ ဘာရိန်း ယူ-၂၃ အသင်းက လေးမှတ်၊ မြန်မာ ယူ-၂၃ အသင်းက တစ်မှတ်ရထားပြီး ထိုင်း ယူ-၂၃ အသင်းမှာမူ အမှတ်မရ သေးပေ။ တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်း ပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ် ဖြစ်နေပြီး ခြောက်မှတ်ရထားသည့် တောင်ကိုရီးယား အသင်းအနေဖြင့် သရေကစားရုံဖြင့် ချန်ပီယံဆု ရယူနိုင်မည်ဖြစ်သည်။ ဘာရိန်းအသင်းမှာမူ အနိုင်ရမှသာ ချန်ပီယံဖြစ်မည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့ပါက မြန်မာအသင်းအနေဖြင့် ဒုတိယနေရာရရန် မျှော်လင့်ခွင့်ရလာ မည်ဖြစ်သည်။

မြန်မာအသင်း ဒုတိယနေရာရရန် ဘာရိန်းအသင်းရလဒ်မှာ အရေးကြီး နေပြီး ပထမပွဲတွင် ပထမနှင့် ဒုတိယဆု အတွက် အဖြေပေါ်ခဲ့ပါက ဒုတိယပွဲဖြစ်သည့် မြန်မာနှင့် ထိုင်းပွဲမှာ ဂုဏ်သိက္ခာ အတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် ဆုရ ရေးထက် ပထမဆုံးနိုင်ပွဲရရန်နှင့် အစဉ် အလာကြီးမားခဲ့သည့် ပြိုင်ဘက်ဟောင်း များ တွေ့ဆုံရာတွင် ရလဒ်ကောင်းရယူ နိုင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းအနေဖြင့် အနိုင်ရခဲ့ပါက အာရှအားကစားပြိုင်ပွဲ အတွက်ပါ စိတ်ဓာတ်ပိုင်းဆိုင်ရာ အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အနိုင် ရခဲ့ပါက ကွင်းအတွင်း လာရောက် အားပေးနေသည့် ပရိသတ်များ၊ ရုပ်မြင် သံကြားပေါ်မှ အားပေးနေသည့် ပရိသတ် များ၏ အားပေးမှုများကိုပါ တုံ့ပြန် ပြီးသားဖြစ်သွားနိုင်ပေသည်။ မြန်မာ ယူ-၂၃ အသင်းတွင် ဒဏ်ရာပြဿနာ ရှိနေသည့် ဂိုးသမား ကျော်ဇင်ထက် နှင့် တိုက်စစ်မှူး ဒွေးကိုကိုချစ်တို့ ပါဝင် နိုင်ရန် မသေချာသော်လည်း ထိုင်း နှင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် အကောင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ဖွယ် ရှိနေသည်။

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် အွမ်တွမ်နီဟေးမှာလည်း ထိုင်းအသင်း ကို အနိုင်ရလိုကြောင်း ပြောကြား ထားရာ ယနေ့ကစားမည့် မြန်မာနှင့် ထိုင်းပွဲမှာ ချန်ပီယံဆုအတွက် မဟုတ် သော်လည်း ပြိုင်ဆိုင်မှုပြင်းထန်ဖွယ် ရှိနေသည်။ မြန်မာအသင်းနှင့် ထိုင်း အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက် ကျင်းပမည်ဖြစ်ပြီး ပထမ ဆုရအသင်းအား ချန်ပီယံဆုနှင့် ဆုကြေးဒေါ်လာ ၁၀၀၀၀၊ ဒုတိယဆု ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည် ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**



**လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ ဒုတိယပွဲစဉ်တွင် မြန်မာနှင့် ဘာရိန်းတို့ပွဲ မကစားမီ တွေ့ရစဉ်။**

# မြန်မာ ယူ-၁၆ အသင်း ကမ္ဘောဒီးယားကို ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဩဂုတ် ၄**

အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု (က) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အသင်းက ကမ္ဘောဒီးယား အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ် အနိုင်ရခဲ့သည်။

ဆီမီးဖိုင်နယ်တက်ရေး အရေးပါ သည့်ပွဲဖြစ်သောကြောင့် မြန်မာ ယူ-၁၆ အသင်းသည် အားကုန်ထုတ် ကစားခဲ့ ပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဆီမီးတက်ခွင့် မျှော်လင့်ချက် ပိုကောင်း လာပြီး အုပ်စုနောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် ဗီယက်နမ်နှင့်ပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည် ဖြစ်သည်။ ကမ္ဘောဒီးယားအသင်း၏ ရုန်းကန်မှု ကြောင့် မြန်မာအသင်းသည် ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ဦးဆောင်ဂိုးပေးလိုက်ရ ပြီးမှ ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူ နိုင်ခဲ့ခြင်းဖြစ်သည်။ ၄၃ မိနစ်တွင် ဆာမေးလ်က ကမ္ဘောဒီးယားအတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် နောက်မှ လိုက်ကစားခဲ့ရပြီး ၅၆ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းက ချေပဂိုးပြန်သွင်း ခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းခဲ့ သလို ဂိုးသွင်းခွင့်များလည်း ပိုဖန်တီး နိုင်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်း အတွက် အနိုင်ဂိုးများကို မိနစ် ၆၀ တွင် နိုင်ထွေး၊ ၆၅ မိနစ်တွင် နောင်နောင် စိုးနှင့် ၉၀+၃ မိနစ်တွင် လမင်းထွေး တို့က သွင်းယူခဲ့သည်။

အခြားပွဲတွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို ခြောက်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ဆီမီး ဖိုင်နယ်တက်ခွင့် တစ်နေရာအတွက် အပြိုင်ဖြစ်နေပြီး လေးပွဲကစား ကိုးမှတ်စီ ရထားသည်။ ဂိုးကွာခြားချက်တွင် မြန်မာအသင်းက အသာရထားသော ကြောင့် ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲတွင် သရေကျရုံဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည် ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

**ဓာတ်ပုံ -MFF**



**မြန်မာယူ-၁၆နှင့် ကမ္ဘောဒီးယား အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။**

# စစ်တောင်း၊ သံလွင်နှင့် ငဝန်မြစ်တို့၏ စိုးရိမ်ရေမှတ်အခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက် အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်ပါသည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်တက်လာ နိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ဘားအံမြို့နယ်နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင် ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

